www.burmeseclassic.com


ဖန်းဝေဝေ စာပေ

ကလေးတို့အတွက်

# ပုံပြ ငါးရာ့ငါးဆယ်နိပါတ်တော်

## စကားပြေ ဇာတ်ဝတ္ထုများ

နန္ဒာမိုးကြယ် ပြုစုသည်



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၆၀၀၄၇၆၀၉၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၆၀၀၆၀၁၁၁၁၀

**အုပ်ရေ** - ၅၀၀ အုပ်

**တန်ဖိုး** - ၃၂၀၀ ကျပ်

**ထုတ်ဝေသည့်ခုနှစ်** - ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

**အဖုံးဒီဇိုင်း** - သန့်ဇော်သစ်

**စာအုပ်ချုပ်** - ပန်းဝေဝေ

**အတွင်းဖလင်** - A-7 Group (Asia Plaza)

**ထုတ်ဝေသူ** - ဒေါ်ခင်မာချို<br>
ပန်းဝေဝေစာပေ<br>
အမှတ်(၃၆၁)၊ ဗိုလ်အောင်ကျော်လမ်း<br>
ဖုန်း- ၇၃၀၂၉၈၂၆

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြ-၀၆၀၃၆၄)<br>
အင်ကြင်းမြိုင်ပုံနှိပ်တိုက်<br>
အမှတ်-၁၄၇၊ ဆိပ်ကမ်းသာလမ်း၊<br>
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

**ဖြန့်ချိရေး** - မြတ်ပန်းရဂုံစာပေ<br>
အမှတ်(၁၉၄)၊၂၉လမ်း(အထက်)၊<br>
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>
ဖုန်း - ၀၉ ၅၁၃၉၄၅၀၊ ၀၉ ၅၁၅၅၇၄၃

၂၉၄.၃

နန္ဒာမိုးကြယ်

ကလေးတို့အတွက် ပုံပြင်းရှာငါးဆယ်နိပါတ်တော် စကားပြေ ဇာတ်ဝတ္ထုများ (ဒုတိယတွဲ)/ နန္ဒာမိုးကြယ်။ - ရန်ကုန်။ ပန်းဝေဝေစာပေ၊ ၂၀၁၀။

၂၀၈-စာ ၊ ၁၂.၅ × ၁၇.၅ စင်တီ။

(၁) ကလေးတို့အတွက် ပုံပြင်းရှာငါးဆယ်နိပါတ်တော် စကားပြေ ဇာတ်ဝတ္ထုများ (ဒုတိယတွဲ)

www.burmeseclassic.com

F-1B

www.burmeseclassic.com


မိုးဝေဝေ စာပေ

ကလေးတို့အတွက်

# ပုံပြ ငါးရာ့ငါးဆယ် ဧကနိပါတ်တော်

## စကားပြေ ဇာတ်ဝတ္ထုများ

နန္ဒာမိုးကြယ် ပြုစုသည်



www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၂၄။ **အာဒေညဇာတ်** ၁

(အသက်ကို ပဓာနမထားဘဲ လုံ့လဝီရိယ မလျော့သည့် မြင်းအာဇာနည်သိန္ဓောအကြောင်း)

၂၅။ **တိတ္ထဇာတ်** ၅

(မင်္ဂလာမြင်း၏ဇာတ်၊ အမျိုးတို့ ထိန်းသိမ်းတတ်ပုံကို ဉာဏ်ပညာမျက်စိဖြင့် ဆင်ခြင်သိတတ်သော ပညာရှိအကြောင်း)

၂၆။ **မဟိဠာမုခဇာတ်** ၁၂

(ခိုးသားများစကားကြောင့် ရိုင်းစိတ်ဝင်ပြီး ပညာရှိများစကားကြောင့် အယဉ်စိတ်ဝင်လာသော မင်္ဂလာဆင်အကြောင်း)

၂၇။ **အဘိဏှဇာတ်** ၂၀

(ခွေးအပေါ် သံယောဇဉ်ကြီးလွန်းလှသော မင်္ဂလာဆင်ဖော်အကြောင်း


www.burmeseclassic.com

www.burmeseclassic.com

၂၈။ **နန္ဒိဝိသာလဇာတ်** ၂၆
(ရှန့်ရင်းကြမ်းတမ်းမှုကို မနှစ်သက်သော
နွားလားအကြောင်း)

၂၉။ **ကဏှဇာတ်** ၃၂
(ကျွေးကျွေးဇူးရှိသော အမယ်အိုအား
ကျေးဇူးတုံ့ပြန်ဆပ်ခဲ့သည့် အယျိကာဠက
နွားလားအကြောင်း)

၃၀။ **မုနိကဇာတ်** ၃၉
(ကောင်းမွန်စွာ ကျွေးမွေးသည်ကို
စားသောက်ရသော်လည်း မင်္ဂလာပွဲအတွက်
သတ်စားခံရသည့် မုနိက ဝက်အကြောင်း)

## ၄။ ကုလာဝကဝဂ်

၃၁။ **ကုလာဝကဇာတ်** ၄၄
(စစ်ရှုံး၍ ပြေးလာသော ဂဠုန်ကလေးများကို
ငဲ့ညှာပြီး နောက်ပြန်လှည့်လာသည့်အတွက်
စစ်နိုင်ရလေသော သိကြားမင်းအကြောင်း)

၃၂။ **နစ္စဇာတ်** ၆၀
(ဟင်္သာမနှင့် ထိမ်းမြားရန် သဘောတူမှုရပြီးကာမှ
အမြီးလှန်က,မိသဖြင့် အရှက်ကွဲကာ ဟင်္သာမနှင့်
လွဲရှာလေသော ဥဒေါင်းအကြောင်း)

၃၃။ **သမ္မောဒမာနဇာတ်** ၆၅
(မုဆိုး၏ပိုက်ကွန်မှ လွတ်ကင်းအောင်
ညီညွတ်မှုရှိစွာဖြင့် လုပ်ဆောင်ကြလေသော
ငုံးငှက်များအကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

၃၄။ **မစ္ဆဇာတ်** ၇၁
(ကိလေသာကာမဂုဏ်နောက်သို့
လိုက်မှားမိသဖြင့် ပိုက်၌မိကာ
ဆင်းရဲဒုက္ခခံရလေသော ငါးကြီးအကြောင်း)

၃၅။ **ဝဋ္ဋကဇာတ်** ၇၇
(တောမီးလောင်၍ အမိအဖများပင်
ပြေးထွက်ကုန်ကြရာ သစ္စာစွမ်းအားကြောင့်
တောမီးကွင်းရလေသော ငုံးငှက်အကြောင်း)

၃၆။ **သကုဏဇာတ်** ၈၃
(မိမိနေသော နေရာအရပ်၌ ဘေးဖြစ်မည်ကို
ပညာရှိက ဆုံးမပါလျက် မပြောင်းရွှေ့သဖြင့်
ပျက်စီးရသော ငှက်များအကြောင်း)

၃၇။ **တိတ္တိရဇာတ်** ၈၉
(ကြီးသူကို ရိုသေလေးစားကာ ဆုံးမပဲ့ပြင်မှုကို
ခံယူကြသော သတ္တဝါသုံးဦးအကြောင်း)

၃၈။ **ဗကဇာတ်** ၉၆
(ငါးအပေါင်းကို လှည့်ဖြားစားသောက်သော
ဗျိုင်းအား၊ ပုစွန်လုံးက ပြန်လည် လှည့်ဖြား
အနိုင်ယူလိုက်သည့်အကြောင်း)

၃၉။ **နန္ဒဇာတ်** ၁၀၆
(သူကြွယ်၏ မြေမြှုပ်ထားသော ဥစ္စာအပေါ်
ရောက်ရှိသည့်အခါ ကျွန်စိတ်ပျောက်ကာ
မာန်တက်လေ့ရှိသော နန္ဒကျွန်အကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

၄၀။ **ခဒိရင်္ဂါရဇာတ်** ၁၁၃
(မာရ်နတ်ယုတ်က ရှားမီးကျီးတွင်
ဖန်ဆင်းပြသော်လည်း ပစ္စေကဗုဒ္ဓါအပေါ်
သဒ္ဓါမပျက်သည့် သူဌေးအကြောင်း)

## ၅။ အတ္တကာမဝဂ်

၄၁။ **လောသကဇာတ်** ၁၂၅
(ရဟန္တာအား ပြစ်မှားမိသည့်အတွက်
ငရဲအမျိုးမျိုးကျပြီး၊ ဝတ်မွတ်ဆင်းရဲလှစွာသော
လောသကတိဿအကြောင်း)
၄၂။ **ကပေါတကဇာတ်** ၁၄၁
(ခိုငှက်ကို အမှီပြု၍ အစာ၌ လျှပ်ပေါ်လော်လီသဖြင့်
ပျက်စီးရသော ကျီးမိုက်အကြောင်း)
၄၃။ **ဝေဠုကဇာတ်** ၁၅၀
(ဆရာရသေ့၏ စကားကို နားမထောင်ဘဲ
အဆိပ်ပြင်းသည့် မြွေပောက်ငယ်ကို မွေးမိသဖြင့်
အသက်ဆုံးရှုံးရသော ရသေ့အကြောင်း)
၄၄။ **မသကဇာတ်** ၁၅၆
(ဖခင်၏ ဦးခေါင်း၌ နားနေသော မှက်ကို
ပေါက်ဆိန်နှင့်ထုသဖြင့် သေဆုံးရပုံအကြောင်း)
၄၅။ **ရောဟိဏီဇာတ်** ၁၆၂
(မိခင်၏ ဦးထိပ်၌ ကိုက်နေသည့် ယင်အား
ကျည်ပွေ့ဖြင့်ထုသူ သမီးမိုက်အကြောင်း)
၄၆။ **အာရာမဒူသကဇာတ်** ၁၆၆
(ဥယျာဉ်တစ်ခုလုံး ပျက်စီးအောင် အပင်တို့ကို

www.burmeseclassic.com

www.burmeseclassic.com

နတ်၍ အမြစ်ကိုကြည့်ပြီး ရေလောင်းသော
မျောက်မိုက်တို့အကြောင်း

၄၇။ **ဝါရုဏိဒူသကဇာတ်** ၁၇၂
(သေရည်ကို ဆားခတ်ရောင်း၍ အာနိသင်ကို
ဖျက်ဆီးပစ်ခဲ့သော တပည့်မိုက်အကြောင်း)

၄၈။ **ဝေဒဗ္ဗဇာတ်** ၁၇၇
(ရတနာမိုးရွာသွန်းစေရန် တပည့်ဖြစ်သူ
တားခဲ့သည့်ကြားမှ ဝေဒဗ္ဗမန္တရားရွတ်သဖြင့်
ခိုးသားတို့နှင့်အတူ အသက်ဆုံးရှုံးရသော
ဝေဒဗ္ဗပုဏ္ဏားကြီးအကြောင်း)

၄၉။ **နက္ခတ္တဇာတ်** ၁၈၇
(မြို့နေသတို့သား၏ မင်္ဂလာပွဲပျက်ပြားရန်
နက္ခတ်မကောင်းဟုပြောဆိုသော အာဇီဝကအကြောင်း)

၅၀။ **ဒုမ္မေဓဇာတ်** ၁၉၃
(ဒုစရိုက်သမားတို့အား ယဇ်ပူဇော်မည်ဟု
ဥပါယ်တံမျဉ်ဉာဏ်သုံးက ဗာရာဏသီ
ပြည်သူပြည်သားတို့ သူတော်ကောင်းတရား
မြဲစေသည့် ဗြဟ္မဒတ်မင်းအကြောင်း)

**အတွဲ (၂) ပြီး၏။**

www.burmeseclassic.com

www.burmeseclassic.com

# ၂၄။ အာဇညဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄]

## အာဇညဇာတ်

လူနတ်ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်၊ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ သီတင်းသုံးစံမှာယ်စဉ်အခါက ဖြစ်၏။

ဘုရားရှင်သည် လုံ့လ ဝီရိယအရာ၌ ယုတ်လျော့တော်မူသော ရဟန်းတစ်ပါးကိုခေါ်၍ ဆိုဆုံးမတော်မူက အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် မင်းကြီး၏ ရထားတွင် က,ရသော သိန္ဓောမြင်းညီနောင်နှစ်စီးတို့ ရှိလေ၏။

တစ်နေ့သ၌ ခုနစ်ပြည်ထောင်မင်းတို့သည် ဗာရာဏသီပြည်အား စစ်မက်အင်္ဂါ ဆင်နွဲရန် ဝန်းရံလာကြကုန်၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ရထားကို ထိန်းကျောင်းစီးနင်းရသော သူရဲကောင်းသည် သိန္ဓော မြင်းညီနောင်အား ကကြိုတန်ဆာများ ဆင်မြန်းပေးလျက် ရထားတွင် က,စေပြီး မြို့ပြင်သို့ ထွက်ခဲ့လေသည်။ ထို့နောက် တိုင်းပြည်အား ဝန်းရံထားသော ခုနစ်ပြည်ထောင်မင်းတို့အား ဝင်ရောက် တိုက်ခိုက်ပြီး မင်းခြောက်ပါးတိတိကို လက်ရဖမ်းဆီးပြီး မင်းကြီးထံ ဆက်သနိုင်ခဲ့၏။ ဤသို့ မင်းခြောက်ပါး၏ တပ်တောင်တာ ဗိုလ်ထုကို ဝင်ရောက်တိုက်ခိုက်ရာဝယ် အစ်ကိုဖြစ်သော သိန္ဓောမြင်းသည် ပြင်းထန်သော မြားဒဏ်ရာ ခခဲ့လေ၏။ သည့်အတွက် တိုင်းပြည်တွင်း ပြန်လည်ဝင်ရောက်ကာ ဒဏ်ရာရသော အစ်ကိုမြင်းအား ရထားမှ ဖြုတ်၏။ သက်သာစွာ အနားယူစေ၏။ ထို့နောက် နောက်ဆုံးကျန်သော ခုနစ်ဆက်မြောက် ရန်သူမင်းအား ဖမ်းဆီးနှိမ်နင်းရန်အတွက် ညီဖြစ်သူ သိန္ဓောမြင်းနှင့် တိုက်ပွဲထွက်ရန် ပြင်ဆင်နေစဉ် ဒဏ်ရာရ အစ်ကို သိန္ဓောမြင်းလည်း ရထားစီးသူရဲကောင်းအား ခေါ်၍ ၎င်းပါ တိုက်ပွဲဝင်မည့်အကြောင်း ပြောဆိုကာ ရထားတွင် ဝင်ကလေတော့၏။

ရထားစီးသူရဲကောင်းလည်း ဒဏ်ရာရ သိန္ဓောမြင်း၏ ဒဏ်ရာတို့အား အဝတ်စဖြင့် တင်းကြပ်စွာ စည်းနှောင်၍ ချပ်ဝတ်တန်ဆာတို့ ဆင်ယင်လျက် ရန်သူ့တပ်တွင်း ဝင်ရောက်ထိုးဖောက်ကာ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်လေ၏။ ဤတွင် ရန်သူ့တပ်ပျက်ပြီး ခုနစ်ခုမြောက် ရန်သူမင်းအား လက်ရဖမ်းဆီးနိုင်ခဲ့ပြီး မင်းကြီးထံ ဆက်သလိုက်လေ၏။ ရထားကို မင်းအိမ်တံခါးသို့

www.burmeseclassic.com

www.burmeseclassic.com



မောင်းနှင်၍ ရောက်သည်ရှိသော် ဒဏ်ရာရ သိန္ဓောမြင်းအား ရထားမှ ချွတ်ပြီး ကောင်းမွန်စွာ အနားယူစေခဲ့၏။ ဒဏ်ရာရ သိန္ဓောမြင်းသည် နံပါးတစ်ဖက်စောင်းလျက် လာရောက်ကြည့်ရှုသော မင်းကြီးအား အဆုံးအမပေးပြီးသည်နောက် သေလွန်အနိစ္စရောက်လေ၏။ မင်းကြီးလည်း သိန္ဓောမြင်း၏ ရုပ်အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ပြီး ရထားစီးသူရဲကောင်းအား စည်းစိမ်ဥစ္စာတို့ကို ချီးမြှင့်၏။ ဖမ်းဆီးခံထားရသော ခုနစ်ပြည်ထောင်မင်းတို့ကိုလည်း သစ္စာရေမျှားတိုက်ကျွေးပြီး ပြန်လွှတ်ကာ ဗာရာဏသီပြည်ကြီးအား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်လေတော့၏။

ဂေါတမဘုရားရှင်လည်း ဤသို့ အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်ဟောကြားတော်မူပြီးနောက် တရားနာ ရဟန်းပရိသတ်တို့အား...

"ချစ်သားတို့၊ ထိုစဉ်အခါက ဗြဟ္မဒတ်မင်းသည် ယခုအခါ အာနန္ဒာဖြစ်လာပြီး အစ်ကိုသိန္ဓောမြင်းကား ငါဘုရားရှင် ဖြစ်လာ၏"


ဟူ၍ ဇာတ်ပေါင်းကာ တရားဒေသနာတော်ကို ဟောကြားတော်မူလေ၏။ ဒေသနာတော်ဆုံးသည်ရှိသော လုံ့လ ဝီရိယလျှော့တော်မူသော ရဟန်းလည်း အာသဝေါတရားတို့ ကုန်ခန်းကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅။ တိတ္ထဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၅]

# တိတ္ထဇာတ်

လူနတ်ဗြဟ္မာတို့၏ အထွတ်ဥသျှောင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္ပာယ်သီတင်းသုံးစဉ်အခါက ဖြစ်လေသည်။

ဤတွင် ပန်းထိမ်သည်၏ သားတစ်ဦးသည် ရဟန်းဘောင်သို့ ရောက်ရှိလာပြီး ရှင်သာရိပုတ္တရာ၏ တပည့်အဖြစ် ခံယူကာ ဆရာအရှင်နှင့် အတူတကွ သီတင်းသုံးနေထိုင်လေသည်။ ဆရာအရှင် ရှင်သာရိပုတ္တရာသည် ၎င်း၏တပည့်ရဟန်းအား အသုဘကမ္မဋ္ဌာန်းကို ပေးလေ၏။ ထိုရဟန်းလည်း ဆရာအရှင် ပေးသော ကမ္မဋ္ဌာန်းတရားအား လေးလတာကာလမျှ တစိုက်မတ်မတ် အားထုတ်ပါသော်ငြား မည်သည့်နိမိတ်အာရုံမျှ ထင်မလာခဲ့။ ထိုအခါ အရှင်သာရိပုတ္တရာလည်း တပည့်ရဟန်းအား ဘုရားရှင်ထံသို့ ခေါ်ဆောင်လာခဲ့ပြီး အကျိုးအကြောင်းကို လျှောက်ထားတော်မူလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ တပည့်တော်သည် ဤရဟန်းအား အသုဘကမ္မဋ္ဌာန်းကို ပေးခဲ့ပါ၏။ ၎င်းလည်းအားထုတ်ပါ၏။ သို့ရာတွင် လေးလကာလတိုင် ရောက်ရှိခဲ့ပါသော်ငြား မည်သည့် နိမိတ်အာရုံမျှ ထင်မလာသည့်အတွက် အရှင်ဘုရားထံ လာရောက်အပ်နှံရခြင်း ဖြစ်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ဤတွင် ဘုရားရှင်က

"ချစ်သား သာရိပုတ္တရာ၊ သင်၏တပည့်အား ထားရစ်ကာ ညချမ်းအချိန်အခါကျမှပင် လာရောက်ခေါ်ဆောင်ပါလော့"

ဟူ၍ ပြောဆိုကာ ရှင်သာရိပုတ္တရာအား ပြန်လွှတ်လိုက်လေ၏။ ဘုရားရှင်သည် အာသယာနုသယဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်လိုက်သည်။ ထိုအခါ တရားမရသေးသော ရဟန်း၏ အကြောင်းတရားတို့ကို မြင်လာခဲ့၏။ ထိုရဟန်းကား ရှေးဘဝပေါင်းငါးရာတို့၌ တစ်ဆက်တစ်စပ်တည်းဆိုသလို ရွှေပန်းထိမ်သည်ချည်း ဖြစ်ခဲ့၍ စင်ကြယ်သောရွှေကို ရှုမြင်လေ့လာဖူးသည့် အကြောင်းကို သိမြင်လိုက်လေ၏။

ဤတွင် ဘုရားရှင်သည် ထိုရဟန်းအား ကောင်းမြတ်သော အဝတ်သင်္ကန်းတို့ကို ဆင်မြန်းစေ၏။ ကောင်းမြတ်သော ဆွမ်းခဲဖွယ်တို့ကို သုံးဆောင်စေ၏။ ထို့နောက် ညချမ်းအခါသို့ ရောက်သည်ရှိသော် သရက်ဥယျာဉ်တော်သို့ ခေါ်ဆောင်ကာ ကန်ရေပြင်လေးထောင့်ရှိ ပဒုမ္မာကြာရုံ၌ ပဒုမ္မာကြာပွင့်ကြီး တစ်ပွင့်ကို ဖန်ဆင်းတော်မူလိုက်၏။ ပြီးလေသော်...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား၊ ဤပဒုမ္မာကြာပွင့်ကြီးအား ရှုကြည့်၍နေခဲ့ပါလေလော့"

ဟု မိန့်တော်မူပြီး ဂန္ဓကုဋီတိုက်သို့ ပြန်လည် ကြွမြန်းတော်မူခဲ့၏။ ဤတွင် ရွှေပန်းထိမ်သည်သား ရဟန်းလည်း နိမ္မိတဖြစ်သော ပဒုမ္မာကြာပွင့်ကြီးကို စူးစူးစိုက်စိုက် ကြည့်ရှုလေတော့၏။ ကြည့်ရှုရင်း ကြည့်ရှုရင်းမှ စိတ်အာရုံတို့ စုစည်းလာကြကာ ဝိပဿနာအဆင့်ဆင့်ကို ပွားနိုင်လာတော့၏။ ထိုမှ အရဟတ္တဖိုလ်သို့ဆိုက်ကာ ဘုရားရှင်ထံသို့ သွားရောက်လျှောက်ထားပြီး ရှိခိုးဦးခိုက် ပူဇော်ပါလေ၏။

မကြာမီ ကျောင်းတော်သို့ ရှင်သာရိပုတ္တရာ ရောက်ရှိလာလေ၏။ အရဟတ္တဖိုလ်ဆိုက်သွားသော တပည့်ရဟန္တာကို ခေါ်ဆောင်ကာ ပြန်ကြွသွားလေတော့သည်။

နောက်တစ်နေ့ရောက်လေသော တရားသဘင်သို့ ရောက်ရှိနေသော ရဟန်းအပေါင်းတို့သည် ရှင်သာရိပုတ္တရာ ဆရာတပည့်အကြောင်းကို စကားစပ်၍ ပြောဆိုနေကြလေသည်။ ဤတွင် ဘုရားရှင် ကြွလာတော်မူပြီး အကျိုးအကြောင်း သိရလေသောအခါ

"ချစ်သားရဟန်းတို့၊ သာရိပုတ္တရာ၏ တပည့်ဖြစ်သော ရွှေပန်းထိမ်သည်သား ရဟန်း၏အလိုကို ငါဘုရားရှင် သိနေခဲ့သည်မှာ ယခုမှသာမဟုတ် ရှေးနစဉ်အခါကလည်း သိခဲ့သည်သာ ဖြစ်၏"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဟောတော်မူပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ၌

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် မင်းကြီးအား အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို ဟောကြား ဆုံးမတတ်သော မင်းဆရာပညာရှိ အမတ်တစ်ဦး ရှိလေသည်။

တစ်နေ့သ၌ မြင်းထိန်းသည် မင်းကြီး၏ မင်္ဂလာမြင်းတော်အား ရေဆိပ်သို့ ခေါ်ဆောင်ကာ ရေချိုးသန့်စင်ပေးလေ၏။ မင်္ဂလာမြင်းတော်သည် ရေဆိပ်သို့ ရောက်သည်ရှိသော် ၎င်းထက် အမျိုးဇာတ်နိမ့်သော မြင်းယုတ်တစ်ကောင်မှာ ဦးစွာ ရေချိုးသန့်စင်သွားသည့်အတွက် စက်ဆုပ်ရွံရှာလှသဖြင့် ရေမချိုးဘဲ နေတော့၏။ ထိုအခါ မြင်းထိန်းသည် မင်းကြီးထံသို့ သွား၍ မင်းကြီး၏ မင်္ဂလာမြင်းတော်မှာ ရေဆိပ်သို့ ဆင်းသက်သော်လည်း ရေမချိုးဘဲနေပါကြောင်း လျှောက်ထားလေ၏။ မင်းကြီးလည်း မင်းဆရာပညာရှိ အမတ်ကိုခေါ်၍ ၎င်း၏ မင်္ဂလာမြင်းတော် ရေဆိပ်သို့ချ၍ မရသည့်ကိစ္စအတွက် စုံစမ်းရန် တာဝန်ပေးအပ်လိုက်လေ၏။

ပညာရှိအမတ်လည်း ရေဆိပ်ကိုသွား၍ မင်္ဂလာမြင်းတော်ကို ကြည့်ရှုလေ့လာပြီး အခြေအနေအရပ်ရပ်ကို စူးစမ်းလေသော် မင်္ဂလာမြင်းတော်၌ မည်သည့်ရောဂါလက္ခဏာ တစ်စုံတစ်ရာမျှ မရှိကြောင်း သိရှိရ၏။ ဆက်လက် စုံစမ်းလေသောအခါ မင်္ဂလာမြင်းတော် ရေဆိပ်သို့ မဆင်းသက်မီ အမျိုးဇာတ်နိမ့်သော မြင်းယုတ် ရေချိုးဆင်းသွားကြောင်းကို ရိပ်စားမိလိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"အချင်းမြင်းထိန်း၊ ဤရေဆိပ်တွင် ရှေးဦးစွာ အခြားသော မြင်းတစ်ကောင် ရေချိုးဆင်းလေသလော"

ဟု မေးလေ၏။ မြင်းထိန်းလည်း အမျိုးဇာတ်နိမ့်သော မြင်းတစ်ကောင် ဦးစွာ ရေချိုးဆင်းသွားခဲ့ကြောင်း ဖြေဆိုလေ၏။ ထိုအခါ ပညာရှိအမတ်သည်...

"အချင်းမြင်းထိန်း၊ မင်းကြီး၏ မင်္ဂလာမြင်းတော်ကား သိန္ဓောမျိုးဖြစ်၏။ အမျိုးအားဖြင့် မြင့်မြတ်၏။ သို့ဖြစ်၍ ၎င်းအလျင် အခြားမြင်းများ ရေချိုးသည်ကို စက်ဆုပ်ရွံရှာ၍ ရေမချိုးဘဲနေခြင်း ဖြစ်၏။ သည့်အတွက် အခြားသော ရေဆိပ်သို့ သွားလေလော့"

ဟု ဆိုလေရာ၊ မြင်းထိန်းလည်း အခြားရေဆိပ်သို့ မင်္ဂလာမြင်းတော်အား ခေါ်ဆောင်ကာ ရေချိုးစေ၏။ ဤတွင် မင်္ဂလာမြင်းတော်လည်း စိတ်နှလုံးသန့်သည့်အတွက် ရေလည်းချိုး၏။ သောက်လည်း သောက်၏။

ပညာရှိအမတ်လည်း မင်းကြီးထံ ပြန်သွားကာ မင်္ဂလာမြင်းတော်၌ အနာရောဂါမရှိကြောင်း ရှေးဦးစွာ မြင်းယုတ်တစ်ကောင် ရေချိုးသွားသည့်အတွက် စက်ဆုပ်ရွံရှာ၍ ရေမချိုးကြောင်း၊ ရေဆိပ်ပြောင်း၍ ချိုးစေသောအခါမှ ရေချိုးကြောင်း၊ သောက်လည်း သောက်ကြောင်းကို လျှောက်ထားလေလျှင် မင်းကြီးလည်း "ပညာရှိပီပါပေစွတကား။ လူတို့၏အလိုကိုသာမက တိရစ္ဆာန်တို့၏ အလိုကိုပင် သိပါပေ၏" ဟု ထုတ်ဖော်ချီးမွမ်းကာ ဆုလာဘ်များစွာပေးပြီး ချီးမြှောက်တော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေစပ်ပြီးသကာလ တရားသဘင်၌ ရှိကြကုန်သော ရဟန်းပရိသတ်တို့အား...

"ရဟန်းတို့၊ ထိုစဉ်အခါက မင်းကြီး၏ မင်္ဂလာမြင်းတော်သည် ယခုအခါ ပန်းထိမ်သည်သား ရဟန်းဖြစ်လာ၏။ ဗြဟ္မဒတ်မင်းသည် အာနန္ဒဖြစ်လာပြီး၊ ပညာရှိအမတ်မှာမူ ငါဘုရားရှင် ဖြစ်လာလေ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။


❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



# ၂၆။ မဟိဠာမုခဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၆]

# မဟိဓ္ဓာမုခဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာသခင် ဖြစ်တော်မူသော သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးစဉ်က ဖြစ်လေ၏။

ရှင်ဒေဝဒတ်သည် ဥပါယ်တံမျဉ်ဖြင့် အဇာတသတ်မင်းကို ဖြားယောင်းလျက် ဂယာသီသ၌ ကျောင်းဆောက်စေ၍ နေ့စဉ် ဆွမ်းအိုးပေါင်းငါးရာဖြင့် ပြည့်စုံလေ၏။ ပရိသတ်အများအပြား ခြံရံလျက် ဂယာသီသကျောင်းဆောင်၌ သုံးနှစ်တာကာလပတ်လုံး သီတင်းသုံးနေလေ၏။

ဤ၌ ရာဇဂြိုဟ်ပြည်သား အဆွေခင်ပွန်းနှစ်ယောက်တို့သည် ရဟန်းပြုကြရာ တစ်ယောက်သည် ရှင်ဒေဝတ်ထံ၌ လည်းကောင်း၊ ကျန်တစ်ယောက်သည် ဘုရားရှင်ထံ၌ လည်းကောင်း အသီးသီး ရဟန်းပြုခဲ့ကြပြီး အဆက်အသွယ်အားဖြင့်လည်း မပြတ်ဘဲ ရှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဒေဝဒတ်ထံ၌ ရဟန်းပြုသော ရဟန်းသည် မြတ်စွာဘုရားရှင်၏ တပည့်ရဟန်းအား

"ငါ့ရှင်၊ သင်သည်ကား နေ့စဉ်နေ့တိုင်းဆိုသလို သပိတ်တစ်လုံးနှင့် ချွေးဒီးဒီးကျအောင် သလုံးမြင်းခေါင်းကို အခြေပြုလျက် ဆွမ်းခံစားရရှာ၏။ ငါတို့မှာကား ဘာမျှ ပင်ပင်ပန်းပန်း ဆွမ်းခံစရာမလို။ ငါတို့ဆရာ ရှင်ဒေဝဒတ်၏ ဘုန်းကံကြောင့် သက်သောင့်သက်သာ ဟင်းကောင်းကျွေးကောင်းတွေ စားရပါ၏။ ငါ့ရှင်အနေဖြင့် ငါတို့၏ ဂယာသီသကျောင်းတော်သို့ ပြောင်း၍ သက်သောင့်သက်သာ ဆွမ်းစားပါလော့"

ဟူ၍ ပြောဆို စည်းရုံးလေ၏။ တစ်ကြိမ်တစ်ခါမက အကြိမ်ကြိမ်အခါခါ ပြောဆိုစည်းရုံးလေသော် စိတ်ပါလာပြီး နေ့စဉ်ပင် ဂယာသီသ ကျောင်းတော်သို့သွားကာ ဟင်းကျွေး ဟင်းကောင်းများကို စားသောက်လေတော့၏။ ထိုသို့ အဆိုပါရဟန်းသည် ဆွမ်းမခံဘဲ ဆွမ်းစားချိန်၌ ဂယာသီသသို့ သွားလေ့ရှိကြောင်း ရဟန်းတို့ သိလေသောအခါ ၎င်းရဟန်းကို ခေါ်၍ ဘုရားရှင်ထံမှောက်သို့ ပို့ဆောင်လေတော့၏။ ဘုရားရှင်လည်း အကျိုးအကြောင်း သိလေသောအခါ ထိုရဟန်းအား...

"ချစ်သား၊ သင်သည် ဒေဝဒတ်၏ဆွမ်းကို အဘယ်ကြောင့် စားဘိသနည်း။ ဒေဝဒတ်ကား အကျင့်သီလမရှိ။ သင်ကား မြင်မြင်သမျှပုဂ္ဂိုလ်တို့အား ဆည်းကပ်ဘိသည်။ ထိုသို့ ဆည်းကပ်ခြင်းမှာ ယခုမှသာမဟုတ်။ ရှေး

www.burmeseclassic.com

www.burmeseclassic.com



အခါကလည်း မြင်မြင်သမျှ ပုဂ္ဂိုလ်တို့အား ဆည်းကပ်သည့် အတွက် အကျင့်သီလ ပျက်ခဲ့ဖူးလေပြီ”

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော အခါသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုမင်း၌ ပညာရှိအမတ်တစ်ဦး ရှိလေသည်။ ထိုပညာရှိအမတ်သည် မင်းကြီးကို အကျိုးသင့် အကြောင်းသင့် ဆုံးမတတ်၏။

မင်းကြီး၌ ‘မဟိဠာမုခ’ မည်သော မင်္ဂလာဆင်တော်တစ်စီး ရှိ၏။ ထိုမင်္ဂလာဆင်တော်သည် အကျင့်သီလနှင့် ပြည့်စုံ၏။ သူတစ်ပါးကို မညှဉ်းဆဲတတ်။ သဘောသဏ္ဍာယနှင့် ပြည့်စုံကောင်းမွန်၏။

တစ်နေ့သ၌ မဟိဠာမုခ ဆင်တော်နေသော ဆင်တင်းကုပ် အနီးဝယ် ညဉ့်အချိန်ရောက်လေသော် သူခိုးသူဝှက်တို့ ရောက်ရှိလာကြ၏။ ထိုအခါ သူခိုးတို့သည် အချင်းချင်း တိုင်ပင် ပြောဆိုကြ၏။ ဤသို့သော ခြံကို ဤသို့ ဖောက်ကြ၏။ ဤကဲ့သို့သော ဥမင်လိုဏ်ကို တူးကြအံ့။ ဤကဲ့သို့ သတ်ကြရအံ့။ ဤကဲ့သို့ ညှဉ်းဆဲကြအံ့။ ဤကဲ့သို့ လုယက်ကြအံ့။ သူခိုးသူဝှက် ဆိုသည်မှာ သီလလုံခြုံ စောင့်သိနေဖို့ မလို။ အကျင့်ကောင်းကို ကျင့်ကြံနေစရာ အကြောင်းမရှိ” ဟူ၍ ရက်စက်ကြမ်းကြုတ်သော စကားများဖြင့် ပြောဆို တိုင်ပင်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ နေ့စဉ်ညဆက် စုဝေးတိုင်ပင်နေကြသည်တို့ကို မဟိဥ္ဓာမုခဆင်တော်သည် နားယဉ်၍ သွားလေ၏။ သို့ဖြစ်၍...

"ဤသူတို့သည် ငါ့အား မည်သို့လုပ်၊ မည်သို့ကိုင်ရမည်ကို နည်းပေးလမ်းညွှန် ပြုလေသည်တကား"

ဟူ၍ အတုခိုးကာ...

"ငါလည်း သူတို့ ပြောဆိုညွှန်ပြသည့်အတိုင်း ရက်စက်ကြမ်းကြုတ်ရမည်"

ဟု ကြံစည် စိတ်ပိုင်းဖြတ်လေတော့၏။ နံနက်စောစောတွင် ဆင်တင်းကုတ်သို့ ရောက်လာသော ဆင်ထိန်းအား မဟိဥ္ဓာမုခသည် နှာမောင်းဖြင့် ဆွဲပတ်ယူလျက် မြေကြီးတွင် ရိုက်၍ သတ်လေ၏။ ထို့နောက် ဆင်တင်းကုပ်သို့ ရောက်လာသောသူတိုင်းအား ကိုင်ပေါက်ခြင်း၊ အစွယ်ဖြင့် ထိုးသတ်ခြင်း၊ ခြေဖြင့် နင်းသတ်ခြင်းတို့ကို ပြုမူလေ၏။ ထိုအခါ လူတို့သည် မင်းကြီးထံသို့ သွားရောက်ကာ...

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ မဟိဥ္ဓာမုခ ဆင်တော်သည် ရူးသွပ်၍နေပါပြီ။ ထို့ကြောင့်ပင် ဆင်တင်းကုပ်သို့ ဝင်လာသူတိုင်းအား ရိုက်သတ်ခြင်း၊ နင်းသတ်ခြင်းတို့ ပြုမူနေပါပြီ"

ဟူ၍ မင်းကြီးအား လျှောက်ထားကြလေ၏။ မင်းကြီးလည်း ထိုအမှု ဟုတ်၊ မဟုတ် အကြောင်းစုံသိရှိရန် ပညာရှိအမတ်အား တာဝန်ပေးလိုက်လေ၏။ ပညာရှိအမတ်လည်း ဆင်တင်းကုပ်သို့ သွားရောက်၍ စုံစမ်းရာ ဆင်တော်၌ မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဝေဒနာမျှမရှိကြောင်းကို နားလည်လိုက်၏။ ဆက်လက်၍ စုံစမ်းလေသောအခါ 'ဤဝန်းကျင်၌ ညအခါ သူခိုးဓားပြတို့ လာရောက်ကြလိမ့်မည်။ ထိုအခါ သူခိုးဓားပြအချင်းချင်း ကြမ်းကြုတ်သော စကားကို ပြောဆိုကြရာမှ ထိုပြောဆိုသော စကားသည် ဆင်တော်အား သင်ပေးသကဲ့သို့ဖြစ်နေ၍ ဆင်တော် အဖို့ ကြမ်းကြုတ်ခြင်း ဖြစ်ပေလိမ့်မည်' ဟု တွေးတော ဆင်ခြင် မိကာ ဆင်ထိန်းကို ခေါ်ယူလိုက်၏။

"အချင်း ဆင်ထိန်း၊ ဤဆင်တင်းကုပ်အနီး၌ ညအခါ သူခိုးဓားပြတို့ လာရောက်၍ ကြမ်းကြုတ်ရက်စက်သော စကားတို့ကို ဆိုလေ့ရှိသလော"

"အရှင်ပညာရှိ၊ သူခိုးတို့သည် ညအခါ၌ ဆင်တင်း ကုပ်အနီးသို့လာ၍ ရက်စက်ကြမ်းကြုတ်သော စကားကို ဆိုကြပါ၏"

ဆင်ထိန်းထံမှ အကြောင်းစုံသိရသော် ပညာရှိအမတ်လည်း မင်းကြီးထံသို့ ပြန်သွားကာ အကျိုးအကြောင်းကို တင်ပြလျှောက် ထားလိုက်လေ၏။

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ ဆင်တော်၌ မည် သည့် ရောဂါလက္ခဏာ တစ်စုံတစ်ရာမျှ မရှိပါ။ ညအခါ ဆင်တင်းကုပ်အနီးသို့ ရောက်ရှိလာသော သူခိုးဓားပြတို့၏ ရက်စက်ကြမ်းကြုတ်သော စကားများကို ကြား၍ ၎င်း အား သင်ကြားပေးနေသည်ဟု မှတ်ယူကာ အကျင့်သီလ ပျက်ပြားပြီး ရက်စက်ကြမ်းကြုတ်ရခြင်း ဖြစ်ပါ၏"

ဟူ၍ တင်ပြလျှောက်ထားလေ၏။ ထိုအခါ မင်းကြီးလည်း...

www.burmeseclassic.com

www.burmeseclassic.com



"ပညာရှိအမတ်၊ ထိုသို့ဆိုလျှင် ငါ၏ဆင်တော် ပြန်လည် ယဉ်ကျေးသိမ်မွေ့လာအောင် မည်ကဲ့သို့ ပြုမူရပါမည်နည်း"

ဟူ၍ မေးလေ၏။ ပညာရှိအမတ်လည်း...

"အရှင်မင်းကြီး၊ သူခိုးဓားပြများအား ညအခါ ဆင်တင်းကုပ် ဝန်းကျင်တွင် မရှိစေဘဲ ရဟန်း၊ ပုဏ္ဏား အစရှိသော သူတော်ကောင်းတို့ကို ပင့်ဖိတ်လျက် သူတော်ကောင်းတရားတို့ကို ဆွေးနွေးတိုင်ပင်စေခြင်းဖြင့် အရှင်မင်းကြီး၏ ဆင်တော်မှာ သီလလုံခြုံလာကာ နူးညံ့သိမ်မွေ့လာပါလိမ့်မည်"

ဟူ၍ လျှောက်ထားလိုက်လေသည်။ မင်းကြီးလည်း ပညာရှိအမတ် တင်လျှောက်သောစကားကို နှစ်သက် ဝမ်းမြောက်လျက် ဆက်လက် ဆောင်ရွက်ရန် ခွင့်ပြုလိုက်လေ၏။

ပညာရှိအမတ်လည်း သူခိုးဓားပြတို့ကို ဖယ်ရှားစေ၏။ ရဟန်းပုဏ္ဏားတို့ကို ပင့်ဖိတ်ပြီး သူတော်ကောင်းတရားတို့အား ဆွေးနွေးတိုင်ပင်စေ၏။ "သူ့အသက်ကို မသတ်ရ။ သူတစ်ပါးကို မညှဉ်းဆဲရ။ ခိုးဝှက်ခြင်း အမှုကို မပြုလုပ်ရ။ သိမ်မွေ့နူးညံ့သောစိတ် ရှိရမည်။ သတ္တဝါတို့အပေါ်တွင် ကရုဏာ၊ မေတ္တာစာတ်တို့ လွှမ်းခြုံရမည်" အစရှိသည့် သူတော်ကောင်းတရားတို့ကို ညစဉ် ဆွေးနွေးစေသောအခါ ဆင်တော်လည်း ၎င်းအား သင်ကြားပေးသည်ဟူ၍ မှတ်ထင်ကာ အတုခိုးလျက် နူးညံ့သိမ်မွေ့လာပြီး မည်သူမည်ဝါကိုမျှ ရန်သတ္တု မပြုတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း ၎င်း၏ မဟိဋ္ဌာမုခ ဆင်တော်မှာ အကျင့်သီလ ရှိလာကြောင်း၊ နူးညံ့သိမ်မွေ့၍ သဘောကောင်းလာကြောင်း သိလေသောအခါ...

"ငါ၏ ပညာရှိအမတ်ကား လူတို့၏ အလိုကိုသာ သိသည်မဟုတ်၊ တိရစ္ဆာန်တို့၏ အလိုကိုပင် သိနိုင်ပေတကား"

ဟူ၍ ချီးမွမ်းပြောဆိုပြီး စည်းစိမ်ဥစ္စာများစွာပေး၍ ချီးမြှောက်တော်မူလေသတည်း။

မဂါတမဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက် တရားနာရဟန်း ပရိသတ်တို့အား...

"ချစ်သားရဟန်းတို့၊ ထိုစဉ်က မဟိဋ္ဌာကမုခဆင်သည် ယခုအခါ ဒေဝဒတ်ကို သွား၍ပေါင်းသော ရဟန်းဖြစ်လာ၏။ ဗြဟ္မဒတ်မင်းသည် အာနန္ဒာ ဖြစ်လာ၏။ ပညာရှိအမတ်ကား ငါဘုရားရှင် ဖြစ်လာပေ၏"


ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူပါသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၇။ အဘိဏှဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၂၇]

# အဘိဏှဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ထွတ်ခေါင်သနင်း တရားမင်းဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

အဆိုပါ သာဝတ္ထိပြည်တွင် တစ်ဦးနှင့်တစ်ဦး လွန်စွာမှချစ်ခင် ရင်းနှီးကျွမ်းဝင်ကြကုန်သော အဆွေခင်ပွန်းနှစ်ယောက်ရှိလေ၏။ ထိုအဆွေခင်ပွန်းနှစ်ယောက်တွင် တစ်ယောက်သောအဆွေခင်ပွန်းသည် ရဟန်းပြုခဲ့၏။ လူအဆွေခင်ပွန်း၏အိမ်သို့နေ့စဉ် ကြွသွားလေ့ရှိ၏။ လူအဆွေခင်ပွန်းကလည်း ရဟန်းအားဆွမ်းလုပ်ကျွေးလျက် ရဟန်းတော်ကျောင်းသို့ ပြန်ကြွလျှင် ရင်းနှင့် လိုက်ပါသွားပြီး ကျောင်းတွင် တစ်နေကုန် စကားစမြည်ပြောဆိုလေ့ရှိ၏။ နေဝင်ချိန်ရောက်မှသာ ကျောင်းမှ အိမ်သို့ပြန်လေ့ရှိလေ၏။

အဆိုပါ ရဟန်းနှင့် လူမိတ်ဆွေတို့၏ တစ်ဦးအပေါ်တစ်ဦးချစ်ကျွမ်းဝင်ခြင်းသည် ရဟန်းတို့၏ လောက၌ ပြောစမှတ်ပြု

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ ဖြစ်လေ၏။ ရဟန်းတို့လည်း တရားသဘင်၌ စကား စပ်၍ ထိုအကြောင်းကို ပြောဆိုကြပြီး ဘုရားရှင်အား လျှောက် ထားကြလေသော် ဘုရားရှင်လည်း...

"ရဟန်းတို့၊ အဆိုပါရဟန်းနှင့် လူမိတ်ဆွေတို့မှာ ယခုမှသာလျှင် ချစ်ကျွမ်းဝင်ကြသည် မဟုတ်သေး။ ရှေး အခါ၌လည်း ချစ်ကျွမ်းဝင်ခဲ့ကြဖူးလေပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် မင်းကြီး၌ ပညာရှိအမတ်တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ ခွေးတစ်ကောင်သည် ဆင်တင်းကုပ်သို့သွား ၍ မင်္ဂလာဆင်တော် စားသောက်ရာ နေရာဝန်းကျင်၌ ဖိတ်စင် သော အစာတို့ကို စားသောက်လေ့ ရှိလေ၏။ ထိုခွေးလည်း အစားအစာကို အခြေပြု၍ မင်္ဂလာဆင်တော်ကို အဆွေခင်ပွန်း ဖွဲ့ကာ ဆင်တော်၏အနီးမှာပင် နေလေ့ရှိလေ၏။ မင်္ဂလာဆင် တော်လည်း ထိုခွေးအပေါ် ချစ်ကျွမ်းဝင်လျက် ထိုခွေးရောက် လာတိုင်း နှာမောင်းဖြင့် ပွတ်သပ် ယုယ၏။ ထို့ပြင် ခွေးကို နှာမောင်းဖြင့် ရစ်ပတ် ပွေ့ချီလျက် ဦးခေါင်းထက်၌ တင်၏။ သို့ဖြင့် ခွေးနှင့်ဆင်လည်း ခွဲခွာ၍မရနိုင်လောက်အောင် ချစ်ကျွမ်း ဝင်နေခဲ့ကြ၏။

ထိုကာလ၌ ဆင်တင်းကုပ်ရှိရာသို့ လူတစ်ယောက် ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ခွေးကို သဘောကျသဖြင့် ဆင်ထိန်းအား အဖိုးသားနား ပေးကာ ယူဆောင်သွားလေ၏။ ထိုအခါမှစ၍ မင်္ဂလာဆင်တော်လည်း ခွေးနှင့် ခွဲခွာကွဲကွာ၍ နေရသဖြင့် ကြေကွဲထိခိုက်ကာ အစားလည်းမစား၊ ရေလည်းမသောက်၊ မချိုးနှင့် တမှိုင်မှိုင် တတွေတွေဖြစ်၍ နေလေတော့၏။ ဆင်ထိန်းလည်း မည်သို့မျှ မကြံတတ်တော့သဖြင့် မင်းကြီးထံ ဝင်ရောက်လျှောက်ထားရလေတော့၏။ မင်းကြီးလည်း ပြဿနာရင်းမြစ်ကို စုံစမ်းရန်အတွက် ပညာရှိအမတ်အား တာဝန်ပေးလေ၏။

ပညာရှိအမတ်လည်း ဆင်တင်းကုပ်သို့သွားကာ အခြေအနေမှန်ကို စုံစမ်းလေ၏။ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသော ဆင်တော်ကို အကဲခတ်လေသောအခါ...

"ဤဆင်တော်ကား အနာရောဂါရှိ၍ မဟုတ်။ ချစ်ကျွမ်းဝင်သူ တစ်ဦးဦးနှင့် ကွဲကွာနေရ၍ နှလုံးစိတ်ဝမ်း မချမ်းမြေ့ခြင်း ဖြစ်ရပေလိမ့်မည်"

ဟူ၍ ဆင်ခြင်တွေးတောမိသွားပြီး ဆင်ထိန်းအား အကျိုးအကြောင်း မေးမြန်းလေ၏။ ဆင်ထိန်းလည်း အခြေအနေမှန်ကို ဖြေကြားရလေသည်။

"အချင်း ဆင်ထိန်း၊ သို့ဆိုလျှင် သင့်အား အဖိုးသားနားပေး၍ ခွေးကို ယူဆောင်သွားသူ၏ 'နေရာကို သိပါသလော"

ဆင်ထိန်းလည်း ပညာရှိအမတ်၏ အမေးကို မဖြေနိုင်၍ မသိကြောင်းသာ ဆိုရလေ၏။ ထိုအခါ ပညာရှိအမတ်သည်

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးထံ ဝင်ရောက်၍ အကျိုးအကြောင်းကို တင်ပြ လျှောက်ထား၏။ မင်းကြီးလည်း မကြံတတ်နိုင်အောင်ဖြစ်နေ၍ ပညာရှိထံ အကူအညီတောင်းရ၏။

"အရှင်မင်းကြီး၊ ဆင်တော်နှင့် အကျွမ်းတဝင်ရှိသော ခွေးအား ယူဆောင်သွားသူကို မင်းပြစ်မင်းဒဏ်ပေးမည်ဟု သာ လှည့်လည်၍ ကြေညာမောင်းခတ်ပါလော့"

မင်းကြီးလည်း ပညာရှိအမတ် အကြံပြုသည့်အတိုင်း မင်းချင်းတို့အား လှည့်လည် မောင်းခတ် ကြေညာစေသောအခါ ခွေးယူသွားသောသူသည် မင်းပြစ်မင်းဒဏ်ကို ကြောက်သဖြင့် ခွေးကို လွှတ်ပေးလေတော့၏။ ခွေးလည်း အနှောင်အဖွဲ့မှ လွတ်သည်နှင့် ၎င်းချစ်ကျွမ်းဝင်သော ဆင်တော်ထံသို့ ပြေးထွက်သွားလေ၏။ ဆင်တော်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ခွေးကို နှာမောင်းဖြင့် ပွေ့ချီကာ မြူးတူးပျော်ပါးစွာ ကစားလေတော့၏။ သို့ဖြင့် မှိုင်တွေမှုများ ကင်းစင်လျက် အစာကို ပြန်စား၏။ ရေကိုသောက်၍ ရေကိုချိုး၏။ မင်းကြီးလည်း...

"ငါ၏ ပညာရှိအမတ်အား လူတို့၏သဘောသဘာဝကို မဆိုထားနှင့် တိရစ္ဆာန်တို့၏ အလိုကိုပင် သိနိုင်စွမ်းပေသည်တကား"

ဟူ၍ အံ့သြချီးမွမ်းကာ ပညာရှိအမတ်ကား ဆုလာဘ်များပေး၍ ချီးမြှောက်တော်မူလေသတည်း။

ဘုရားရှင်လည်း အတိတ်နှင့်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် ရဟန်းပရိသတ်တို့အား...

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ထိုစဉ်အခါက ခွေးသည် ယခုအခါ လူ အဆွေခင်ပွန်း ဖြစ်လာ၏။ မင်္ဂလာဆင်တော်သည် ယခု အခါ အဆွေခင်ပွန်းရဟန်း ဖြစ်လာ၏။ ဗြဟ္မဒတ်မင်းကြီး သည် အာနန္ဒာဖြစ်လာ၏။ ပညာရှိအမတ်ကား ငါဘုရား ရှင် ဖြစ်လာ၏"


ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူပါသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၈။ နန္ဒိဝိသာလဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၈]

# နန္ဒိဝိသာလဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့၏ အထွတ်ဥသျှောင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်မည်သော ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလ၌ ဆဗ္ဗဂီရဟန်းတို့သည် ခိုက်ရန် ဖြစ်ပွားကြကုန်၏။ ကဲ့ရဲ့ရှုတ်ချကြကုန်၏။ မကြားဝံ့ မနာသာ ဆဲရေးကြကုန်၏။ ဤအကြောင်းကို ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြလေလျှင် ဘုရားရှင်လည်း...

"ချစ်သား ရဟန်းတို့၊ ရန့်ရင်းကြမ်းတမ်းသော စကားကို လူတို့ပင် မဆိုထားဘိ။ တိရစ္ဆာန်တို့ပင် မနှစ်သက်ကြကုန်"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ။

ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း မင်းပြုစဉ်က ဖြစ်၏။ ပုဏ္ဏားတစ်ယောက်သည် အလှူခံ၍ရလာသော နွားငယ်တစ်ကောင်ကို လွန်စွာမှ ချစ်မြတ်နိုးသဖြင့် 'နန္ဒိဝိသာလ' ဟူ၍ အမည်ပေးကာ သားအရာ၌ထားလျက် ယာဂုထမင်းကိုကျွေးကာ မွေးမြူထားလေ၏။

နန္ဒိဝိသာလနွားငယ်လည်း တဖြည်းဖြည်းနှင့် အရွယ်ရောက်လာ၏။ ဤတွင် နွားငယ်လည်း ကျေးဇူးရှင်အပေါ် ကျေးဇူးဆပ်လိုစိတ်များ ဝင်လာပြီး...

"ဤဖခင်ပုဏ္ဏားကြီးသည် ငါ့အား ဆင်းရဲပင်ပန်းစွာဖြင့် လုပ်ကျွေးသူ ဖြစ်၏။ ဇမ္ဗူဒီပါ မြေမဟီလွှာဝယ် ငါကဲ့သို့ အားကောင်းမောင်းသန် နွားဟူ၍မရှိ။ ငါ၏ အားအင်အစွမ်းဖြင့် ပုဏ္ဏား၏ မွေးကျေးဇူး၊ ကျွေးကျေးဇူးကို ဆပ်မှ ဖြစ်ပေလိမ့်မည်"

ဟူ၍ ကြံစည်မိ၏။ ထို့နောက် ပုဏ္ဏားကြီးထံသွား၍...

"အို... ဖခင်၊ ဂေါဝိန္ဒသူဌေးထံသို့ သွားပါလော့။ သွားပြီးသကာလ 'အရှင်သူဌေး၊ ကျွန်ုပ်၏နွားသည် တစ်စပ်တည်း ဖွဲ့ချည်ထားသော လှည်းတစ်ရာကို တစ်ကောင်တည်းဖြင့် ရုန်းနိုင်၏။ မယုံကြည်ပါက အသပြာတစ်ထောင်ကြေး လောင်းပါမည်' ဟူ၍ ပြောပါလော့"

ဟု စေလွှတ်လိုက်လေ၏။ ထိုအခါ ပုဏ္ဏားလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဂေါဝိန္ဒသူဌေးထံသွားကာ နန္ဒိဝိသာလ

www.burmeseclassic.com

www.burmeseclassic.com



စေညွှန်သည့်အတိုင်း ပြောဆိုလေ၏။ သူဌေးလည်း သဘောတူလေ၏။ သို့ဖြင့် လောင်းတမ်းပြုကြလေတော့၏။

ထို့နောက် ပုဏ္ဏားလည်း လှည်းတစ်ရာကို သဲ၊ ကျောက်စရစ်တို့ အပြည့်တင်စေပြီး လှည်းတို့ကို တစ်စပ်တည်း ဖွဲ့ချည်ထားလေ၏။ ထို့နောက် နန္ဒိဝိသာလနွားကို ရေမိုးသန့်စင်ပေး၏။ ပန်းကုံးစွပ်လျက် ကျောပြင်၌ အမွှေးနံ့သာတို့ လိမ်းကျံပေး၏။ ထို့နောက် လှည်းဦးထိပ်ရှိ လှည်း၌ ကစေ၏။ ပုဏ္ဏားလည်း လှည်းဦးပေါ်တွင်ထိုင်ကာ နှင်တံကို မြှောက်လျက်...

"ဟဲ့ ကောက်ကျစ်စဉ်းလဲသောနွား၊ ရုန်းလော့ အမြန်ဆုံး ရုန်းလေလော့ အမျိုးယုတ်နွား"

ဟူ၍ ပါးစပ်ထဲတွေ့ရာ ကြမ်းတမ်းရိုင်းပျသော စကားတို့ကို ရေရွတ်လျက် မောင်းနှင်လေ၏။ နန္ဒိဝိသာလနွားလည်း "ငါသည် ကောက်ကျစ်စဉ်းလဲမှု မရှိပါပဲ၊ အမျိုးမယုတ်ပါပဲနှင့် ငါ့အား 'ကောက်ကျစ်စဉ်းလဲသောနွား၊ အမျိုးယုတ်သောနွား' ဟု ဆိုဘိသည်။ သည့်အတွက် ငါ မရုန်း" ဟု စိတ်ပိုင်းဖြတ်ကာ တုတ်တုတ်မျှ မလှုပ်ပေ။ ထိုအခါ ဂေါဝိန္ဒသူဌေးက...

"အို... ပုဏ္ဏား၊ သင့်နွားသည် လုံးဝ မရုန်းနိုင်။ သည့်အတွက် အသပြာတစ်ထောင်ပေးလော့"

ဟုဆိုကာ အသပြာတစ်ထောင်ကို ယူဆောင်သွားလေ၏။ ပုဏ္ဏားလည်း အသပြာတစ်ထောင် ဆုံးရှုံးသွားရလေသည့်အတွက် မအိပ်နိုင်၊ မစားနိုင်ဖြင့် ပူပန်ဆင်းရဲကာ နေလေတော့၏။ ထိုစဉ် နန္ဒိဝိသာလနွားလည်း ပုဏ္ဏားကြီးထံ ရောက်လာပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဖခင်ပုဏ္ဏား၊ အကျွန်ုပ်သည် ဖခင်၏အိမ်၌ နေထိုင်သမျှ ကာလပတ်လုံး မည်သည့်ဥစ္စာပစ္စည်းကိုမျှ မဖျက်ဆီးခဲ့ဘူးပါ။ နေရာမဟုတ်သည်၌လည်း ကျင်ကြီး၊ ကျင်ငယ်တို့ကို မစွန့်ခဲ့ဘူးပါ။

သို့ပါလျက် အကျွန်ုပ်အား အဘယ်ကြောင့် ကောက်ကျစ် စဉ်းလဲသည်ဟု ဆိုပါဘိသနည်း။ အမျိုးယုတ်ဟု ဆိုပါဘိသနည်း။ အကျွန်ုပ်မှာ အပြစ်မရှိ၊ ဖခင်၏အပြစ်သာ ဖြစ်ချေ၏။ ယခုတစ်ဖန် သွား၍ အသပြာနှစ်ထောင်ကြေး လောင်းပါချေလော့"

ဟူ၍ အကျိုးသင့်အကြောင်းသင့်ပြောကာ စေလွှတ်လိုက်လေ၏။ ပုဏ္ဏားကြီးလည်း သူ့အမှားကိုသူ ဆင်ခြင်သတိပြုမိသွားပြီး ဂေါဝိန္ဒသူဌေးထံသို့သွားကာ အသပြာနှစ်ထောင်ကြေးလောင်းရန် စကားစလေ၏။ သူဌေးကလည်း တစ်ခါနိုင်ဖူးထား၍ စကားအထွေအထူး မဆိုတော့ဘဲ အလွယ်တကူပင် လက်ခံလိုက်လေ၏။ သည့်နောက်ပွဲစလေသော် ရှေးကအတိုင်း လှည်းအစီးတစ်ရာကို ဝန်စည်အပြည့်တင်၍ တစ်ဆက်တစ်စပ်တည်းပြုလုပ်ကာ နန္ဒိဝိသာလအား လှည်းဦးတွင် ကစေ၏။ ပုဏ္ဏားလည်း လှည်းဦးတွင်ထိုင်လျက် နန္ဒိဝိသာလ၏ ကျောကိုပွတ်ရင်း...

"အို... လိမ္မာသောနွား၊ ကောင်းသောနွား၊ ငါ၏ချစ်သား၊ အို... ဘယ့်နွား၊ ဝန်ဆွဲပါလော့... ဆွဲပါလော့။ ရုန်းလှည့်ပါလော့... ရုန်းပါလော့"

ဟူ၍ သာယာချိုအေးစွာ သိမ်မွေ့သော စကားလုံးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုသည်ရှိသော် နန္ဒိဝိသာလလည်း တစ်ဟုန်တည်း ရှန်းဆွဲလိုက်လေ၏။ ဤတွင် ဝန်စည်စလှယ်အပြည့် တင်ဆောင်ထားသော လှည်းများသည် အလျင်အမြန် ရွေ့လျားသွားလေတော့ရာ ဂေါဝိန္ဒသူဌေး ရှုံးသွားပြီး ပုဏ္ဏားအား အသပြာနှစ်ထောင် ပေးရလေတော့၏။ ပရိသတ်များလည်း နန္ဒိဝိသာလအား ပေးကမ်းစွန့်ကြဲ ချီးမြှင့်ကြသဖြင့် ဥစ္စာပစ္စည်းမျိုးစုံကိုလည်း ရရှိလေ၏။ ပုဏ္ဏားကြီးလည်း အနိုင်ရသော ငွေကြေးနှင့်တကွ၊ နန္ဒိဝိသာလနှင့် စပ်လျဉ်း၍ ရရှိလာသော ဥစ္စာပစ္စည်းတို့ကို မြင်ရ၍ ဝမ်းမြောက်ပီတိ ဖြစ်ရလေတော့၏။

ဤသို့ ဂေါတမဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားသဘင်ရှိ ရဟန်းတို့အား...

"ရဟန်းတို့၊ ထိုစဉ်အခါက ပုဏ္ဏားကြီးသည် ယခုအခါ အာနန္ဒာဖြစ်လာ၍ နန္ဒိဝိသာလနွားကား ငါဘုရားရှင်ဖြစ်လာ၏"


ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၉။ ကဏှဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၉]

## ကဏှာဇာတ်

သုံးလောကထွတ်ထား ဂေါတမ ရှင်တော်ဘုရားသည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်သာ၌ စမ္မာယ်သီတင်း သုံးနေစဉ် ဖြစ်၏။

တရားသဘင်၌ ရဟန်းအပေါင်းတို့သည် သက်သသောမြို့ ၌ မြတ်စွာဘုရားရှင် တန်ခိုးပြာဋိဟာ ပြခဲ့ပုံနှင့် စပ်လျဉ်း၍ ပြော ဆိုနေကြကုန်၏။

"တို့များ၏ ဘုရားရှင်သည် ဝန်ကို ရွက်ဆောင်ရာ ၌ အတုလံ အတုမရှိ။ တစ်ပါးသူတို့ ရွက်ဆောင်နိုင်ရန် ခက်ခဲလှစွာသော ဝန်ကိုပင် ရွက်ဆောင်နိုင်၏"

ဟူ၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ထုတ်ဖော် ချီးကျူး ကြလေရာ ဘုရားရှင်ကြွလာ၍ အကြောင်းစုံသိရှိရလေသော်...

"ရဟန်းတို့၊ ငါဘုရားရှင်သည် သူတစ်ပါးတို့ မရွက် ဆောင်နိုင်သော ဝန်ကို ယခုမှသာ ရွက်ဆောင်နိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ရှေးအတိတ်ကာလ တိရစ္ဆာန်ဘဝဖြစ်စဉ်က ရှက်ဆောင်နိုင်ခဲ့ဖူး၏”

ဟူ၍ စကားစပ်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်အခါက ဖြစ်၏။ တစ်ခုသော ဇနပုဒ်၌ အဘွားအိုတစ်ယောက် ရှိလေ၏။ ထိုအဘွားအိုထံ၌ နွားငယ်တစ်ကောင် ရှိလေရာ အဘွားအိုသည် နွားငယ်ကို သားငယ်အမှတ်ဖြင့် များစွာ မြတ်နိုးချစ်ခင်လျက် နေ့စဉ်နေ့တိုင်း ယာဂုထမင်း စသည်တို့ကို ကျွေးမွေးလေ၏။

နွားငယ်၏အမည်ကား 'အယျိကာကာဠက' ဖြစ်၏။

အရွယ်ရောက်လေသော် ညိုမှောင်သော အဆင်းတို့ဖြင့် တကယ် လှပေ၏။ ၎င်းသည် တိရစ္ဆာန်ဖြစ်စေကာမူ အကျင့်သီလနှင့် ပြည့်စုံ၏။ ဇနပုဒ်ရှိကလေးသူငယ်တို့သည် ၎င်းအား ချစ်ခင်ကြသဖြင့် ၎င်း၏ချိုဖျား၌ လည်းကောင်း၊ နားရွက်၌ လည်းကောင်း၊ အမြီး၌ လည်းကောင်း ကိုင်ဆွဲ၊ ခိုဆွဲလျက် ကစားကြကုန်၏။ ကျောကုန်းပေါ်သို့လည်း တက်စီးကြကုန်၏။ 'အယျိကာ ကာဠက' သည် ကလေးတို့ကို အလိုလိုက်၊ အကြိုက်ဆောင်သဖြင့် တစ်ရွာလုံး၏ ချစ်ခင်မှုကို ခံရပါလေ၏။

တစ်နေ့သ၌ အယျိကာကာဠကသည် ဆင်ခြင်စဉ်းစားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါ၏အမိကား အိုမင်းလှပေပြီ။ ငါ့အား ဤအရွယ် ရောက်သည့်တိုင်အောင် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ကျွေးမွေး ရရှာ၏။ ယခု ငါသည် အလုပ်လုပ်နိုင်သောအရွယ် ဖြစ် ၏။ အလုပ်လုပ်၍ ငါ့အမိအိုအား ဆင်းရဲခြင်းမှ ကင်းလွတ် အောင် ပြုလုပ်ပါအံ့"

ထိုသို့ ကြံစည်စဉ်းစားမိသည်နှင့် အယျိကာ ကာဠကလည်း အစားလုပ်၍ ရနိုင်မည့်နေရာတို့ကို လှည့်လည် ရှာဖွေလေတော့ ၏။

အခါတစ်ပါး၌ လှည်းကုန်သည်တစ်ယောက်သည် လှည်း ငါးရာဖြင့် ကုန်ရောင်းကုန်ဝယ် ထွက်လာခဲ့ရာ လမ်းခုလတ် တစ်နေရာ၌ အသွားအလာခက်ခဲသော ချိုင့်၊ ခလုတ်၊ ကန်သင်း များနှင့် ရင်ဆိုင်ရလေ၏။ သည့်အတွက် နွားတို့ကို ဖြုတ်၍ ထမ်းပိုး အဆက်ဆက် စီမံလျက် လှည်းတစ်စီးကိုပင် နွားအလုံးစုံ ရုန်းကန်စေပါသော်ငြား လှည်းကား တက်ဖို့မဆိုထားဘိ။ အနည်း ငယ်မျှပင် မရွေ့ချေ။ အယျိကာ ကာဠကသည် ထိုအနီးဝန်းကျင် ၌ အခြားသောနွားတို့နှင့်အတူ ကျက်စားနေချိန် ဖြစ်၏။ လှည်း ကုန်သည်လည်း အယျိကာ ကာဠကကို မြင်လျှင်မြင်ချင်း နွား ကောင်းတို့၏ ကြန်အင်လက္ခဏာကို ကောင်းစွာ သိသည်ဖြစ်၍ နွားကျောင်းသားတို့နှင့် စကားဆိုမိလေ၏။

"အမောင်တို့ အဆိုပါနွားကား မည်သူ၏နွား ဖြစ်ပါ သနည်း။ အဆိုပါနွားဖြင့် ငါ၏လှည်းတို့ကို ဆွဲစေပါက ငါ၏ အခက်အခဲတို့ ပြေလည်နိုင်လိမ့်မည်။ သင်တို့ ခွင့်ပြု ပါက အသုံးပြုပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောဆိုလေရာ၊ နွားကျောင်းသားတို့ကလည်း အယျိကာ ကာဠကာ၏ ပိုင်ရှင်မှာ ဤအနီးတွင်မရှိကြောင်း၊ ထိုက်တန်သော အဖိုးအခကို ပေးမည်ဆိုပါက အသုံးပြုနိုင်ကြောင်း ပြောဆိုလေ၏။ လှည်းကုန်သည်လည်း အခွင့်ရသည်နှင့် အယျိကာ ကာဠကာ၏ နဖားကြိုးကိုဆွဲ၏။ သို့ရာတွင် နေရာမှရွေ့အောင် မဆွဲနိုင်ချေ။ ဤ၌ လှည်းကုန်သည်လည်း

"ဤနွားကား အဖိုးအခကို တိတိကျကျ ပြောဆိုလိုဟန် ရှိပေသည်"

ဟူ၍ နှလုံးသွင်းလိုက်မိပြီး...

"အို... အသင်နွား၊ ငါ၏ လှည်းငါးရာတို့ကို မညီညွတ်သော နေရာမှ လွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်ပါလျှင် လှည်းတစ်စီးကို နှစ်သပြာထားလျက်၊ စုစုပေါင်း အသပြာတစ်ထောင်တိတိ ပေးပါမည်"

ဟူ၍ ပြောဆို၏။ ထိုအခါ အယျိကာ ကာဠကလည်း နဖားကြိုးကိုမျှ ဆွဲခေါ်စရာ မလိုတော့ဘဲ လှည်းငါးရာရှိရာသို့ သွားလေတော့၏။ နွားကျောင်းသားတို့ကလည်း အနောက်မှလိုက်လာကာ ရှေ့ဆုံးလှည်းမှစ၍ တစ်စီးစီ၊ လှည်းငါးရာကုန်သည့်တိုင်အောင် ထမ်းပိုးတွင်တပ်ကာ ညီညာပြေပြစ်သောလမ်းတိုင်အောင် ဆွဲစေ၏။ အယျိကာ ကာဠကလည်း ညီညာပြေပြစ်သော လမ်းသို့ ဆွဲပေးနိုင်ခဲ့လေ၏။ ဤတွင် လှည်းကုန်သည်သည် စိတ်ဓာတ်ပြောင်းလျက် လှည်းတစ်စီးလျှင် တစ်သပြာနှုန်း

www.burmeseclassic.com

www.burmeseclassic.com



တွက်လျက် အသပြာငါးရာကို အထုပ်ထုပ်က အယျိကာ ကာဋ္ဌက၏ လည်၌ ဆွဲပေးလိုက်လေ၏။

အယျိကာ ကာဋ္ဌကလည်း ကုန်သည်၏ ကတိမတည်ခြင်းကို သိရှိသည့်အလျောက် လျှည်းငါးရာတို့ မသွားနိုင်စေရန် လှည်းအပေါင်း၏ရှေ့တွင် မားမားမတ်မတ်ကြီး ရပ်တံ့နေတော့၏။ လှည်းကုန်သည်လည်း...

"ဤနွားကား တိရစ္ဆာန်ဖြစ်ပါသော်ငြား ငါ အဖိုးအခလျော့နည်းစွာ ပေးသည်ကို သိဟန်တူ၏။ သည်အတိုင်း မဖြစ်ပြီ"

ဟုဆိုကာ အသပြာတစ်ထောင်ပြည့်အောင် ဖြည့်ပြီး လည်တွင် ပြန်လည်ဆွဲပေးလိုက်လေ၏။ အယျိကာ ကာဋ္ဌကလည်း အသပြာတစ်ထောင်ရပြီဖြစ်၍ မိခင်အမယ်အိုထံသွားရန် နေရာမှ လှမ်းခဲ့လေ၏။ ဤတွင် နွားကျောင်းသားတို့သည် ၎င်း၏ လည်၌ ဆွဲထားသော အသပြာထုပ်အား စူးစမ်းရန် အနားကပ်သည်ရှိသော် အနားသို့ လုံးဝ အကပ်မခံဘဲ ဇွေ့ရမ်းခြောက်လှန့်လျက် မိခင်အိုထံ အရောက်သွားလေတော့၏။ မိခင်အိုသည် အယျိကာကာဋ္ဌကထံမှ အသပြာတစ်ထောင်ကို မြင်လေသော အခါ အကြောင်းရင်းကို သိလိုသဖြင့် နွားကျောင်းသားတို့ကို မေးမြန်းရလေ၏။ အကြောင်းစုံ သိလေသော်...

"ချစ်သား၊ ချစ်သားသည် လှည်းငါးရာကို ရုန်းရသဖြင့် ပင်ပန်းလှပါပြီကော။ ချွေးတို့လည်း တဒီးဒီးကျလျက် ရှိ၏။ သင် လုပ်၍ရသော ငွေကြေးဖြင့် မိခင်၏

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးကို ဆပ်ရသလော။ အဘယ်ကြောင့် ဤရွှေ့ဤမျှ ပင်ပန်းဆင်းရဲခံပါသနည်း”

ဟူ၍ ကရုဏာဒေါသောဖြင့် ပြစ်တင်လျက် အယျိကာ ကာဠကအား ရေနွေးဖြင့် တစ်ကိုယ်လုံးကို ရေချိုးပေး၏။ ပြီးလေသော် တစ်ကိုယ်လုံး ဆီလိမ်းပေးကာ ရေကြည်ကို သောက်စေလျက် ကောင်းသော အစားအသောက်များကို ကျွေးမွေးလေ၏။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားသဘင်အတွင်း၌

“ရဟန်းတို့၊ ထိုစဉ်အခါက အမယ်အိုသည် ယခုအခါ ဥပ္ပလဝဏ်ထေရီ ဖြစ်လာ၏။ အယျိကာ ကာဠကကား ငါ ဘုရားရှင် ဖြစ်လာ၏”

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၃၀။ မုနိကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၀]

# မုနိကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး စံမွေ့ယ်စဉ်က ဖြစ်လေ၏။

ထိုကာလ၌ ရဟန်းတစ်ပါးသည် အပျိုကြီးတစ်ယောက်၏ ဖြားယောင်းမှုဖြင့် သာသနာတော်၌ မပျော်မွေ့ဘဲ မကြာခဏ ဆိုသလို လူထွက်မည်တကဲကဲ လုပ်နေ၏။ ဤတွင် ရဟန်းတို့ လည်း ထိုရဟန်းအား ဘုရားရှင်ရှေ့တော်မှောက်သို့ခေါ်၍ အကျိုး အကြောင်း လျှောက်ထားလေ၏။ ဤတွင် ဘုရားရှင်က ထို ရဟန်းအား...

"ချစ်သားရဟန်း၊ အဆိုပါ အပျိုကြီးကား ယခုမှသာ သင့်အကျိုးမဲ့အောင် ပြုသည်မဟုတ်။ ရှေးအခါကလည်း အဆိုပါအပျိုကြီး လက်ထပ်သောနေ့၌ သင်သည် လူအများ စားသောက်ဖို့ရန်အတွက် လက်သုပ်ဟင်းလျာ ဖြစ်ခဲ့ဖူး လေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ၌။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ရွာငယ်တစ်ခု၌ သူကြွယ်တစ်ဦးအိမ်ဝယ် နွားညီနောင်ရှိလေသည်။ နွားညီနောင်မှာ 'မဟာလောဟိတ' နှင့် 'စူဠလောဟိတ' တို့ ဖြစ်ကြ၏။ ထိုနွားညီနောင်တို့သည် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အမှုကိစ္စအရပ်ရပ်တို့ကို ရွက်ဆောင်ပေးကြကုန်၏။

ထိုသူကြွယ်၏အိမ်၌ အရွယ်ရောက်ပြီဖြစ်သော သမီးပျိုတစ်ဦး ရှိလေသည်။ တစ်နေ့သော် ထိုသမီးပျိုအား မြို့ပေါ်ရှိ အမျိုးသားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားရန် စေ့စပ်လမ်းကြောင်း ပြုကြလေ၏။ သမီးပျို၏ မိဘဖြစ်သော သူကြွယ်ဇနီးမောင်နှံက သမီးဖြစ်သူ လက်ထပ်ထိမ်းမြား မင်္ဂလာပြုသောရက်၌ ဧည့်ပရိသတ်တို့ကို လက်သုပ်ဟင်းလျာအဖြစ် ကျွေးမွေးဧည့်ခံရန် အလို့ငှာ 'မုနိက' မည်သော ဝက်တစ်ကောင်အား ယာဂုထမင်း ကျွေးမွေးလျက် မွေးမြူထားလေ၏။

ထိုအခါ စူဠလောဟိတသည် အစ်ကိုထံသို့ သွားလျက်...

"အစ်ကို၊ ကျွန်ုပ်တို့ နွားညီနောင်မှာ ဤအိမ်ရှိ လယ်ယာ အလုပ်၊ ကုန်သွယ်အလုပ်၊ အိမ်မှုကိစ္စအလုပ်မှန်သမျှ တို့ကို ပင်ပင်ပန်းပန်း ဆောင်ရွက်ရ၏။ သို့ပါသော်ငြား ဘာမဟုတ်သည့် မြက်၊ သစ်ရွက်နှင့် ဖွဲတို့ကိုသာ စားကြ

www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။ 'မုနိက' ဆိုသည့် ဝက်မှာမူ မည်သည့်အလုပ်မျှ မရှိ၊ အိပ်ပြီးစား, စားပြီးအိပ်နှင့် ဟန်ကျလှပါဘိ၏။ အား ကျလိုက်ပါဘိ. အစ်ကို"

ဟူ၍ ပြောလေသော် နောင်တော် မဟာလောဟိတက

"ညီငယ်၊ သင်သည် မုနိကကို အားမကျပါနှင့်။ ၎င်း စားသောက်နေရသော အစားကောင်း အသောက်ကောင်း တွေကိုလည်း မျှော်လင့် မတမ်းတပါနှင့်။ ငါတို့အတွက် မြက်၊ သစ်ရွက်၊ ဖွဲတို့ စားရခြင်းကား အသက်ရှည်စေပါ ၏။ ဤဝက်၏ ကံကြမ္မာကို ငါ့ညီ မကြာခင် တွေ့မြင်ရ ပါလိမ့်မည်"

ဟူ၍ ပြောဆို ဆုံးမလေ၏။ မကြာမတင်ကာလ သို့ ရောက် လေသောအခါ မိန်းမပျိုကလေး၏ ထိမ်းမြားလက်ထပ်ရက်သို့ ရောက်ရှိလာလေ၏။ ဤတွင် အချက်အပြုတ်သမားများသည် မုနိကဝက်အား ဖမ်းဆီးကြ၏။ ထို့နောက် သတ်ဖြတ်၊ ရေနွေး ဖျော၊ အမွေးသင်၊ ခုတ်ထစ်လှီးဖြတ်ပြီးလေသည့်အခါ ချက်ပြုတ် ကြကုန်၏။ အခေါက်အသားတို့ကို အသုပ်ပြုကြကုန်၏။ ထို့ နောက် မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြကုန်သော ဧည့်ပရိသတ် အပေါင်းအား ကျွေးမွေးကြကုန်၏။ ထိုအခါ မဟာလောဟိတ လည်း စူဠလောဟိတကိုခေါ်၍...

"ကြည့်ပါလော့ ညီငယ်၊ သင် ယခု မုနိက၏ အဖြစ် အပျက်တို့ကို မျက်ဝါးထင်ထင် တွေ့ပြီမဟုတ်လော"

ဟု ဆိုလေ၏။ ထိုအခါ ညီငယ်လည်း...

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါပေစွ အစ်ကို၊ ကျွန်အဖို့ မုနိက စားသောက်နေရသော အစားကောင်း အသောက်ကောင်းတို့၏ အပြစ်ကို မြင်ပါပြီ။ စင်စစ် ကျွန်ုပ်တို့ စားသောက်နေရသော မြက်၊ သစ်ရွက်၊ ဖွဲတို့မှာ မုနိက စားသောက်ရသော ယာဂုထမင်းတို့ထက် အဆပေါင်းများစွာ မွန်မြတ်လှပါဘိ။ အပြစ်လည်း ကင်းပါဘိ။ အသက်ရှည်ခြင်းလည်းဖြစ်ပါ၏"

ဟူ၍ ပြောကြားလိုက်လေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် ရဟန်းအပေါင်းအား...

"ရဟန်းတို့၊ ထိုစဉ်အခါက မုနိက မည်သော ဝက်သည် ယခုအခါ သာသနာတော်၌ ငြီးငွေ့သော ရဟန်းဖြစ်လာ၏။ မိန်းမပျိုသည် ယခုအခါ ၎င်းအား ဖြားယောင်းသော အပျိုကြီး ဖြစ်လာ၏။ ညီငယ်စူဠလောဟိတကား အာနန္ဒာဖြစ်လာ၍ အစ်ကို မဟာလောဟိတမှာမူ ငါ ဘုရားရှင် ဖြစ်လာလေ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းပြီး သစ္စာလေး၊ ဒေသနာတော်ကို ဟောကြားတော်မူ၏။ ဒေသနာတော် ဆုံးလေသော် အပျိုကြီး ဖြားယောင်းသဖြင့် သာသနာတော်မှ ထွက်လုဆဲဆဲ ရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့ပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



# ၃၁။ ကုလာဝကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

ကုလာဝကဇာတ်

[၃၁]

# ကုလာဝကဇာတ်

နတ်၊ လူ၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်တွင် ဇေတဝန်ကျောင်းတော်သာ၌ စမ္မာယ်သီတင်းသုံးနေတော်မူခိုက် ကောသလမည်သော ဇနပုဒ်ရှိ ရဟန်းငယ်နှစ်ပါးသည် ဘုရားရှင်အား ဖူးမြော်ရန်အတွက် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိလာကြကုန်၏။ လမ်းခုလတ်၌ ရေသောက်မည်ဟု ဆန္ဒပြင်းပြသောအခါ ရဟန်းငယ်တစ်ပါး၌သာ ရေစစ်ရှိ၍ ကျန်ရဟန်းငယ်တစ်ပါး၌မူ ရေစစ် ပါမလာခဲ့ချေ။ သည့်အတွက် ရေစစ်တစ်ခုဖြင့် နှစ်ပါးအတူ ရေကိုစစ်၍ သောက်ကြရလေ၏။

သို့ဖြင့် ရှေ့သို့ ခရီးဆက်လာရာ ရဟန်းငယ်နှစ်ပါးသည် မသင့်မတင့် ဖြစ်ကြလေ၏။ သည့်အတွက် ရေသောက်လိုသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ရေစစ်ရှိသော ရဟန်းငယ်က ရေကိုစစ်၍ သောက်၏။ ရေစစ်မရှိသော ရဟန်းငယ်ကမူ ရေစစ်ကိုငှား၍ မရသည့်အတွက် ရေကိုမစစ်ဘဲ သောက်လေ၏။

သို့ဖြင့် သာဝတ္ထိပြည်သို့ ရောက်ရှိပြီး ဘုရားရှင်ထံမှောက် ရောက်ခဲ့ကြလေ၏။ ဘုရားရှင်ကလည်း အာဂန္တုရဟန်းငယ်နှစ်ပါးကို ဝမ်းမြောက်ဝမ်းသာ ပြောဟောမြဲအတိုင်း ပြောဟောပြီးနောက် ခရီးလမ်းပန်း၌ တွေ့ကြုံရသည်တို့ကို မေးမြန်းလေ၏။ ထိုအခါ ရေစစ်ရှိသော ရဟန်းငယ်က...

"အရှင်ဘုရား၊ ဤရဟန်းကား ရေ၌ ပိုးလောက်လန်းများ ရှိ မရှိ မဆင်ခြင်ဘဲ ရေကိုစစ်ခြင်းမရှိ၊ ပကတိအတိုင်း သောက်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ရေစစ်မရှိသော ရဟန်းငယ်က...

"အရှင်ဘုရား၊ တပည့်တော်နှင့် ၎င်းတို့ ခိုက်ရန်ဖြစ်ကြသည့်အတွက် ၎င်းက တပည့်တော်အား ရေစစ်မငှားပါ။ သည့်အတွက် ၎င်းပြောဆိုသည့်အတိုင်း ရေကိုမစစ်ဘဲ သောက်ရပါသည်"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ရေစစ်မငှားရမ်းသော ရဟန်းငယ်ကို အပြစ်တင်၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထို့နောက် ပိုးရှိမှန်းသိပါလျက် ရေကို မစစ်ဘဲသောက်သော ရဟန်းငယ်ကိုလည်း အပြစ်တင်၍ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားရဟာန်း၊ ရှေးပညာရှိတို့ကား သိကြားမင်းဖြစ်၍ အသုရာနှင့် စစ်ရှုံးသဖြင့် ပြေးလွှားရင်း ဂဠုန်ငှက်တို့ အသက်ကိုပေးလျက် ရထားကို ပြန်လှည့်ဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောအခါကာလ။

မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်လျက် ရှိ၏။ ဤ၌ မစလရွယ်ငယ်၌ မာဃလုလင်အမည်ရှိ အမျိုးကောင်းသားတစ်ယောက် ရှိလေ၏။ မာဃလုလင်သည် သားသမီးတို့ ပွားစည်းလျက် အလျှုဖြင့် မွေ့လျော်လျက်ရှိလေ၏။ ငါးပါးသီလကိုလည်း စောင့်ထိန်း၏။ အဆိုပါ မစလရွာငယ်၌ သုံးကျိပ်သုံးယောက်သော အမျိုးကောင်းသားတို့လည်းရှိကြလေ၏။

တစ်နေ့သ၌ မဃလုလင်သည် မစလရွာ၌ ခြေတို့ဖြင့် မြေကို ယက်ညှိကာ မွေ့လျော်ဖွယ်ကောင်းအောင် ပြုပြင်မွမ်းမံလေ၏။ ထိုအချိန်တွင် အခြားဒေသမှ လူတစ်ယောက်သည် မစလရွာသို့ ရောက်လာလေ၏။ ဤတွင် မာဃလုလင်သည် အရပ်တစ်ပါးသို့ ပြောင်းရွှေ့ကာ မွေ့လျော်ဖွယ်ရှိအောင် ပြုပြင်မွမ်းမံပြန်၏။ ထိုအခါ အရပ်တစ်ပါးမှ လူတစ်ယောက်လည်း မာဃလုလင်ရှိသော အရပ်ဒေသသို့ ရောက်လာပြန်၏။ မာဃလုလင်သည် ပတ်ဝန်းကျင် သာမောဖွယ်ရှိအောင် ပြုပြင်မွမ်းမံ၏။

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာပ်တို့ကို ဆောက်၏။ ဇရပ်တို့ကို ဆောက်၏။ ရေချမ်းစင်ကို တည်၏။

ဤတွင် တစ်ရွာတည်းနေ သုံးကျိပ်သုံးယောက်သော အမျိုးကောင်းသားတို့လည်း မာဃလုလင်နှင့် စိတ်တူသဘောတူဖြစ်ကာ ငါးပါးသီလကို စောင့်ထိန်းကြကုန်၏။ ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၏။ နံနက်စောစော အိပ်ရာမှ ထကြကာ မာဃလုလင်နှင့်အတူ ပဲခွပ်၊ ပုဆိန် စသော လက်နက်တို့ကို စွဲကိုင်လျက် မြက်၊ ချုံ၊ သစ်ပင်တို့ကို သုတ်သင်ရှင်းလင်းကာ ခရီးလမ်းတို့ကို ညီညွတ်ပြေပြစ်အောင် ပြုပြင်ကြကုန်၏။ တံတားတို့ကို ခင်းကုန်၏။ ရေတွင်း၊ ရေကန်တို့ကို တူးကုန်၏။ ဇရပ်တို့ကို ဆောက်လုပ်ကုန်၏။ ဤသို့သောနည်းဖြင့် အခြားသောရွာသူရွာသားတို့လည်း ငါးပါးသီလကိုလည်း စောင့်ထိန်းကြကုန်၏။ ကောင်းမှုကုသိုလ်ကိုလည်း ပြုကြကုန်၏။ မာဃလုလင်၏ သွန်သင်ဆုံးမမှုအပေါ်တွင် လိုက်နာကြကုန်၏။

ထိုအခါ ရွာစားသည် အမြင်ကြည်လင်မှုမရှိတော့ဘဲ...

"ရှေးအခါက မစလရွာသားတို့သည် မူးယစ်သောက်စားခြင်း၊ သတ်ဖြတ်ညှဉ်းဆဲခြင်း စသော မတရားမှုများကို ပြုကြသည့်အတွက် လာဘ်သပ်ပကာ ပြည့်စုံကုန်၏။ ယခုမူကား မာဃလုလင်၏ အဆုံးအမတည်ကာ မတရားမှု ကိစ္စများကို မပြုကြဘဲ ကုသိုလ်ကောင်းမှုကိုသာ ပြုနေကြသည့်အတွက် လာဘ်လာဘများ ဆုတ်ယုတ်ရလေပြီ"

ဟူ၍ မာဃလုလင်အပေါ် အမျက်ထွက်လေ၏။ ထို့နောက် မင်းကြီးထံသို့သွားကာ မဟုတ်မမှန် လုပ်ကြံလီဆည်၍...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး ယခုအခါတွင် မာဃလုလင်ဦးဆောင်သော ဓားပြသူခိုးများသည် ရွာငယ်ဇနပုဒ်တို့ကို ဖျက်ဆီးနေကြပါ၏"

ဟူ၍ လျှောက်တင်လေသော် မင်းကြီးလည်း အခြေအနေမှန်ကို စူးစမ်းဆင်ခြင်မှု မရှိဘဲ...

"ထို မာဃလုလင်နှင့်တကွ ဓားပြသူခိုးများကို ငါ့ထံ ဖမ်းဆီး၍ ခေါ်ဆောင်လာလော့"

ဟူ၍ အမိန့်ပေးလေ၏။ ရွာစားလည်း ပြန်ရောက်သည်နှင့် မာဃလုလင်နှင့်တကွ အပေါင်းပါအားလုံးတို့အား ဖမ်းဆီးခေါ်ဆောင်ကာ မင်းကြီးထံ အပ်နှံလေ၏။ မင်းကြီးလည်း စစ်ဆေးမေးမြန်းခြင်းမရှိဘဲ "သတ်စေ" ဟူ၍ တစ်ချက်လွှတ်အမိန့်ကို ပေးလေ၏။ ရွာစားလည်း မာဃလုလင်နှင့် အပေါင်းပါတို့အား မင်းရင်ပြင်တွင် အိပ်စေ၍ ဆင်ဖြင့်နင်းသတ်ရန် ကြိုးစည်လုပ်ဆောင်လေ၏။ မာဃလုလင်လည်း ၎င်း၏ အပေါင်းအပါ သုံးကျိပ်သုံးယောက်တို့အား...

"အမောင်တို့၊ ဘာမျှ စိုးရိမ်ထိတ်လန့်ခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်းတို့ မဖြစ်ကြလင့်။ မိမိတို့ စောင့်ထိန်းအပ်သော သီလကို ဆင်ခြင်ကြကုန်လော့။ ကုန်းတိုက်သော ရွာစားကို လည်းကောင်း၊ မင်းကြီးကိုသော် လည်းကောင်း၊ မိမိတို့အား နင်းချေသတ်ဖြတ်မည့် ဆင်ကိုသော် လည်းကောင်း အမျက်ဒေါသ မထွက်ကြပါနှင့်။ မိမိကိုယ်နှင့်ထပ်တူထပ်မျှထားကာ မေတ္တာပွားများကြပါကုန်လော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဆုံးမသွန်သင်၏။ လုလင်သုံးကျိပ် သုံးယောက်ကလည်း မာဃလုလင် အဆုံးအမပေါ်၌ တည်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုကြ၏။

ထိုအချိန်တွင် ရှာစားစိစဉ်သော ဆင်သည် မာဃလုလင်နှင့် အပေါင်းပါတို့အား နင်းချေသတ်ဖြတ်ရန် မင်းရင်ပြင်သို့ ဝင်လာခဲ့၏။ အနားသို့ ရောက်လေသော် မနင်းဝံ့ဘဲ အော်ဟစ်ပြေးလေ၏။ ထိုဆင် ထွက်ပြေးသော အခြားဆင်တစ်ကောင်ကို လဲလှယ်ခိုင်းစေပြန်၏။ ထိုဆင်သည်လည်း အလားတူပင် အနားသို့ မကပ်ဝံ့ဘဲ အော်ဟစ် ထွက်ပြေးပြန်လေ၏။ သည်အဖြစ်အပျက်တို့ကို မင်းကြီး ကြားသိရလေသော် မင်းချင်းတို့အား...

"မာဃလုလင်နှင့် အဖွဲ့၌ အစွမ်းထက်သော ဆေးကောင်း အဆောင်ကောင်းတို့ ရှိလိမ့်မည်။ ရှာဖွေကြကုန်လော့"

ဟူ၍ အမိန့်ပေးလေ၏။ အမိန့်တော်အရ မင်းချင်းတို့က ရှာဖွေကြသော်ငြား မည်သည့်ဆေးဝါး၊ အဆောင်တို့ကို မတွေ့ရ။ ထိုအခါ မင်းကြီးက 'ဆေးကောင်း၊ အဆောင်ကောင်းတို့ မရှိလျှင် မန္တရားကောင်း ရှိလိမ့်မည်။ မေးကြကုန်လော့' ဟု မိန့်ပြန်၏။ ထိုအခါ မင်းချင်းတို့က...

"အသင်တို့မှာ မန္တရားကောင်း ရှိပါသလော"

ဟု မေးကြ၏။ မာဃလုလင်က...

"ရှိပါ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေ၏။ ထိုအကြောင်းကို မင်းကြီးထံ တင်လျှောက်လေသော် မင်းကြီးလည်း မာဃလုလင်အား မန္တရားကောင်းကို မေးလေ၏။ မာဃလုလင်က...

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့၌ အခြားသော မန္တရားကောင်း မရှိပါ။ သူတစ်ပါး၏အသက်ကို မသတ်ကြပါ။ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို မခိုးမဝှက်ကြပါ။ သူတစ်ပါး၏ သားမယားကို မပြစ်မှားကြပါ။ သေရည်သေရက်ကို မသောက်ကြပါ။ မဟုတ်မမှန်သောစကားကို မပြောဆိုကြပါ။ အလှူဒါနကို ပြုကြပါ၏။ မေတ္တာတရားကို ပွားများကြပါ၏။ လမ်းခရီးကို ညီညွတ်အောင် ပြုပြင်ကြပါ၏။ ရေတွင်းရေကန်များကို တူးကြပါ၏။ လူတို့ နားခိုနိုင်ကြစေရန် ဇရပ်တို့ကို ဆောက်လုပ်ကြပါ၏။ ဤသည်ပင် ကျွန်ုပ်တို့၏ မန္တရားကောင်း ဖြစ်ပါ၏။ ပရိတ်အရံအတားကောင်းလည်း ဖြစ်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ဤတွင် မင်းကြီးလည်း မာဃလုလင်နှင့် နောက်လိုက်နောက်ပါတို့ကား ဓားပြသူခိုးများ မဟုတ်ကြကြောင်း၊ သူတော်ကောင်းများသာ ဖြစ်ကြကြောင်း သဘောပေါက်ပြီး ကြည်ညိုစိတ်များ ဖြစ်ပေါ်လာခဲ့၏။ ဤတွင် မဟုတ်မမှန် ကုန်းချောစကားဆိုသော ရွာစားအား မာဃလုလင်တို့အား ကျွန်ပြုရန် ပေးအပ်၏။ ထို့နောက် ရွာစားပိုင်ဆိုင်သော ဥစ္စာစည်းစိမ်တို့ကိုလည်းကောင်း၊ နင်းသတ်ရန် စေခိုင်းခဲ့သော ဆင်တို့ကို လည်းကောင်း၊ ပေးအပ်တော်မူ၏။ ထိုနေ့မှစ၍ မာဃ

www.burmeseclassic.com

www.burmeseclassic.com



လုလင်တို့ အလိုရှိတိုင်း ကုသိုလ်ကောင်းမှု ပြုလုပ်ရန် ခွင့်ပြုတော်မူလေ၏။

ဤတွင် မာဃလုလင် အမှူးပြုသော နောက်ပါသုံးကျိပ်သုံးယောက်တို့မှာလည်း အသက်လည်းချမ်းသာ၊ ဥစ္စာစည်းစိမ်၊ ကျေးကျွန်တို့နှင့်လည်း ပြည့်စုံသဖြင့် အလိုရှိတိုင်း ကောင်းမှုကုသိုလ်တို့ကို ပြုကြလေ၏။ ခရီးလမ်းမ လေးဆုံဝယ် ခိုင်ခံ့ကောင်းမွန်သော ဇရပ်ကြီးကို ဆောက်လုပ်၏။ ဆန္ဒရာဂကင်းသူများ ဖြစ်ကြ၍လည်း ၎င်းတို့၏ ကုသိုလ်ဘာဂကို မိန်းမတို့အား မပေးကြကုန်။

မာဃလုလင်၌ သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုဇာတာမည်သော မယားလေးယောက် ရှိ၏။ ထိုမယားလေးယောက်တွင် သုဓမ္မာသည် တံစိုးလက်ဆောင်ပေး၍ လက်သမားကြီးများနှင့် ပူးပေါင်းလျက် ဇရပ်တွင် ထုပိကာ ကုသိုလ်ပါဝင်၏။ သုစိတ္တာမှာမူ ဇရပ်ဝင်းခြံအတွင်း၌ အသီးအပွင့်တို့နှင့် ပြည့်စုံသော သာယာရှုမောဖွယ်ကောင်းသည့် ဥယျာဉ်ကို ဖန်တီးကာ ကုသိုလ်ပါဝင်၏။ သုနန္ဒာကမူ အဆင်းငါးပါးရှိသော ပဒုမ္မာကြာတို့ဖြင့် တင့်မောဖွယ်ကောင်းသော ရေကန်ကိုတူးကာ ကုသိုလ်ပါဝင်၏။ သုဇာတာမှာမူ မည်သည့်ကုသိုလ်မျှ ပါဝင်ခြင်းမရှိပေ။ မာဃလုလင်သည် အမိအား လုပ်ကျွေးခြင်း၊ အဘအား လုပ်ကျွေးခြင်း၊ သက်ကြီးရွယ်အိုတို့အား ပူဇော်ခြင်း၊ မှန်ကန်သော စကားကိုသာ ဆိုခြင်း၊ ကြမ်းတမ်းသော စကားတို့ကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ကုန်တိုက်မှုမှ ရှောင်ကြဉ်ခြင်း၊ ဝန်တိုမှုမှ ရှောင်ကြဉ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း စသည်တို့ကြောင့် သေလွန်သောအခါ တာဝတိံသာ၌ သိကြားမင်းအဖြစ်ကို ရရှိလေ၏။ သုံးကျိပ်သုံးယောက်သော အဆွေခင်ပွန်းတို့မှာလည်း တာဝတိံသာနတ်ပြည်၌ နတ်သားများ ဖြစ်လာကြလေ၏။

ထိုစဉ်ကာလ၌ တာဝတိံသာနတ်ပြည်၌ အသုရာတို့ နေကြကုန်၏။ ထိုအခါ သိကြားမင်းသည် သူတစ်ပါးတို့နှင့် စပ်ဆိုင်သော စည်းစိမ်ကို ခံစားနေကြသော အသုရာတို့အား နတ်၌ဖြစ်သော အဖျော်တို့ကို တိုက်စေ၏။ အသုရာတို့ သောက်သုံးပြီး ယစ်မူး မေ့လျော့သောအခါတွင် မြင်းမိုရ်တောင်ခြေရင်းသို့ ပစ်ချစေကုန်၏။ အသုရာတို့လည်း ထိုအခါမှ အသုရာပြည်သို့ ရောက်ကြရလေကုန်၏။ အသုရာပြည်ဆိုသည်မှာ မြင်းမိုရ်တောင်အောက်တွင် ရှိ၏။ အကျယ်အဝန်းမှာ တာဝတိံသာနတ်ပြည်နှင့် အလားသဏ္ဍာန်ပင်။ ထို့ပြင် အသုရာပြည်၌ တာဝတိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်ကဲ့သို့ တစ်ကမ္ဘာပတ်လုံးတည်သော ထူးဆန်းသည့် သခွတ်ပင်ကြီး တစ်ပင်ရှိလေ၏။ အသုရာတို့သည် သခွတ်ပင်မှ သခွတ်ပန်းတို့ ပွင့်လေသောအခါကျမှ...

"ဤပြည်ကား ငါတို့ နတ်ပြည်မဟုတ်။ နောက်မှ ရောက်လာသော သိကြားမင်းသည် ငါတို့ကို မူးယစ်မေ့လျော့အောင် ပြု၏။ ထို့နောက် ငါတို့အား မြင်းမိုရ်တောင်ခြေရင်းသို့ ပစ်ချပြီး ငါတို့ နတ်ပြည်အား လုယက်သိမ်းပိုက်ထားဘိသည်"

ဟူ၍ အသိဝင်လာပြီး အမျက်ဒေါသထွက်ကာ သိကြားမင်းအား စစ်တိုက်ကာ တာဝတိံသာကို ပြန်လည် ရယူမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကြံစည်ကာ မြင်းမိုရ်တောင်ထိပ်ပေါ်သို့ တက်လျက် သိကြားမင်းနှင့် စစ်ခင်းကြလေ၏။ သိကြားမင်းလည်း အသုရာတို့ တက်လာသည်ကို သိသောအခါ သမုဒ္ဒရာပြင်သို့ သက်ဆင်း၏။ ထို့နောက် စစ်ခင်းကြလေသော် စစ်ရေးနိမ့်သဖြင့် ဝေဇယန္တာရထားကို စီးနင်းပြီး တောင်သမုဒ္ဒရာအထက်သို့ လျင်မြန်စွာ ပြေးလွှားလေတော့၏။ ထို့နောက် ဂဠုန်ငယ်တို့ နေထိုင်ရာ လက်ပံတောသို့ ရောက်ခဲ့လေ၏။

ဤတွင် ဝေဇယန္တာရထား၏ ပြင်းထန်သော လေအဟုန်ကြောင့် လက်ပံကိုင်းတို့မှာ ကျိုးပြတ်လျက် သမုဒ္ဒရာသို့ ကျကုန်၏။ ဂဠုန်ငယ်တို့မှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်ဆူပွက်ကြကုန်၏။ ထိုသို့ ဂဠုန်ငယ်တို့၏ သနားစဖွယ် တုန်လှုပ်ဟစ်ကြွေးသံကို ကြားရလေသော် သိကြားမင်းသည် မာတလိနတ်သားကို ခေါ်ယူလိုက်ပြီး...

"အမောင် မာတလိ၊ ငါတို့ကြောင့် ဂဠုန်ငယ်တို့ စိုးရိမ်ထိတ်လန့်မှု မဖြစ်ပါစေနှင့်။ ဂဠုန်ငယ်တို့ သေကြေကျမှာကို မလိုလားပါ။ အသုရာတို့သတ်၍ ငါ့အသက်သေချင်သေပါစေတော့။ ဂဠုန်ငယ်တို့အား ဇီဝိတဒါန ပြုတော့မည်"

ဟူ၍ ပြောဆိုပြီး ရထားကို နောက်ပြန်လှည့်စေ၏။ မာတလိနတ်သားလည်း သိကြားမင်း၏ စေစားချက်အတိုင်း ရထားကို နောက်ပြန်လှည့်လေသောအခါ အသုရာတို့လည်း သိကြားမင်း၏ ရထားကို တွေ့မြင်သွားကြပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ကေန်စင်စစ် သိကြားအိုသည် စကြဝဠာတစ်ပါးရှိ သိကြား၊ အဖော်တို့ကို ခေါ်ဆောင်ကာ စစ်အင်အား ဖြည့်လာဟန် တူ၏"

ဟူ၍ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်လျက် အသုရာပြည်သို့ ထွက်ပြေးကြကုန်၏။ ဤတွင် သိကြားမင်းလည်း နတ်ပြည်သို့ ပြန်ဝင်လျက် နတ်ပြည်နှစ်ထပ်အလယ်တွင် နတ်အပေါင်းတို့ ခြံရံကာ နေထိုင်လေသည်။ ထိုအခါ ပြုပြုသမျှသော ကုသိုလ်တော်အဟုန်ကြောင့် ယူဇနာတစ်ထောင်မြင့်သော ဝေဇယန္တာပြာသာဒ်သည် မြေမှပေါက်လာလေတော့၏။ သိကြားမင်းလည်း နောက်ထပ် အသုရာတို့ မလာနိုင်အောင် မြင်းမိုရ်တောင်၏ ပထမအာလိန်တွင် နဂါး၊ ဒုတိယအာလိန်တွင် ဂဠုန်၊ တတိယအာလိန်တွင် ကုမ္ဘာန်၊ စတုတ္ထအာလိန်တွင် ဘီလူး၊ ပဉ္စမအာလိန်တွင် စတုမဟာရာဇ် နတ်မင်းကြီးလေးပါး စသည်တို့ အဆင့်ဆင့် စီစဉ်လျက် အစောင့်အရှောက်အဖြစ် ထားရှိလေ၏။

ဤသို့ မာဃလုလင်၏ မယားဖြစ်သော သုဓမ္မာ သေလွန်သောအခါ သိကြားမင်း၏ မိဖုရားဖြစ်လာ၍ ထုပိကာလှူခဲ့သော ကုသိုလ်ကောင်းမှုကြောင့် ယူဇနာငါးရာရှိ သုဓမ္မာဇရပ်ကြီးဖြစ်လာ၏။ သုစိတ္တာသေလွန်သောအခါ သိကြားမင်း၏ မိဖုရားဖြစ်လာ၍ ဥယျာဉ်လှူခဲ့သော ကောင်းမှုကြောင့် စိတ္တလတာဥယျာဉ်ကြီး ဖြစ်လာ၏။ သုနန္ဒာ သေလွန်လျှင် သိကြားမင်း၏ မိဖုရားဖြစ်လာ၍ ရေကန်တူးခဲ့သော ကောင်းမှုကုသိုလ်ကြောင့် နန္ဒာရေကန်ကြီး ဖြစ်လာ၏။ သုဇာတာ သေလွန်သောအခါတွင်

www.burmeseclassic.com

www.burmeseclassic.com



မူကား သိကြားမင်း၏ မိဖုရားဖြစ်မလာဘဲ မည်သည့်ကုသိုလ် ကောင်းမှုမျှ မပြုခဲ့လေသောကြောင့် တောအုပ်တစ်ခုရှိ ရေအိုင် ချောက်တစ်ခုဝယ် ဗျိုင်းမကလေးဘဝသို့ ရောက်ခဲ့ရလေသည်။

သိကြားမင်းသည် မာဃလုလင်ဘဝက ပေါင်းဖက်ခဲ့ရသော ဇနီးမယားလေးယောက်အနက် သုံးယောက်မှာ မိဖုရားများ ဖြစ် လာကြပြီး သုဇာတာကို မမြင်သဖြင့် တန်ခိုးတော် ဖြန့်ကြည့် လိုက်ရာ ဗျိုင်းမကလေး ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုအခါ ဗျိုင်းမကလေးထံ သွားရောက်၍ အားကျလောက်အောင် မွေ့ လျော်ဖွယ်ကောင်းသော နတ်ပြည်ကို လည်းကောင်း၊ သုဓမ္မာ ဇရပ်ကို လည်းကောင်း၊ စိတ္တလတာဥယျာဉ်ကို လည်းကောင်း၊ နန္ဒရေကန်ကို လည်းကောင်း ပြလေ၏။ ထို့နောက်…

"အချင်း သုဇာတာ၊ သုဓမ္မာ, သုစိတ္တာ, သုနန္ဒာတို့ သည် ကုသိုလ်ကောင်းမှု ပြုကြသည့်အတွက် ယခုအခါ ငါ့ထံ၌ နတ်မိဖုရားများ ဖြစ်နေကြပေပြီ။ သင့်မှာကား ကုသိုလ်ကောင်းမှု ကင်းမဲ့ခဲ့သည့်အတွက် ဗျိုင်းမကလေး ဖြစ်နေရ၏။ သည့်အတွက် ငါ့ထံ၌ နတ်မိဖုရား ဖြစ်ရလေ အောင် ယခုမှစ၍ ကုသိုလ်ကောင်းမှု ပြုပါလော့၊ သီလကို စောင့်ထိန်းပါလော့"

ဟု ဆုံးမပြီး ငါးပါးသီလ၌ တည်စေခဲ့လေ၏။ သုဇာတာ လည်း ဗျိုင်းမကလေးဘဝ၌ သီလကို ဆောက်တည်လေသော အခါ သေလွန်သည်ရှိသော် ဗာရာဏသီပြည်ဝယ် အိုးထိန်းသည် ၏သမီး ဖြစ်လာ၏။ ထိုအဖြစ်ကို သိကြားမင်း သိလေသော်

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုအသွင် ဖန်ဆင်းလျက် ရွှေသခွားသီးများကို လှည်း အပြည့်တင်ဆောင်ပြီး ဗာရာသီပြည်တွင်း၌ လှည့်လည်ရောင်းချလေ၏။ ထိုအခါ ပြည်သူပြည်သားတို့လည်း ရွှေသခွားသီးကို လာရောက်ဝယ်ယူကြ၏။ ဤတွင် အဘိုးအိုက...

"ငါ၏ ရွှေသခွားသီးအား ငွေကြေး အဖိုးအခဖြင့် မရောင်းပါ။ သီလရှိသူကိုသာ ပေးအံ့"

ဟု ဆိုလေ၏။ ပြည်သူပြည်သားတို့မှာ သီလကို မသိ၍ ရွှေသခွားသီးအား မရရှိကြချေ။ ဤတွင် အိုးထိန်းသည်သမီးလည်း အဆိုပါ ရွှေသခွားသီးများသည် ငါ့အတွက် ဖြစ်ရမည်ဟု တွေးလျက် အဘိုးအိုထံ သွား၏။

"အဘိုး၊ ရွှေသခွားသီးများကို ကျွန်ုပ်အား ပေးပါလော့"

"သူငယ်မ၊ သင်သည် ငါ၏ ရွှေသခွားသီးများကို အလိုရှိပါလျှင် သီလကို စောင့်ပါ၏လော့"

"အဘိုး၊ အကျွန်ုပ်သည် လူမှန်းသိတတ်ကတည်းက ယနေ့ထိတိုင် သီလကို မပေါက်မကျိုးအောင် စောင့်ထိန်းပါ၏"

"ကောင်းလေစွာတကား။ ငါသည် သင့်အတွက် ဤရွှေသခွားသီးများကို ယူလာခြင်းဖြစ်၏"

အဘိုးအိုလည်း ရွှေသခွားသီးများကို လှည်းနှင့်တကွ အိုးထိန်းသည် သမီးအား အပ်နှင်းပြီး ထွက်ခွာသွားလေ၏။ ဤတွင် အိုးထိန်းသည်သမီးသည် အဆိုပါ ရွှေသခွားသီးများနှင့် စီးပွား

www.burmeseclassic.com

www.burmeseclassic.com



ကုန်လွယ် သက်မွေးလုပ်ကိုင်ကာ သီလကို စောင့်ထိန်း၏။ သေလွန်သည်ရှိသော် အသုရာပြည်၌ ဝေပစိတ္တိအသုရာနတ်မင်းကြီး၏သမီး ဖြစ်ရလေ၏။ သီလစောင့်ထိန်းသော ကောင်းမှုကြောင့် ရွှေအဆင်းကဲ့သို့ ဝင်းဝါပြီး တင့်မောဖွယ်ကောင်းလှ၏။ အသုရာနတ်မင်းကြီးသည် သမီးသုဇာတာ အရွယ်ရောက်သည်ရှိသော်...

"ငါ၏ သမီးတော်သည် ၎င်းကြိုက်နှစ်သက်ရာ ခင်ပွန်းကို ရွေးချယ်ယူပါစေ"

ဟူ၍ ခွင့်ပြုကာ အသုရာတို့ကို စည်းဝေးစေပြီးလျှင် ပန်းကုံးစွပ်ပွဲကို စီစဉ်ကျင်းပလေတော့၏။ ထိုအဖြစ်ကို သိကြားမင်း သိမြင်လေသောအခါ ပန်းကုံးစွပ်ပွဲသို့ အသုရာအိုကြီးယောင်ဆောင်ကာ ပွဲကျင်းပရာရှိ တစ်နေရာ၌ နေလေ၏။ သုဇာတာလည်း ပန်းကုံးကို လက်တွင်ဆောင်လျက် ပန်းကုံးစွပ်ရမည့်သူကို ရှာဖွေရာ ရေးဘဝက ရေစက်ပောင်းကြောင့် အသုရာအိုကြီးကို ပန်းကုံးစွပ်လိုက်လေတော့၏။ ဤတွင် အသုရာအပေါင်းတို့လည်း...

"ငါတို့ နတ်မင်းကြီး၏ သမီးတော်မှာ အရွယ်အဆင်းသင့်တင့်သူကို ရွေးချယ်၍ ပန်းကုံးမစွပ်ဘဲ သက်ကြီးရွယ်အိုကိုမှ ရွေးချယ်၍ စွပ်ဘိ၏"

ဟူ၍ ကဲ့ရဲ့ ရှုတ်ချကာ ပွဲကျင်းပရာမှ ဖဲခွာသွားကြကုန်၏။ ဤတွင် သိကြားမင်းလည်း သုဇာတာကို ဆောင်ယူကာ တာဝတိံသာနတ်ပြည်၌ နှစ်ကုဋေငါးသန်းမျှသော ကချေသည်

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးတို့ကို ခြံရံစေလျက် နတ်မိဖုရားအရာထားကာ မြှောက်စားလေသတည်း။

ဤသို့ဖြင့် ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာ ရဟန်းပရိသတ်တို့အား...

"ရဟန်းတို့၊ ထိုအခါက မာတလိနတ်သားသည် ယခုအခါ အာနန္ဒာဖြစ်လာ၍ မာဃလုလင်တဖြစ်လဲ သိကြားမင်းသည် ငါဘုရားရှင် ဖြစ်လာလေ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၁၂။ နန္ဒဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၃၂]

## နန္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန် ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးစဉ်အခါက ပစ္စည်းဥစ္စာဘဏ္ဍာ များပြားလှစွာသော ရဟန်းတစ်ပါး ရှိလေ၏။ ထိုရဟန်း၏ ဥစ္စာပစ္စည်း သိုမှီးမှုများစွာကြောင့် ၎င်းအား ဘုရားရှင်မှ ခေါ် ဆောင်မူလိုက်သည်။ ထိုရဟန်းရောက်လေသော်...

"ချစ်သားရဟန်း၊ အလိုလောဘနည်းပါးသော ငါ ဘုရားရှင်၏ သာသနာတော်၌ သင်သည် ရဟန်းပြုပါ လျက် အဘယ်ကြောင့် ဥစ္စာပစ္စည်းများစွာကို သိုမှီးရ သနည်း။ အဘယ်ကြောင့် ချိုးခြံခြင်း၊ အလိုနည်းပါးခြင်းကို မပြုရသနည်း"

ဟူ၍ မေးတော်မူ၏။ ထိုအခါလည်း နေရာမှ ရုတ်ချည်း ရပ်လျက် ကိုယ်ဝတ်ကို လည်းကောင်း၊ သင်းပိုင်ကို လည်း ကောင်း ချွတ်ပုံချလိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"အလိုနည်းရမည်ဆိုလျှင် ဤကဲ့သို့ နေရမည်လော"

ဟူ၍ ပြောဆိုလေ၏။ ပရိသတ်လည်း ထိုရဟန်း၏ အပြုအမူကို မြင်ရလေသော်...

"အင်မတန် ရိုင်းပျ၍ စက်ဆုပ်ရွံရှာဖွယ်၊ အော့နှလုံးနာဖွယ်ကောင်းလေစွတကား"

ဟူ၍ ကဲ့ရဲ့ဝေဖန်၊ ပြစ်တင်ရှုံ့ချကြလေ၏။ ထိုရဟန်းလည်းနေရာမှ ပြေးထွက်သွားပြီး လူဝတ်လဲလိုက်လေတော့၏။ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏ အကျင့်သိက္ခာမဲ့၊ အရှက်အကြောက်မရှိ၊ စက်ဆုပ်ဖွယ်ရာ ကောင်းပုံတို့ကို ပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူလာပြီး...

"ရဟန်းတို့၊ ထိုရဟန်းသည် အရှက်အကြောက်မရှိသဖြင့် သာသနာတော်တည်းဟူသော ရတနာအား ယခုမှသာ ဆုံးရှုံးရသည် မဟုတ်။ ရှေးကလည်း မိန်းမရတနာမှ ဆုံးရှုံးရဖူးလေပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောအခါကာလ။

ကမ္ဘာဦး၌ အခြေလေးချောင်းရှိသော သတ္တဝါတို့သည် ခြင်္သေ့ကို မင်းအဖြစ် တင်မြှောက်ကြကုန်၏။ ငါးတို့သည် အာနန္ဒာငါးကို မင်းအဖြစ် တင်မြှောက်ကြသကဲ့သို့၊ ငှက်အပေါင်းတို့မှာလည်း ရွှေဟင်္သာကို ငှက်မင်းအဖြစ် တင်မြှောက်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ငှက်အပေါင်း၏ မင်းဖြစ်သော ရွှေဟင်္သာမင်း၌ သမီးတော် ဟင်္သာမငယ်သည် လွန်စွာမှ အဆင်းတင့်တယ်၏။ အရွယ်ရောက်သည်ရှိသော် သမီးတော်အား ‘မိမိအလိုရှိရာ လင်ကို ယူလေလော့’ ဟု ဆုပေးထားလေ၏။ သည့်အတွက် ရွှေဟင်္သာမင်းလည်း သမီးအလိုရှိသော လင်ကို စုံစမ်းရှာဖွေရန် ဟိမဝန္တာတောအုပ်အတွင်းရှိ ငှက်အပေါင်းတို့ကို ခေါ်ယူစည်းဝေးစေလေ၏။ ဟင်္သာ၊ ဥဒေါင်း စသော ငှက်အပေါင်းတို့လည်း ကျောက်ဖျာကြီးတစ်ခုပေါ်ဝယ် စုဝေးကြကုန်၏။ ဤသို့ ဟင်္သာမင်းလည်း သမီးတော်ကို ခေါ်ယူကာ နှစ်သက်ရာ ကြင်ဖက်ကို ရွေးချယ်စေ၏။

ဟင်္သာမကလေးလည်း ငှက်ပေါင်းစုံကို ကြည့်ရှုလေ့လာအကဲခတ်ရာတွင် လှပဆန်းကြယ်သော ဥဒေါင်းတစ်ကောင်ကို တွေ့သွားပြီး ဖခင်အား အဆိုပါဥဒေါင်းအား သဘောကျကြောင်း ပြောကြားလေ၏။ ထိုအခါ ငှက်အပေါင်းတို့လည်း ကြင်ဖက်အဖြစ် အရွေးခံရသည့် ဥဒေါင်းအား ...

“အချင်း ဥဒေါင်း၊ ယခုကဲ့သို့ ငှက်ပေါင်းစုံလင်များ မြောင်စွာ ရှိနေကြသည့်အထဲ၌ သင့်ကိုမှ ကြင်ဖက်အဖြစ် ရွေးချယ်လိုက်ခြင်းကား အံ့သြဖွယ် ကောင်းလေစွ။ သင့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါပေစွ”

ဟူ၍ အံ့သြချီးကျူးကာ ဝမ်းမြောက်ဝမ်းသာ ဆိုကြလေ၏။ ဤတွင် ဟင်္သာမကလေး၏ ကြင်ဖက်အဖြစ် ရွေးချယ်ခံရသော ဥဒေါင်းလည်း ငြိမ်ငြိမ်မနေဘဲ...

www.burmeseclassic.com

www.burmeseclassic.com



"ငှက်အပေါင်းကား ယနေ့တိုင် ငါ၏ စွမ်းပကားကို မတွေ့မမြင်ကြသေး။ ယခုပင် ငါ၏အစွမ်းအစကို မြင်တွေ့ကြရအံ့"

ဟူ၍ ဝမ်းမြောက်ဝမ်းသာဖြင့် အရှက်အကြောက် မရှိတော့ဘဲ ငှက်အပေါင်းတို့၏ အလယ်၌ အတောင်နှစ်ဖက်ကို ဖြန့်လျက် အမြီးကိုထောင်ကာ ကလေတော့၏။ ဤအခါ၌ မပေါ်သင့်သော အရှက်အကြောက် အင်္ဂါကြီးငယ်တို့ ပေါ်လာကြကုန်၏။ ဤတွင် ရွှေဟင်္သာမင်းလည်း...

"ဤဥဒေါင်းကား အရှက်အကြောက်လွန်စွာ နည်းပါဘိ။ ငှက်တို့၏အလယ်၌ အင်္ဂါကြီးငယ်ပေါ်အောင် ကဘိ၏။ ငါ၏ သမီးနှင့် လားလားမျှ မထိုက်တန်"

ဟု ငှက်အပေါင်းတို့ကို ကြေညာကာ ဥဒေါင်းငှက်ကို မောင်းထုတ်၏။ ထို့နောက် ၎င်း၏ တူအရင်းဖြစ်သော ဟင်္သာငယ်နှင့် ထိမ်းမြားလက်ထပ်ပေးလေရာ ဥဒေါင်းငှက်လည်း အရှက်ကြီးရှက်လျက် ဝေးရာအရပ်သို့ ထွက်ပြေးရလေတော့သတည်း။

ဤသို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေစပ်လျက်...

"ရဟန်းတို့၊ ထိုအခါက ဥဒေါင်းငှက်သည် ယခုအခါ ဥစ္စာများစွာ သိုမှီးလျက် အရှက်အကြောက်ကင်းမဲ့သော ရဟန်းဖြစ်လာ၏။ ဟင်္သာမင်းမှာမူကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူပါသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၃၃။ သမ္မောဒမာနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၃]

## သမ္မောဒမာနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ စမ္မာယ်သီတင်းသုံးနေစဉ် ဆွေတော်မျိုးတော်တို့ကို ခေါ်ဆောင်မူ၍ ခိုက်ရန် မဖြစ်ပွားကြရန် အချင်းချင်း စည်းလုံးညီညွတ်မှု ရှိကြရန် ဆုံးမတော်မူလေ၏။

"ဒကာတို့၊ တိရစ္ဆာန်ပင် ဖြစ်သော်လည်း ခိုက်ရန်မဖြစ် ညီညွတ်ကြသော်အခါ ဘေးရန်ကို နှိမ်နင်းလျက် ချမ်းသာရာ ရဖူးကုန်၏။ ခိုက်ရန်ဖြစ်၍ မညီညွတ်သောအခါ ရန်သူ့လက်တွင် ပျက်စီးခဲ့ဖူးကြ၏"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသော ကာလသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ငုံးမင်းတစ်ကောင်သည် ရာထောင်ချီသော ငုံးအပေါင်းတို့ ခြံရံကာ တောအုပ်တစ်ခုတွင် နေထိုင်လေ၏။ ထိုအခါ မုဆိုးတစ်ယောက်သည် ငုံးတို့နေထိုင်ရာအရပ်သို့သွား၍ ငုံးသံကဲ့သို့ မြည်တွန်၏။ ငုံးအပေါင်းတို့ စုဝေးရောက်ရှိလာကြသောအခါ ပိုက်ကွန်ဖြင့် ဖမ်း၍ ငုံးတို့ကို သတ်ဖြတ်လျက် အသက်မွေးလေ၏။

တစ်နေ့သ၌ ငုံးမင်းသည် ငုံးအပေါင်းတို့ကို ခေါ်ယူ၍...

"အချင်းတို့၊ မုဆိုးသည် ငါတို့အား ပိုက်ကွန်ဖြင့် ဖမ်းယူ၍ သတ်ဖြတ်နေသည့်အတွက် ပျက်စီးခြင်းကြရလေ၏။ နောက်တစ်ခါ မုဆိုးရောက်လာ၍ ပိုက်ကွန်ဖြင့် အုပ်ဖမ်းသည်ရှိသော် သင်တို့သည် ပိုက်ကွန်ပေါက်၌ တစ်ကောင်စီ ခေါင်းထွက်လျက် တညီတညွတ်တည်း ပျံသန်းကာ ချုံပေါ်၌ ချကြကုန်လော့။ ပြီးလျှင် ကွန်အောက်မှ အသာထွက်၍ လွတ်အောင်ပြေးကြကုန်လော့"

ဟူ၍ ပြောကြားလေ၏။

နှစ်ရက်မြောက်သောနေ့သို့ ရောက်လာသည်ရှိသော် ငုံးတို့စုဝေးရာ တောအုပ်သို့ ပိုက်ကွန်နှင့်အတူ မုဆိုးရောက်လာ၏။ ထို့နောက် ငုံးသံကိုပြုလျက် ငုံးတို့ ရောက်လာကြသည်ရှိသော် ပိုက်ကွန်ဖြင့် အုပ်၍ ဖမ်းလေ၏။ ထိုအခါ ငုံးတို့လည်း ငုံးမင်းပြောကြားသည့်အတိုင်း ကိုယ်စီကိုယ်င အညီအညွတ်ဖြင့် ပိုက်ကွန်ပေါက်ဝ၌ တစ်ကောင်ချင်းစီ ခေါင်းထွက်လျက် ညာသံပေးကာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဟုန်တည်း ပျံသန်းကြကုန်၏။ ထို့နောက် ဆူးပေါ်သော ချုံပေါ်သို့ရောက်လျှင် ဦးခေါင်းများကို လျှိုကာ လွတ်မြောက်အောင် ထွက်ပြေးကြကုန်၏။ မုဆိုးလျှင် ပိုက်ကွန်ရှိရာရောက်လာပြီး ခက်ခဲပင်ပန်းစွာ ဖြည်ရသည်မှာ အချိန်ကြာမြင့်လှပေရာ နောက်ထပ် ငုံးငှက်များကို မဖမ်းဆီးနိုင်တော့ဘဲ အိမ်သို့ပြန်ရလေတော့၏။

ဤသို့ နေ့စဉ် ငုံးထောင်လေတိုင်း ငုံးတို့၏ ညီညွတ်စည်းလုံးမှုကြောင့် တစ်ကောင်မျှ ဖမ်းဆီးရခြင်းမရှိဘဲ လက်ချည်းသက်သက် ပြန်လာရလေသောအခါ အိမ်ရှင်မလည်း မကျေမနပ်ဖြင့် မြည်တွန်တောက်တီး ဆူပူလေ၏။

"မုဆိုး၊ သင်သည် နေ့စဉ် ငုံးသွားထောင်သည်ဟုသာဆို၏။ အိမ်သို့ ပြန်လာတိုင်း ငှက်တစ်ကောင်တစ်မြီးမှ ပါမလာခဲ့။ သင့်မှာ ပေးစရာမယားငယ်များ ရှိနေသလော" ဟု ဆိုလေသော် မုဆိုးလည်း...

"ရှင်မ၊ ငါ၌ သင်မှတစ်ပါး မည်သည့်မယားမျှ မရှိပါ။ စင်စစ် ငုံးငှက်တို့ စည်းစည်းလုံးလုံး ရှိနေကြ၍သာ ဖမ်းဆီး၍ မရခြင်းဖြစ်ပါ၏။ ၎င်းတို့အနေဖြင့် အစဉ်အမြဲ ညီညွတ်နိုင်မည် မဟုတ်ပါ။ တစ်နေ့မဟုတ်တစ်နေ့ ခိုက်ရန် ဖြစ်ပွားကြလျှင်ဖြင့် ငုံးငှက်များကို အိမ်သို့ဆောင်ယူလာနိုင်ပါလိမ့်မည် ရှင်မ"

ဟူ၍ ပြောဆိုနှစ်သိမ့်လိုက်လေသည်။

သို့ဖြင့် နှစ်ရက်၊ သုံးရက်ခန့် လွန်မြောက်လေသော် ငုံး

www.burmeseclassic.com

www.burmeseclassic.com



ငှက်တစ်ကောင်သည် ငုံးငှက်တို့ ကျင်လည်ကျက်စားရာအရပ်သို့ ဆင်းသက်သည့်အခိုက် အမှတ်မဲ့ဖြစ်၍ ငုံးတစ်ကောင်၏ ခေါင်းကို နင်းမိလေ၏။ အနင်းခံရသောငုံးလည်း အမျက်ဒေါသထွက်၍...

"အဘယ်သူသည် ငါ၏ခေါင်းကို နင်းလေသနည်း"

ဟု ဆိုသော နင်းမိသော ငုံးငှက်က အမှတ်မဲ့ဖြစ်၍ နင်းမိကြောင်း တောင်းပန်ပြောဆိုလေ၏။ သို့ရာတွင် တစ်ဖက်ငုံးငှက်မှာ ကျေနပ်ခြင်းမရှိဘဲ ရန်စကားဆိုလေရာ တစ်ဖက်နှင့်တစ်ဖက် အချင်းများကြလေ၏။ ထိုအချင်းဖြစ်ရာသို့ ငုံးမင်းရောက်လာပြီး အချင်းချင်း ပြေလည်မှုရှိကြစေရန် ဖျောင်းဖျစကား ပြောဆိုသော်လည်း ဆုံးမ၍မရတော့။ ဆက်လက်၍ ခိုက်ရန်ဖြစ်ပွားလေရာ...

"သည်ပုံအတိုင်းဆိုလျှင် ၎င်းတို့သည် ပိုက်ကွန်ကို တညီတညွတ် ချီနိုင်ကြလိမ့်မည် မဟုတ်။ ထိုအခါ မုဆိုးလက်သို့ ကျရောက်ရပေတော့မည်"

ဟူ၍ စဉ်းစားဆင်ခြင်မိပြီး ၎င်းပြောဆိုဆုံးမသည့်စကားကို နားထောင်သော ပရိသတ်ကို ခေါ်ဆောင်ကာ အရပ်တစ်ပါးသို့ ပျံသန်းထွက်ခွာသွားကြလေတော့၏။

မုဆိုးလည်း နှစ်ရက်သုံးရက်မြောက်လေသော တောအုပ်အတွင်းသို့ဝင်ကာ ငုံးတွန်သံကို ပေး၏။ ငုံးငှက်တို့ စုဝေးရောက်ရှိလာလျှင် ပိုက်ကွန်ကို အုပ်လျက် ငှက်တို့အား ဖမ်းဆီးလေ၏။ ဤသို့ ငုံးငှက်တို့လည်း ခါတိုင်းကဲ့သို့ တညီတညွတ်တည့်

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ကွန်ကို ချိမခြင်းမပြုဘဲ သင့်အမွေး ငါ့ခေါင်းပေါ်ကျ၏။ သင့်အတောင် ငါ့အတောင်ပေါ် ဖိဘိ၏။ သင်မချီလျှင် ငါလည်း မချီဟူ၍ ကတ်ဖဲ့ကြကုန်၏။ ခိုက်ရန်ဖြစ်ကြကုန်၏။ ထိုစဉ် မှာပင် မုဆိုးလည်း ပိုက်ကွန်ကြီးကို ဆွဲယူကာ ပိုက်ကွန်တွင်း ရှိ ငုံးငှက်တို့အား ခြင်းထဲသို့ထည့်လျက် မျက်နှာပန်းလှစွာဖြင့် အိမ်ရှင်မရှိရာသို့ ပြန်သွားလေတော့သတည်း။

ဤကဲ့သို့ ဂေါတမဘုရားလည်း အတိတ်, ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍...

"ရဟန်းတို့၊ ထိုစဉ်အခါက မလိမ္မာသော၊ ရန်ထောင် သော ငုံးသည် ယခုအခါတွင် ဒေဝဒတ်ဖြစ်လာ၏။ ထိုစဉ် အခါက လိမ္မာသော ငုံးမင်းသည် ယခုအခါတွင် ငါဘုရား ရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၃၄။ မစ္ဆဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၄]

## မစ္ဆဇာတ်

လူ၊ နတ်၊ ပြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည်မွန်၊ ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ရဟန်းတော်တစ်ပါးသည် မယားဟောင်း၏ ဖြားယောင်းမှုကြောင့် သာသနာတော်၌ ငြီးငွေ့ကာ လူထွက်ရန် ကြံရွယ်လျက် ရှိ၏။ သည့်အတွက် ဘုရားရှင်လည်း အဆိုပါရဟန်းအား ခေါ်တော်မူ၍...

"ချစ်သား ရဟန်း၊ အဘယ်ကြောင့် ရဟန်းအဝတ်ကို စွန့်ခွာပြီး လူထွက်ချင်ပါသနည်း"

ဟူ၍ မေးတော်မူလေ၏။ ဤတွင် ထိုရဟန်းလည်း–

"အရှင်ဘုရား၊ တပည့်တော်၏ မယားဟောင်းက ဖြားယောင်းဆွဲဆောင်သဖြင့် လူထွက်လိုခြင်း ဖြစ်ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က–

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သားရဟန်း၊ ဤမိန်းမကား ယခုမှသာလျှင် သင်၏အကျိုးကို မဲ့အောင်ပြုသည်မဟုတ်။ ရှေးအခါကလည်း ဤမိန်းမကိုမှီ၍ သေလုဆဲဆဲဖြစ်နေရာ ငါသည် သင့်အား ကယ်ဆယ်ခဲ့ရဖူးလေပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ အခါသမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံသည်ရှိသော် ထိုမင်း၌ ပုရောဟိတ်ပုဏ္ဏားတစ်ဦး ရှိလေ၏။

ထိုကာလဝယ် တံငါသည်တို့သည် ငါးဖမ်းရန်အတွက် မြစ်အတွင်းသို့ လှည့်လည်ကာ ပိုက်ကွန်ကို ပစ်ကြလေ၏။ ထိုစဉ် ငါးကြီးတစ်ကောင်သည် ငါးမတစ်ကောင်နှင့် ကာမဂုဏ်၌ မွေ့လျော်ပျော်မြူးကာ ကျက်စားနေထိုင်လေ၏။ တစ်နေ့သ၌ ငါးမသည် ရှေ့သို့ အနည်းငယ် ကူးခတ်သွားရာ ပိုက်ကွန်နံ့ကို ရသဖြင့် ပိုက်ကွန်ရှိမည့်နေရာကို ရှောင်လွှဲသွားခဲ့လေ၏။ ကာမဂုဏ်ကိစ္စကိုသာ အာရုံစိုက်နေမိသော ငါးကြီးသည် ပိုက်ကွန်ရှိသည်ကို ဂရုမပြု၊ အာရုံမထားသောကြောင့် ပိုက်ကွန်အတွင်း တိုးဝင်မိသွားလေတော့၏။

တံငါသည်တို့လည်း ပိုက်ကွန်အတွင်း ရောမငါးကြီး မိလာသည်ကိုသိ၍ ဝမ်းမြောက်ရွှင်မြူးကြကုန်၏။ ဖော်ယူပြီးသော ပိုက်ကွန်တွင်းမှ ငါးကြီးကို ချီမသယ်ဆောင်ကာ မသတ်သေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



သဲသောင်ပြင်၌ ပစ်ချကြ၏။ ငါးကြီးအား မီးကင်၍ စားမည်ဟု ကြံရွယ်ကာ တံစို့ချွန်သူ ချွန်ကြ၏။ မီးမွှေးသူ မွှေးကြ၏။ ဤသို့သော အနေအထား၌ ငါးကြီးမှ ၎င်းသေရတော့မည့်ဘေးကို မတွေးတောမိ၊ မကြောက်ရွံ့မိ၊ မထိတ်လန့်မိ။ ၎င်း၏ စိတ်အာရုံတွင်း၌ မယားဖြစ်သူ ငါးမသာလျှင် ကြီးစိုးနေတော့၏။

"ငါသည်ကား တံစို့ထိုးခံရမည့် ဆင်းရဲခြင်း၊ အလျှံတညီးညီး မီးကျီးခဲ၌ အကင်ခံရမည့် ဆင်းရဲ၊ အခြားအခြားသော ဆင်းရဲခြင်းတို့ ရှိနေကြပါသော်ငြား ထိုဆင်းရဲခြင်းအပေါင်းသည် ငါ့အား နှိပ်စက်ခြင်း မပြုနိုင်ကြပါ။ နှိပ်စက်ကြသည် ဖြစ်ပါစေဦး ငါသည် ဆင်းရဲခြင်းဟူ၍ မမှတ်ပါ။ တံငါသည်တို့၏လက်သို့ ငါပါသွားမှန်း မသိရှာသော ငါ၏မယား ငါးမသည် ငါ့ကို မယားငယ် ငါးမတစ်ကောင်နှင့် ပျော်မြူးနေရော့သလားဟူ၍ အထင်မှားကာ နှလုံးမသာမယာဖြင့် ပူပန်နေရှာမည့် ဆင်းရဲခြင်းသည်သာလျှင် ငါ့အပေါ် နှိပ်စက်နေတော့၏"

ထိုသို့ တွေးမိပြီး စိုးရိမ်ဝမ်းနည်းစွာဖြင့် ငိုကြွေးလေတော့၏။ ထိုအခါ ပညာရှိ ပုရောဟိတ်ပုဏ္ဏားသည် အခြွေအရံအပေါင်းတို့ ခြံရံလျက် မြစ်ဆိပ်သို့ ရေချိုးဆင်းလာ၏။ ထိုပညာရှိ ပုရောဟိတ်ပုဏ္ဏားသည် အလုံးစုံသော သတ္တဝါတို့၏အသံကို နားလည်တတ်ကျွမ်း၏။ ထို့ကြောင့်လည်း ငါးကြီး၏ ငိုကြွေးသံကို နားလည်လိုက်၏။ သို့ဖြင့် ငါးကြီး၏အနီးသို့သွားကာ...

www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဤငါးကြီးကား သူကိုယ်တိုင် ဘေးဒုက္ခကျရောက်နေသည်ကို ဘေးဒုက္ခကျရောက်သည်ဟု မထင်ပေ။ ကာမဂုဏ် ကိလေသာအမှောင်ခိုးကြောင့် မယားငါးမကိုသာ တမ်းတပူဆွေး ငိုကြွေးနေလေသည်တကား။ ထိုစိတ်ဖြင့် သေပွဲဝင်ရသည်ရှိသော် မုချကေန် ငရဲသို့ သက်ဆင်းရတော့မှာတည်း"

ဟူ၍ ဆင်ခြင်အောက်မေ့ကာ ငါးကြီးအား သေဘေးနှင့် ငရဲဘေးမှ ကယ်တင်လိုသောစိတ်နှင့် တံငါတို့ထံ သွားရောက်တောင်းခံလေ၏။ တံငါတို့လည်း ဗြဟ္မဒတ်မင်း၏ ပညာရှိပုရောဟိတ်ပုဏ္ဏားမှန်းသိ၍ ကြည်ဖြူစွာပင် ပေးလေ၏။ ပုဏ္ဏားလည်း ငါးကြီးအား မြစ်ကမ်းစပ်သို့ယူဆောင်၍ ငါးကြီး နားလည်နိုင်သော စကားဖြင့်...

"အို... ငါးကြီး၊ သည်ကနေ့အဖို့ ငါသာ ဤမြစ်ကမ်းသို့ ရေချိုးဆင်းမလာလျှင် သင်သည် မုချကေန် သေဘေးနှင့် ကြုံရပေလိမ့်မည်။ ငါရောက်လာ၍သာ သင် အသက်ချမ်းသာရာ ရဘိ၏။ ယနေ့မှစ၍ သင်သည် ကိလေသာစိတ်ဖြင့် ကာမဂုဏ်အလိုသို့ မလိုက်ပါလေနှင့်"

ဟူ၍ ပြောဆိုဆုံးမပြီး မြစ်ထဲသို့ ပြန်လွှတ်လိုက်လေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်လျက် ရဟန်းအပေါင်းအား...

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့၊ ထိုစဉ်အခါက ငါးမသည် ယခုအခါ လူထွက်ဆဲရဟန်း၏ မယားဟောင်း ဖြစ်လာ၏။ မ,ဘက်လိုက်၍ မိုက်ဘက်ပါခဲ့လေသော ထိုစဉ်က ငါးကြီးသည် ယခုအခါ လူထွက်လုဆဲဆဲ ရဟန်းဖြစ်လာ၏။ ထိုစဉ်က ပညာရှိ ပုရောဟိတ်ပုဏ္ဏားသည် ယခုအခါတွင် ငါဘုရားရှင် ဖြစ်လာ၏"


ဟူ၍ ဇာတ်တော်ကိုပေါင်းပြီး သစ္စာလေး၊ ဒေသနာတော်ကို ဟောကြားတော်မူ၏။ ဒေသနာတော် ဆုံးလေသည်ရှိသော် မယားဟောင်း၏ ဖြားယောင်းမှုကြောင့် လူထွက်လုဆဲဆဲရဟန်းလည်း သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၃၅။ ဝဋ္ဋကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၅]

# ဝဋ္ဋကဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် မာဂဓတိုင်းရှိ ခရီးဒေသများဆီသို့ ဒေသစာရီ ကြွချီတော်မူ၏။ ရွာငယ်ဇနပုဒ်တစ်ခုခုသို့ရောက်လျှင် ဆွမ်းခံ၍ ဘုဉ်းပေးတော်မူပြီး တောလမ်းခရီးအတိုင်း ကြွလှမ်းတော်မူလေ၏။

ထိုအခါ၌ မမျှော်လင့်ဘဲ တောမီးတို့သည် အလျှံတညီးညီး တောက်လောင်လာတော့၏။ ဤတွင် ပုထုဇဉ်ရဟန်းတို့သည် အရှိန်အဟုန် ပြင်းထန်စွာ တောက်လောင်လျက်ရှိသော တောမီးကို ကြည့်လျက် တုန်လှုပ်၊ ကြောက်ရွံ့၊ ထိတ်လန့်ကြကုန်၏။ အချို့သော ရဟန်းတို့ကလည်း...

"လောကသုံးပါး၌ နေလအသွင် ထင်ရှား၍ ဘုန်းတန်ခိုး တေဇော်အနုဘော် ကြီးမားလှသည့် ဘုရားရှင် ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါလျက် မီးသည် ကြိုတင်တောက်လောင်ရလေသလော"

ဟူ၍ ပြစ်တင်ပြောဆိုကြကာ ရဟန်းအားလုံး ခြံရံစုရုံးလျက် ဘုရားရှင်ထံသို့ ရောက်လာကြကုန်၏။ ဘုရားရှင်သည်လည်း ရဟန်းအပေါင်း ခြံရံလျက် နေရာတစ်နေရာသို့ ရောက်လျှင် ရပ်တော်မူလိုက်၏။ ဤ၌ တောမီးသည် ဘုရားရှင် ရပ်တော်မူရာ အရက်ထက်ဝန်းကျင် သုံးဆယ့်နှစ်ပယ် ကျယ်ဝန်းသော နေရာသို့ ရောက်သည်ရှိသော် မြက်မီးရှူးကို ရေထဲသို့ ချလိုက်သည့်အလား ငြိမ်းအေးသွားလေတော့၏။ တောမီးသည်ဘုရားရှင် ရပ်တည်ရာ သုံးဆယ့်နှစ်ပယ်အတွင်းသို့ ဝင်ရောက်မလာနိုင်တော့ဘဲ သူ့အလိုလို ငြိမ်းသွားလေတော့၏။

ဤတွင် ရဟန်းအပေါင်းတို့လည်း...

"မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကား အံ့ဘွယ်ရှိပါပေစွ။ ဘုရားရှင်၏ တန်ခိုးအာနုဘော်သည် ကြီးမားပါပေစွ။ တောမီးသည် အရှိန်ပြင်းစွာ တောက်လောင်ပါသော်ငြား ဘုရားရှင် ရပ်တည်ရာ ထက်ဝန်းကျင်သို့ ရောက်မလာနိုင်ခဲ့ပါတကား"

ဟူ၍ အချင်းချင်း အံ့ဩစွာ ချီးမွမ်းပြောဆိုကြကုန်၏။ ထိုစကားကို ဘုရားရှင် ကြားတော်မူသည်ရှိသော်...

"ရဟန်းတို့ ဤအရပ်ကို တောမီးမလောင်ကျွမ်းနိုင်ရခြင်းကား ယခုအခါမှသာ ငါဘုရားရှင် စွမ်းသည်မဟုတ်။ ရှေးနှစဉ်အခါကလည်း သစ္စာတော်၏ တန်ခိုးစွမ်းအင်ကြောင့် တောမီးငြိမ်းခဲ့ဖူးလေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

*  *  *

လွန်လေပြီးသောကာလ သမယ။

မာဂဓတိုင်း၌ ငုံးငှက်ကလေးတစ်ကောင်သည် ဥခွံအတွင်းမှ ပေါက်ခါစရှိ၏။ ထိုငုံးငှက်ကလေး၏ မိဘများသည် အမွေးအတောင် မစုံသေးသော ၎င်းအား အသိုက်၌ပင် ထားရစ်ကာ အစာရှာဖွေ၍ ကျွေးမွေးလေ၏။ ငုံးငှက်ကလေးမှာ အမွေးအတောင် မစုံသေးသဖြင့် ကောင်းကင်သို့လည်း မပျံနိုင်သေး။ မြေပြင်၌လည်း မသွားနိုင်သေးပေ။

တစ်နေ့သ၌ ၎င်းငုံးငှက်ကလေး၏ မိဘနှစ်ပါးသည် အစာရှာရန် အလို့ငှာ အသိုက်မှ ခွာသွားကြသည်ဖြစ်၍ ငုံးငှက်ကလေးသာ ကျန်ရစ်ခဲ့လေ၏။ အဆိုပါ တောအရပ်ကား မကြာခဏဆိုသကဲ့သို့ တောမီးလောင်လေ့ရှိသောအရပ် ဖြစ်လေ၏။ ထိုအချိန်တွင် မမျှော်လင့်ဘဲ လေပြင်းများ တိုက်ခတ်ပြီး အပင်တို့ တစ်ပင်နှင့်တစ်ပင် ပွတ်တိုက်မိကြပြီး တောမီးထလောင်လေ၏။ လေက ပင့်ပေးလေသော် တောမီးတို့သည် ကူးစက်လောင်ကျွမ်းကြသည်ဖြစ်ရာ ငှက်အပေါင်းတို့သည် သေဘေးမှကြောက်ရွံ့ထိတ်လန့်ကာ ဘေးလွတ်ရာသို့ ထွက်ပြေးကြရလေ၏။ ဤတွင် အသိုက်တွင်းရှိ ငုံးငှက်ကလေးလည်း တောမီးတရှေ့ရှေ့ နီးကပ်လာသည်ကို မြင်ရလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"ငါ၌ အတောင်ရှိပါသော်ငြား ကောင်းကင်ထက်သို့ မပျံနိုင်။ ခြေဖြင့်လည်း မြေပြင်၌ မသွားနိုင်။ ငါ့အမိအဖ တို့မှာလည်း သေဘေးမှ ကြောက်ရွံ့သည်ဖြစ်၍ ငါ့အား စွန့်လျက် ဘေးလွတ်ရာသို့ ထွက်ပြေးကြလေပြီ။ ယခု ငါ့ ၌ တစ်ပါးသော ကိုးကွယ်အားထားရာဟူ၍ မရှိတော့။

လောက၌ သီလ၏ဂုဏ်ကျေးဇူး၊ သစ္စာ၏ ဂုဏ် ကျေးဇူး၊ မေတ္တာကရုဏာနှင့် ပြည့်စုံတော်မူသော ရှေးရှေး သော ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူး၊ တရားတော်၏ ဂုဏ် ကျေးဇူးဟူသည် ဧကန်မုချ ရှိကြပါကုန်၏။

သည့်အတွက် အဆိုပါ ဂုဏ်တော်၊ ကျေးဇူးတော် တို့ကို ဆင်ခြင်အောက်မေ့ကာ သစ္စာပြုခြင်းသည်သာ ငါ၏ ကိုးကွယ်ရာ၊ အလုံးစုံသော သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်လိမ့်မည်"

ဟူ၍ ကြံစည်နှလုံးသွင်းလျက်-

"အို တောမီး၊ ငါ့မှာ အတောင်ရှိသော်လည်း မပျံနိုင် ပါ။ ခြေရှိသော်လည်း မသွားနိုင်ပါ။ ငါ၏ မိဘတို့မှာလည်း ငါ့ကို စွန့်ပစ်ကာ ထွက်ပြေးသွားကြလေပြီ။

ဤမှန်ကန်သော သစ္စာစကားကြောင့် အို... တောမီး ဤအရပ်မှ ဖဲကြဉ်ပါလေလော့"

ဟူ၍ သစ္စာပြုလေ၏။ ဤသို့ သစ္စာပြုသည်နှင့် တစ်ပြိုင် နက် သစ္စာ၏ တန်ခိုးအာနုဘော်ကြောင့် ငုံးငယ်၏နေရာ တစ် ဆယ့်ခြောက်ပယ် ပတ်လည်အတွင်းသို့ တောမီးသည် သုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာခြင်းမရှိဘဲ မြက်မီးရှူးအား ရေနှင့်ငြိမ်းသတ်ဘိသည့်အလား တောမီးမှာလည်း ငြိမ်းသွားလေတော့သတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက် ရဟန်းအပေါင်းအား...


"ရဟန်းတို့ ထိုအခါက ငုံးငယ်၏ အမိအဖတို့သည် ယခုအခါ ငါ၏ အမိအဖတို့ ဖြစ်လာ၍ ငုံးငယ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ပေါင်းကာ ဒေသနာတရားကို ဟောကြားတော်မူ၏။ ဒေသနာတော်ဆုံးသည်ရှိသော် ရဟန်းအပေါင်းတို့ အနက် အချို့သည် သောတာပန်၊ အချို့သည် သကဒါဂါမ်၊ အချို့သည် အနာဂါမ်၊ အချို့သည် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ကြကုန်လေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[၃၆]

## သကုဏဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ အထွတ်ဥသျှောင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံမွှာယ်စဉ်က ဖြစ်လေ၏။

ရဟန်းတစ်ပါးသည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းယူကာ ကောသလတိုင်းသို့ ထွက်ခွာ၍ ရွာငယ် ဇနပုဒ်တစ်ခု၌ တောကျောင်းကလေးဆောက်ကာ သီတင်းသုံးရင်း တရားဓမ္မများကို အားထုတ်နေခဲ့၏။ ထိုကာလမှာပင် မမျှော်လင့်ဘဲ တောကျောင်းကလေးမှာ မီးလောင်ကျွမ်းခံလိုက်ရလေ၏။ ရဟန်းလည်း ကျောင်းသစ် ဆောက်လုပ်ရန်အတွက် ဒါယကာတို့အား မိန့်ကြားလေသော် ဒါယကာတို့လည်း အကြောင်းပြချက် အဖုံဖုံဖြင့် လယ်သို့ ရေသွင်းပြီးမှ ဆောက်နိုင်မည်။ အချို့ကလည်း လယ်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ပျိုးကြဲပြီးမှသာ ဆောက်နိုင်မည်။ အချို့လည်း လယ်ကန်သင်း များကို ကာရံပိတ်ဆို့ပြီးမှသာ ဆောက်နိုင်မည်။ အချို့ကမူ ပေါင်း မြက်များ သုတ်သင်ရှင်းလင်းပြီးမှသာ ဆောက်နိုင်မည် စသဖြင့် အကြောင်းပြချက်အမျိုးမျိုးပြကာ ရွေ့, ရွေ့လာခဲ့သည့်အတွက် ဝါတွင်းတစ်တွင်းလုံး ထိုရဟန်းလည်း လွင်တီးခေါင်ပြင်၌ ဆင်းရဲ ပင်ပန်းစွာ သီတင်းသုံးရလေ၏။ သို့အတွက် ကမ္မဋ္ဌာန်းတရား ကို အားထုတ်ပါသော်ငြား တစ်စုံတစ်ရာမျှ တရားထူးကို မရရှိ နိုင်ဘဲ ရှိရလေ၏။

ဝါကျွတ်၍ ပဝါရဏာပြုပြီးသောအခါ ရဟန်းလည်း ဘုရား ရှင်ထံ သွားရောက်ဖူးမြော်၍ အကျိုးအကြောင်းကို လျှောက် ထားလေ၏။ ထိုအခါ ဘုရားရှင်လည်း...

"ချစ်သား ရဟန်း၊ သင်သည် ရှေးအတိတ်ကာလ တိရစ္ဆာန်အဖြစ်နှင့်တုန်းကပင် သင့်တင့်လျောက်ပတ် နေ အပ်သောအရပ်ကို သိသေး၏။ ယခုအခါ လူလာဖြစ်ပါ သော်ငြား လျောက်ပတ်သော နေရာကို အဘယ်ကြောင့် မသိရလေသနည်း"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါလေ သတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ငှက်ပညာရှိတစ်ကောင်သည် ငှက်အုံပေါင်း ခြံရံလျက် တော

www.burmeseclassic.com

www.burmeseclassic.com



အရပ်ဝယ် အခက်, အရွက်နှင့် ပြည့်စုံသော သစ်ပင်ကြီးတစ်ပင်အား အမှီသဟဲပြုကာ နေလေ၏။

တစ်နေ့သ၌ လေပြင်းများ တိုက်ခတ်သဖြင့် ထိုသစ်ပင်ကြီးမှ အကိုင်းအခက်များသည် အချင်းချင်း ပွတ်တိုက်မိကြသည်ရှိသော် အပူဓာတ်ဖြစ်လာပြီး အခိုးများ ထွက်၏။ ပွတ်တိုက်မှုကြောင့် အမှုန့်များလည်း ကျလာ၏။ ပညာရှိငှက်လည်း အကိုင်းချင်း ပွတ်မိသဖြင့် ကျလာသော အမှုန့်တို့ကိုလည်း အပူကြောင့်ဖြစ်ပေါ်သော အခိုးအငွေ့တို့ကို လည်းကောင်း မြင်လေသော်...

"ဤသစ်ကိုင်းတို့မှာ မကြာခဏ ထိတွေ့ပွတ်တိုက်မိမည် ဆိုပါက မီးများ ထွက်ကုန်အံ့။ မီးပွင့်များ မြေပြင်သို့ ကျရောက်သည်ရှိသော် သစ်ရွက်ခြောက်များကို မီးစွဲကုန်အံ့။ ထိုအခါ သစ်ပင်ကြီးကို လောင်မြိုက်အံ့။ သည့်အတွက် သစ်ပင်ကြီးအား အမှီသဟဲပြုရန် မဖြစ်တော့။ နေရာသစ်ရှာမှ ဖြစ်ပေရော့မည်"

ဟူ၍ ကြံဆမိကာ ငှက်အပေါင်းတို့အား ဆင့်ခေါ်လိုက်သည်။ ထို့နောက်...

"အို... ငှက်အပေါင်းတို့၊ ငါတို့ မှီခိုနေထိုင်သော သစ်ပင်ကြီးကား မကြာမီ မီးထွက်၍ တောက်လောင်တော့မည်။ ထိုအခါ ဆက်လက် မှီခိုနေထိုင်ပါက ဘေးအန္တရာယ်ကျရောက်မည်မှာ မလွဲ။ ထို့ကြောင့် ဤသစ်ပင်ကြီးကို စွန့်ခွာ၍ အရပ်တစ်ပါးသို့ ပြောင်းရွှေ့ကြပါကုန်လော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဆုံးမဩဝါဒပေးလေ၏။ ဤတွင် ပညာရှိ၏ ဆိုဆုံးမစကားအား နားထောင်ကြကုန်သော ငှက်တို့လည်း ငှက်ပညာရှိနှင့်အတူ ဘေးရန်ကင်းပမည့် အရပ်တစ်ပါးသို့ ပြောင်းရွှေ့ကြလေ၏။ ဤ၌ အပင်ကြီးတွင် ပညာမဲ့သော ငှက်တို့သာ ကျန်ရစ်ခဲ့ကြ၏။ ၎င်းတို့က...

"ရေတစ်စက်, တစ်ပေါက်မျှသာရှိသော ရေအိုင်ထဲ၌ မိကျောင်းဟူသည့် အဘယ်မှာလျှင် ရှိပါအံ့နည်း။ ဘာမျှမစိုးရိမ်ကြလင့်။ ဆက်လက်၍ ကျွယ်ဝန်းချောင်ချိစွာ နေထိုင်ကြပါလော့"

ဟုဆိုလျက် သစ်ပင်ကြီးအား စွန့်ခွာခြင်းမရှိဘဲ နေထိုင်ကြကုန်၏။

တစ်နေ့သော် လေပြင်းများ တိုက်ခတ်ကြကုန်၏။

ဤတွင် ငှက်ပညာရှိ ယူဆထားသည့်အတိုင်း သစ်ပင်ကြီးမှ အကိုင်းအခက်များ ပွတ်တိုက်မိကာ မီးပွားများ လွင့်ကျလာပြီး သစ်ရွက်ခြောက်တို့အား မီးစွဲလေ၏။ ထိုမှ သစ်ပင်ကြီးထံမီးကူးစက်၏။ မီးခိုးများ၊ မီးတောက်မီးလျှံများ ထလာသောအခါ သစ်ပင်ကြီး၌ တွယ်ကပ်နေထိုင်ကြကုန်သော ငှက်မိုက်တို့မှာ မီးပုံတွင်း ထိုးကျလျက် သေပွဲဝင်ကြရရှာလေသတည်း။

ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် ရဟန်းအပေါင်းတို့အား...

"ရဟန်းတို့၊ ထိုစဉ်အခါက ငှက်ပညာရှိ၏ ပရိသတ်

www.burmeseclassic.com

www.burmeseclassic.com




သည် ငါဘုရားရှင်၏ ပရိသတ် ဖြစ်လာ၏။ ထိုစဉ်က
ငှက်ပညာရှိသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"
ဟူ၍ ဇာတ်တော်ကို ပေါင်းပြီးသကာလ ဒေသနာတရား
ကို ဟောကြားတော်မူ၏။ ဒေသနာတော် ဆုံးလေသည်ရှိသော်
တောနေရဟန်းလည်း သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ပါလေ
သတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၃၇။ တိတ္တိရဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၇]

# တိတ္ထိရဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာသခင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် အနာထပိဏ်သူဌေးကြီး၏ ပင့်ဖိတ်မှုကြောင့် ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ ကြွချီခဲ့၏။ ထိုမှ သာဝတ္ထိပြည်သို့ ကြွမြန်းတော်မူခဲ့စဉ် ဆဗ္ဗဂီရဟန်း၏ တပည့်တို့သည် ခရီးလမ်းခုလတ်ကြား၌ တည်းခိုရန် ဆောက်လုပ်ထားသော ယာယီကျောင်းများကို တွေ့ကြရလေ၏။ ဤသို့ တွေ့သည်ရှိသော်...

"ဤကျောင်းကား ငါတို့အတွက်၊ ထိုကျောင်းကား ငါတို့ဆရာအတွက်၊ ဤအိပ်ရာနေရာကား ငါတို့အတွက်၊ ထိုအိပ်ရာနေရာကား ငါတို့ဆရာအတွက်"

ဟူ၍ လောဘသက္ကာရဖြင့် အတ္တစိတ်ကြီးမားကာ ယူငင်ထားကြသည်ရှိသော် နောက်မှ ရောက်လာသော မထေရ်ကြီး မထေရ်ငယ်တို့မှာ နေရာအပေါင်းမှ လက်လွတ်ကြရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ရှင်သာရိပုတ္တရာဆိုလျှင် နောက်ကျမှ ရောက်လာသဖြင့် အိပ်ရာနေရာ မရဖြစ်ကာ မြတ်စွာဘုရားရှင် သီတင်းသုံးရာ ကျောင်းအနီး သစ်ပင်ရင်းတစ်ခုဝယ် တစ်ညဥ့်လုံး ထိုင်လျက်သော် လည်းကောင်း၊ စင်္ကြံလျှောက်၍သော် လည်းကောင်း အချိန်တို့ကို ကုန်လွန်စေရ၏။ မိုးသောက်အရုဏ်တက်လေသော်အခါ ဘုရားရှင်အား ထိုအကြောင်းကို လျှောက်ထားတော်မူလေ၏။ ဘုရားရှင်လည်း ထိုအကြောင်းကို သိတော်မူလျှင်...

"ငါ ဘုရားရှင် သက်တော်ထင်ရှား ရှိနေစဉ်မှာပင် တစ်ပါးနှင့်တစ်ပါး ရိုသေလေးစားခြင်း မရှိကြ။ အကယ်၍ ငါသာ ပရိနိဗ္ဗာန် ပြုခဲ့ပြီဆိုပါက မည်ကဲ့သို့များ နေကြပါအံ့နည်း"

ဟူ၍ ဆင်ခြင်တော်မူကာ ရဟန်းတို့ကို ခေါ်ယူတော်မူလိုက်၏။ ရဟန်းတို့ စုဝေးရောက်ရှိကြလျှင်...

"ချစ်သား ရဟန်းတို့၊ ငါ ဘုရားရှင်၏ သာသနာတော်၌ အဘယ်သူသည် နေရာဦး၊ ရေဦး၊ ဆွမ်းဦး စသည်တို့၌ လည်းကောင်း။ ရိုသေခြင်း၊ ကိုင်းညွှတ်ခြင်း၊ ဝတ်ပြုခြင်း စသည်တို့၌ လည်းကောင်း ခံယူထိုက်ပါသနည်း"

ဟူ၍ မေးမြန်းတော်မူ၏။ ထိုအခါ ရဟန်းတို့လည်း...

"အမျိုးမြတ်သူတို့သာလျှင် ခံယူထိုက်ပါ၏"

"ပညာတတ်သူသာလျှင် ခံယူအပ်ပါ၏"

"ဈာန်၊ အဘိညာဉ်၊ သမာပတ် ရသူသာလျှင် ခံယူအပ်ပါ၏"

www.burmeseclassic.com

www.burmeseclassic.com



"အရိယာဖြစ်သော ပုဂ္ဂိုလ်မှသာလျှင် ခံယူထိုက်ပါ၏"

"ပဋိသမ္ဘိဒါ ရပြီးသူသာ ခံယူအပ်ခံယူထိုက်သူဖြစ်ပါ၏"

အစရှိသဖြင့် မိမိတို့ ထင်မြင်ယူဆရာကို လျှောက်တင်ကြလေ၏။ ထိုအခါ ဘုရားရှင်လည်း...

"ချစ်သား ရဟန်းတို့၊ သင်တို့ အသီးသီး လျှောက်ထားခဲ့ကြသော အမျိုးမြတ်ခြင်း၊ ပညာတတ်ခြင်း၊ ဈာန်, အဘိညာဉ်, သမာပတ်ရခြင်း၊ အရိယာဖြစ်ခြင်း၊ ပဋိသမ္ဘိဒါရခြင်းသည် အဓိက မဟုတ်ပါချေ။ စင်စစ်အားဖြင့် သိက္ခာဝါ ကြီးရင့်သည့် သီတင်းသည်ကြီးများသာလျှင် ခံယူထိုက်ပေ၏"

ဟူ၍ မိန့်တော်မူပြီး...

"ချစ်သားတို့၊ သင်တို့သည် သာသနာ့ဝန်ထမ်း ရဟန်းတော်များ ဖြစ်ကြပါလျက် အဘယ်ကြောင့် တစ်ပါးနှင့်တစ်ပါး ရိုသေလေးစားခြင်း မရှိကြလေသနည်း။ သင်တို့ကို မဆိုထားဘိ ရှေးအခါကဆိုလျှင် တိရစ္ဆာန်တို့ပင် အသက်သိက္ခာဝါကြီးသော သူကို ရိုသေလေးစားခြင်း ရှိကြလေ၏"

ဟူ၍ ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူပါသတည်း။

* * *

လွန်လေပြီးသော ကာလသမယ။

ဟိမဝန္တာမည်သောအရပ်၌ ခါ၊ မျောက်၊ ဆင်၊ အဆွေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်း သုံးဦးတို့သည် ပညောင်ပင်ကြီးကို အမှီပြုလျက် အတူ တကွ သင့်တင့်ညီညွတ်စွာ နေထိုင်ကြကုန်၏။ သို့ရာတွင် ၎င်း တို့သည် တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားခြင်း မရှိကြသကဲ့သို့ အသက်မေးခြင်းလည်း မတူကြကုန်။

တစ်နေ့သ၌ အဆွေခင်ပွန်းသုံးဦးတို့သည် အညီအညွတ် စည်းဝေးမိကြ၏။ ထို့နောက်...

"အဆွေတို့၊ ငါတို့သုံးဦး၏ ယခုကဲ့သို့ နေထိုင်ခြင်း ကား မသင့်။ တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားမှုလည်း မရှိကြ။ အသက်ကြီးသူကို ရိုသေလေးစား၍ ၎င်း၏ အဆုံး အမကို ခံယူကာ နေထိုင်ကြမှသာလျှင် သင့်လျော်ပေလိမ့် မည်"

ဟူ၍ အကြံအစည်ဖြစ်ပေါ်ပြီး ၎င်းတို့သုံးဦးအနက် မည်သူ သည် အသက်အကြီးဆုံးဖြစ်ကြောင်း အမှတ်သညာ တစ်ခုခုကို ရွေးချယ်စီစစ်ရန် ရှာဖွေစူးစမ်းကြလေ၏။ ထို့နောက်...

"ငါတို့သုံးဦးကား ဤပညောင်ပင်ကြီးကို အမှီပြုကာ နေထိုင်ကြသူများ ဖြစ်၏။ သို့ဖြစ်၍ ဤပညောင်ပင်ကြီး အား အမှတ်သညာပြုကြလျှင် ကောင်းမယ်"

ဟု ဆုံးဖြတ်ပြီး ခါနှင့်မျောက်က ဆင်အား...

"အဆွေဆင် သင်သည် မည်သည့်ကာလမှ စတင်၍ ဤပညောင်ပင်ကြီးကို သိလေသနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ ဆင်က...

www.burmeseclassic.com

www.burmeseclassic.com



"အဆွေတို့၊ ငါသည် ဆင်ငယ်ကလေးဖြစ်စဉ်က ဤပညောင်ပင်အား ပေါင်ကြား၌ထား၍ သွားရပါ၏။ နောက်မှ ဤပညောင်ပင်၏ ထိပ်ဖျားသည် ငါ၏ချက်သို့ လာထိ၏"

ဟု ဆိုလေ၏။ ထိုအခါ မျောက်က...

"အဆွေတို့၊ ငါသည် မျောက်ငယ်ကလေးဖြစ်စဉ်က ဤပညောင်ပင်ငယ်ကလေးသည် အစေ့မှ ပေါက်ခါစဖြစ်၏။ ငါသည် မြေကြီး၌ထိုင်လျက် ဤပညောင်ပင်ငယ်ကလေး၏ အညွန့်အဖျားကိုပင် စားမိပါသေး၏"

ဟု ဆိုလေ၏။ ထိုအခါ ခါငှက်က...

"အဆွေတို့၊ ငါ ပျံသန်းတတ်စဉ်အခါက သင်တို့ပြောဆိုကြသည့် ဤပညောင်ပင်ဆိုသည်မှာ အဆိုပါနေရာ၌ မရှိသေးပါ။ ငါသည် အရပ်တစ်ပါးမှ ပညောင်ပင်ကြီး၏ အသီးတို့ကိုစား၍ ဤနေရာသို့ရောက်လျှင် မစင်စွန့်ခဲ့ပါ၏။ ထိုမစင်မှ ထွက်လာသော ပညောင်စေ့မှ အပင်ပေါက်ကာ ပညောင်ပင်ဖြစ်လာခဲ့ရာ ငါသည် သင်တို့နှစ်ဦးစလုံးထက် အသက်အကြီးဆုံး ဖြစ်တော့၏"

ဟု ဆိုလေ၏။ မျောက်နှင့် ဆင်တို့ကလည်း...

"ခါပညာရှိ၊ သင်ကား ကျွန်ုပ်တို့ထက် အသက်ကြီးသူဖြစ်သည်သာမက ဉာဏ်ပညာလည်း ကြီးမားသူဖြစ်ပါ၏။ သို့ဖြစ်၍ ယနေ့မှပင် စတင်ကာ သင့်အား ရိုသေခြင်း၊ လေးစားခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြု

www.burmeseclassic.com

www.burmeseclassic.com



ခြင်း အစရှိသူတို့ကို ပြုပါမည်။ သင်၏ ဆိုဆုံးမမှု မှန်သမျှကို နာခံပါမည်။ အဆုံးအမပေးပါလော့"

ဟုဆိုကာ ထိုနေ့မှစ၍ အသက်အကြီးဆုံး၊ ပညာအရှိဆုံး ခါ၏ အဆုံးအမကို ခံယူကြကုန်၏။ ဤသို့ တိရစ္ဆာန်သုံးဦးသည် တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားကြလျက် သီလဆောက်တည် ကျင့်သုံးကြလေသော် သေလွန်လျှင် ကောင်းရာသုဂတိသို့ ရောက်ရှိကြကုန်သတည်း။

ဂေါတမဘုရားရှင်လည်း ဤကဲ့သို့ အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်လျက် တရားနာ ရဟန်းအပေါင်းအား...

"ရဟန်းတို့၊ ထိုစဉ်အခါက ဆင်သည် ယခုအခါ ရှင်မောဂ္ဂလာန်ဖြစ်လာ၏။ မျောက်သည် သာရိပုတ္တရာဖြစ်လာ၏။ ခါပညာရှိမှုကား ငါဘုရားရှင် ဖြစ်လာလေ၏"


ဟု မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းလေတော့သတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၃၈။ ဗကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၈]

## ဗကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုစဉ် သင်္ကန်းချုပ်လုပ်ခြင်း၊ ဆေးဆိုးခြင်းအမှု၌ ကျွမ်းကျင်လိမ္မာသည့်အတွက် သင်္ကန်းဟောင်းတို့ကို ဆေးဆိုးကာ သင်္ကန်းလျာတို့နှင့် လဲလှယ်ရန် ပစ္စည်းဟောင်းတို့ကို ရှာဖွေလေ့ရှိသော ရဟန်းတစ်ပါး ရှိလေ၏။ ထိုရဟန်းသည် သင်္ကန်းဟောင်းတို့အား သင်္ကန်းအသစ်သဖွယ်ဖြစ်အောင် ပြုပြင်မွမ်းမံကာ အခြားရဟန်းတို့၏ သင်္ကန်းတို့နှင့် လဲလှယ်လေ့ရှိ၏။

ဤ၌ ရွာငယ်တစ်ရွာ၌ သီတင်းသုံးနေထိုင်သော ရဟန်းတစ်ပါးမှာလည်း ဇေတဝန်ကျောင်းတော်ရှိ ရဟန်းကဲ့သို့ပင် သင်္ကန်းချုပ်ခြင်း၊ ဆေးဆိုးခြင်းအမှုတို့၌ ကျွမ်းကျင်လိမ္မာ၏။

www.burmeseclassic.com

www.burmeseclassic.com



သက်န်းဟောင်းတို့ကို ပြုပြင်ကာ သက်န်းလျာတို့နှင့် လဲလှယ်ရန် လှည့်ပတ်လျက်ရှိ၏။ ထိုအခါ သီတင်းသုံးဖော်ရဟန်းတို့က...

"ငါ့ရှင်၊ သင်ကဲ့သို့ပင် ဇေတဝန်ကျောင်းတော်၌ သက်န်းဖြင့် စီးပွားရှာသော ရဟန်းတစ်ပါးရှိ၏"

ဟု ပြောဆိုလေ၏။ ထိုအခါ ဇနပုဒ်ရဟန်းလည်း ၎င်း၏ သက်န်းဟောင်းတစ်ထည်ကို ပြုပြင်ကာ ဇေတဝန်ကျောင်းနေ ရဟန်းထံသွား၍ လှည့်ပတ်မည်ဟု ကြံစည်လျက် ဟောင်းနွမ်း ရှိဆွေးသောသက်န်းကို နှစ်လိုဖွယ်ကောင်းအောင် ပြုပြင်ပြီးသည့် နောက် ဇေတဝန်ကျောင်းတော်သို့ ထွက်လာခဲ့၏။ ဇေတဝန် ကျောင်းသို့ ရောက်လေသော် ၎င်းအား တွေ့မြင်လိုက်ရသော ဇေတဝန်ရဟန်းသည် ၎င်း၏ အသစ်စက်စက် သက်န်းလျာနှင့် လဲလှယ်ယူငင်ပြီး ဝတ်ရုံလေ၏။ နှစ်ရက်, သုံးရက် လွန်လေ သောအခါ ရေနွေးနှင့် ဖွပ်လျှော်ပြီးသကာလ သက်န်းမှာ ရှိဆွေး နေကြောင်း သိလိုက်ရလေ၏။

ရဟန်းတို့လည်း ထိုအကြောင်းကို သိရှိသွားပြီး တရား သဘင်၌ စကားစပ်မိလေသောအခါ...

"ငါ့ရှင်တို့ ငါတို့ ဇေတဝန်ကျောင်းနေ ရဟန်းလိမ် အား ရွာငယ်ဇနပုဒ်နေ ရဟန်းက လိမ်သွားလေပြီတကား"

ဟု ပြောဆိုနေကြသည်ကို မြတ်စွာဘုရားရှင် ကြားသိရ လေသောအခါ...

"ရဟန်းတို့၊ ယခုမှသာလျှင် ဇေတဝန်ကျောင်းနေ ရဟန်းလိမ်ကို ရွာငယ်နေ ရဟန်းလိမ်က လှည့်စားဖူးသည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေး။ ရေးအခါကလည်း လှည့်စားခဲ့ဖူးလေပြီ” ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ရက္ခစိုးနတ်တစ်ပါးသည် တောအရပ်တစ်ခုရှိ ပဒုမ္မာကြာတို့ ပြည့်စုံသည့် ရေအိုင်ငယ်ကိုမှီကာ ပေါက်နေသော ရေခံတက်ပင်အား အုပ်စိုးလျက်နေလေ၏။

ထိုအခါ အခြားသော ရေကန်ကြီးတစ်ကန်၌ နွေကာလကိုရောက်ရှိပြီဖြစ်သည့်အတွက် နွေ၏ နေပူရှိန်ကြောင့် ကန်တွင်းရှိရေတို့သည် ခန်းခြောက်ကြကုန်၏။ ကန်အတွင်း၌ ရေခန်းငါးတို့လည်း များစွာရှိကြကုန်၏။ ထိုအခါ ဗျိုင်းတစ်ကောင်သည် ထိုရေခန်း ငါးတို့အား မြင်လျှင် စားသောက်ချင်စိတ်ဖြင့် ကြံစည်စိတ်ကူးမိလေ၏။ ထို့နောက် ရေကန်စပ်အနီး၌ တွေတွေကလေးရပ်နေစဉ် ငါးတို့က...

“အဆွေဗျိုင်း၊ ဘာတွေကို တွေးတောနေပါသနည်း” ဟု မေးလေ၏။ ဗျိုင်းက...

“ကျွန်ုပ် တွေးတောနေခြင်းမှာ သင်တို့အတွက် ဖြစ်ပါ၏။ နွေကာလကို ရောက်သဖြင့် အပူရှိန်သည် ပြင်းလွန်းလှ၏။ ထိုအပူရှိန်ကြောင့် ကန်တွင်းရှိ ရေတို့မှာ တစ်စထက်တစ်စ နည်းပါးခြောက်ခန်းလာကြကုန်လေပြီ။ မိုးကာလရောက်ရင် တစ်မျှော်တစ်ခေါ်ကြီး ကျန်ပေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သင်တို့၏ ဘေးဒုက္ခ လွတ်ကင်းရန် လမ်းစကို ငါ ကြံဆနေခြင်း ဖြစ်၏”

ဟု ဆိုလေ၏။ ထိုအခါ ငါးတို့က…

“ကြံစည်၍ ရပါပြီလော”

ဟု မေးလေရာ၊ ဗျိုင်းက…

“ရပါပြီ အဆွေငါးတို့။ ငါသည် ဤကန်သို့ မရောက်မီ ရေခံတက်ပင်ကြီး ပေါက်နေသော ရေကန်ကြီးကို တွေ့ခဲ့ရ၏။ ထိုရေကန်ကြီး၌ ရေတို့သည် ကန်ပြည့်လုနီးပါး ရှိ၏။ ပဒုမ္မာကြာတို့လည်း တင့်တယ်စွာ ပေါက်လျက်ရှိ၏။ သင်တို့သာ ငါ့စကားကို နားထောင်ပါက တစ်ကောင်ပြီးတစ်ကောင် သင်တို့အား ကိုက်ချီ ပျံသန်းသယ်ဆောင်ကာ ထိုပဒုမ္မာရေကန်သာအတွင်းသို့ လွှတ်ပေးပါအံ့”

ဟူ၍ ဆိုလေသည်။ ထိုအခါ ငါးတို့က…

“အဆွေဗျိုင်း၊ ကမ္ဘာဦးမှစ၍ ငါးတို့၏အသက်ကို ကယ်တင်သော ဗျိုင်းဟူသည် မရှိခဲ့စဖူး။ အသင်သည် ငါတို့ကို စားသောက်လိုသည့်အတွက် ကြံစည်နေခြင်းပေလော”

ဟု မေးလျှင်၊ ဗျိုင်းလည်း…

“သင်တို့ကို ငါ စားလို၍ ပြောခြင်းမဟုတ်။ မယုံပါက သင်တို့ထဲမှ ငါးတစ်ကောင်ကို ထည့်လိုက်ပါ။ ငါ လက်တွေ့ သက်သေပြပါမည်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။ ငါးတို့လည်း ဗျိုင်း၏စကားကြောင့် ဟုတ် မဟုတ် ယုံကြည်ရရန်အတွက် ရေပြင်၌ လည်းကောင်း၊ ကုန်း ပေါ်၌ လည်းကောင်း သွားလာနိုင်သော ငါးနက်ကြီးတစ်ကောင် နှင့် ဗျိုင်းအားထည့်ပေးလိုက်လေ၏။ ဗျိုင်းလည်း ငါးနက်ကြီး ကို ကိုက်ချီကာ ရေခံတက်ပင်ရှိရာသို့ ချီယူသွားပြီး ပဒုမ္မာကြာ တို့ လွှမ်းခြုံလျက်ရှိသော ရေကန်ကြီးကို လက်တွေ့ပြသ၏။ ထို့နောက် ငါးနက်ကြီးအား မူလနေရာသို့ ပြန်ပို့ပေးလေ၏။ ဤတွင် ငါးနက်ကြီးက တွေ့မြင်ရသည်တို့ကို ပြန်ပြောင်းပြောပြ ရာ ငါးအပေါင်းတို့လည်း ပဒုမ္မာကြာကန်ကြီးသို့ ပြောင်းရွှေ့ လိုသဖြင့် ဗျိုင်းကို ပို့ဆောင်ပေးပါရန် အကူအညီတောင်းခံကြ လေ၏။ ဗျိုင်းကလည်း ပို့ဆောင်ပေးရန် ဝန်ခံလေ၏။

ထိုအခါ ဗျိုင်းလည်း ရှေးဦးစွာ ငါးနက်ကြီးကိုပင် ပြန်ချီ သွားပြီး ရေခံတက်ပင်သို့ ရောက်လေသော် ရေကန်တွင်းသို့ ချမပေးဘဲ ခံတက်ပင်ခွကြား၌ တင်ကာ အသားတို့ကို ပေါက် ဆိတ် စားသောက်ပြီး အရိုးအရင်းတို့အား ခံတက်ပင်ရင်းသို့ ပစ်ချလေ၏။ နောက်တစ်ဖန် ရေခန်းငါးတို့ထံ ပြန်လာပြီး ကောင်းမွန်စွာ ပို့ဆောင်ပေးခဲ့ပြီဖြစ်ကြောင်း ပြောလျက်၊ ငါး တစ်ကောင်ကို ကိုက်ချီပြန်လေ၏။ ရှေးနည်းအတိုင်းပင် စား သောက်ပစ်ပြီး အရိုးအရင်းတို့ကို ခံတက်ပင်ရင်းသို့ ပစ်ချလေ၏။

ဤနည်းအားဖြင့် နိစ္စဓူဝ စားသောက်လာရာ ရေခန်းသော ကန်တွင် ငါးတစ်ကောင်တစ်မြီးမျှ မရှိတော့ဘဲ ပုစွန်လုံးတစ် ကောင်သာလျှင် ကျန်ရစ်လေ၏။ ဗျိုင်းသည် ရှေ့နောက် ဆင်ခြင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမှုမရှိဘဲ ထိုပုစွန်လုံးကိုလည်း စားသောက်ချင်စိတ် ဝင်လာ၏။ သို့ဖြင့်...

"အို... ပုစွန်လုံးငဲ့။ ငါသည် ဤကန်တွင်းရှိ သင့်အဖော် ငါးအပေါင်းတို့ကို ပဒုမ္မာကြာတို့ ခြံလွှမ်းသော ရေကန်သာအတွင်းသို့ ကူညီပို့ဆောင်ပေးခဲ့ပါပြီ။ သင့်ကိုလည်း ကူညီပို့ဆောင်ပေးလိုပါ၏"

ဟူ၍ စကားကြောင်းလမ်းလေ၏။ ထိုအခါ...

"ကျွန်ုပ်အား ကူညီပို့ဆောင်မည်ဆိုရာ၌ မည်သို့ ယူဆောင်ပါမည်နည်း"

ဟူ၍ ပုစွန်လုံးက မေးလေသော်၊ ဗျိုင်းလည်း...

"နှုတ်သီးဖြင့် ကိုက်ချီပါမည်"

ဟု ဆိုလေ၏။ ထိုအခါ ပုစွန်လုံးက...

"အဆွေဗျိုင်း၊ ထိုကဲ့သို့ သယ်ယူပါက လွတ်ကျပါလိမ့်မည်။ သင်၏နှုတ်သီးဖြင့် ချီ၍ယူခြင်းကို ငါ စိတ်မချပါ။ ငါ၏ လက်မနှစ်ဖက်ဖြင့် သင့်လည်ပင်းကို တွယ်၍ လိုက်ရလျှင် လိုက်မည်"

ဟူ၍ ဆိုလေသော် ဗျိုင်းလည်း ပုစွန်လုံးအား စားချင်စိတ်တစ်ခုတည်းနှင့် ဆင်ခြင်မှုမရှိတော့ဘဲ 'ကောင်းပြီ' ဟု သဘောတူလိုက်လေ၏။ ထို့နောက် ပုစွန်လုံးလည်း ၎င်း၏ လက်မနှစ်ဖက်ဖြင့် ဗျိုင်း၏လည်ကို ညှပ်ကာ ဗျိုင်းသယ်ဆောင်ရာသို့ လိုက်ပါခဲ့၏။ ဗျိုင်းလည်း ပုစွန်လုံးအား ခံတက်ပင်ပေါ်သို့ ခေါ်ဆောင်ပြီး နားလေ၏။ ပုစွန်လုံးက...

www.burmeseclassic.com

www.burmeseclassic.com



"အဆွေဖျိုင်း၊ ပဒုမ္မာရေကန်ကြီးကို တွေ့မြင်ရပါလျက် ငါ့အား အဘယ်ကြောင့် ရေကန်တွင်းသို့ မချသနည်း"

ဟု ဆို၏။ ဖျိုင်းက...

"အသင်ပုစွန်လုံး၊ သင်သည် ငါ၏ လှည့်စားမှုကို မသိသလော။ ငါသည် သင့်အလျှင် ငါးအပေါင်းအား လိမ်လည် လှည့်ဖြားပြီး ဤအပင်ထက်သို့ သယ်ဆောင်ကာ စားသောက်ပစ်၏။ အရိုးအရင်းတို့အား ခံတက်ပင်ခြေရင်းသို့ ပစ်ချခဲ့၏။ ယခု ငါသည် သင့်အား စားသောက်တော့အံ့"

ဟု ဆိုလေလျှင် ပုစွန်လုံးလည်း...

"အသင်ဖျိုင်း၊ ငါ့အလျှင် ငါးတို့သည် မိုက်မဲကြ၍သာ သင်၏အစာ ဖြစ်ကြရကုန်၏။ ငါမူကား သင်၏ အစားကို မခံ၊ သင့်အပေါ် ငါ လှည့်ဖြားသည်ကို သင် မသိ။ သင် မိုက်မဲ၍သာ သင့်လည်ကို အညှပ်ခံဘိသည်။ ယခုပင် သင့်လည်တိုင်အား ငါ ဖြတ်အံ့"

ဟုဆိုကာ ဖိညှပ်လိုက်၏။ ဖျိုင်းလည်း နာကျင်လွန်းသဖြင့် သေဘေးမှ ကြောက်ရွံ့လျက်...

"အဆွေပုစွန်လုံး၊ အဆွေ့ကို ကျွန်ုပ် မစားဝံ့တော့ပါ။ ကျွန်ုပ်၏အသက်ကို ချမ်းသာပေးပါလော့"

ဟု ကြောက်ရွံ့တုန်လှုပ်စွာ တောင်းပန်လေ၏။ ထိုအခါ ပုစွန်လုံးလည်း...

"သို့ဖြစ်လျှင် ငါ့အား ရေကန်တွင်းသို့ ပို့ဆောင်ပေးလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေသည်။ ဇျိုင်းလည်း ၎င်းသေရမည်ဘေးကို ကြောက်ရွံ့သဖြင့် ပုစွန်လုံးအား ရေကန်စပ်သို့ ပို့ဆောင်ပေးရတော့၏။ ရေကန်စပ်သို့ ရောက်သည်ရှိသော် ပုစွန်လုံးလည်း 'ဤဇျိုင်းအား အသက်ရှင်ခွင့် ပေးလိုက်ပါက အခြားအခြားသော ငါးတို့အား ဒုက္ခပေးနေမည်သာတည်း။ ထို့ကြောင့် အဆုံးစီရင်ပစ်သည်သာ အသင့်တော်ဆုံး ဖြစ်၏" ဟု ဆုံးဖြတ်လျက် ဇျိုင်း၏ လည်တိုင်အား ကတ်ကြေးနှင့်မခြား တိခနဲဖြစ်အောင် ဖြတ်လိုက်လေတော့၏။

ထိုသို့သော အံ့ဖွယ်သူရဲမြင်ကွင်းကို မြင်လိုက်ရသော ရေခံတက်ပင်စောင့် ရုက္ခစိုးနတ်လည်း...

"အချင်းတို့၊ ကောက်ကျစ်စဉ်းလဲသော သူတို့ကား ကောက်ကျစ်စဉ်းလဲသောအမှုကို ပြုသဖြင့် စည်းစိမ်ချမ်းသာနှင့် မပြည့်စုံ၊ အမြဲပြည့်ဝမနေနိုင်ပေ။

ကောက်ကျစ်စဉ်းလဲသော ဇျိုင်းသည် ကောက်ကျစ်စဉ်းလဲသော ပုစွန်လုံး၏လက်ဖြင့် သေရသကဲ့သို့ ကောက်ကျစ် စဉ်းလဲသောသူမှာ ကောက်ကျစ် စဉ်းလဲသောသူ၏ လက်၌ပင် ပျက်စီးရစမြဲ ဖြစ်ပေသည်တကား"

ဟူ၍ တောတစ်ခွင်ကို ပဲ့တင်ထပ်စေလျက် သာယာ ညိမ့်ညောင်းအသံဖြင့် တရားဟောတော်မူလေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက်...

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းပရိသတ်အပေါင်းအား–

"ရဟန်းတို့၊ ထိုစဉ်အခါက ဗျိုင်းသည် ယခုအခါ ဓေတဝန်ကျောင်းနေ ရဟန်းလိမ်ဖြစ်လာ၏။

ထိုစဉ်အခါက ပုစွန်လုံးသည် ယခုအခါ တောရွာ ဇနပုဒ်နေ ရဟန်းလိမ်ဖြစ်လာ၏။

ထိုစဉ်က ရက္ခစိုးနတ်သည် ယခုအခါ ငါဘုရားရှင် ဖြစ်လာလေ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ၃၉။ နန္ဒဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၃၉]

## နန္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးစံမှာယ်စဉ်က ဖြစ်လေ၏။

ထိုကာလ၌ ရှင်သာရိပုတ္တရာထံ၌ အတူနေရဟန်းတစ်ပါး ရှိလေ၏။ ထိုတပည့်ရဟန်းသည် ဆရာရှင် ဖြစ်တော်မူသော ရှင်သာရိပုတ္တရာ၏ ဆုံးမသွန်သင်သော စကားတို့ကို လိုက်နာ၏။ လွန်စွာမှလည်း ကျေးဇူးပြု၏။ နူးညံ့သိမ်မွေ့ခြင်းလည်း ရှိ၏။

တစ်နေ့သ၌ ရှင်သာရိပုတ္တရာနှင့် တပည့်ရဟန်းတို့သည် ဒေသစာရီ ကြွချီရာ ဒက္ခိဏာဂိရိဇနပုဒ်သို့ လိုက်ပါရသည်ရှိသော် အတူနေ တပည့်ရဟန်းသည် ဆရာအရှင်သာရိပုတ္တရာ ဆိုဆုံးမသည် စကားကို မလိုက်နာတော့။ မာန်မာနဖြင့် ခက်ထန်ကြမ်းတမ်းလာ၏။ ဆရာ၏အလိုနှင့် ဆန့်ကျင်ဘက်ကို ပြုလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒက္ခိဏာဂိရိဇနပုဒ်မှ ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်လေသောအခါ ရှေးအခါကကဲ့သို့ ဆုံးမအပ်သော စကားတို့ကို လိုက်နာပြန်၏။ ဆရာ့ကျေးဇူးကိုလည်း တုံ့ပြန်ပြု၏။ နူးညံ့သိမ်မွေ့ခြင်းလည်း ရှိလာ၏။ ရှင်သာရိပုတ္တရာလည်း တပည့်ဖြစ်သူ၏ အပြုအမူနှင့် ပတ်သက်၍ တစ်သမတ်တည်း မရှိပုံကို ဘုရားရှင်အား လျှောက်ထားလေရာ ဘုရားရှင်လည်း...

"ချစ်သား သာရိပုတ္တရာ၊ သင်၏ တပည့်ရဟန်းကား ယခုအခါ၌သာ တစ်နေရာတစ်မျိုး၊ တစ်နေရာတစ်မျိုးဖြစ်သည် မဟုတ်။ ရှေးအခါကလည်း ဖြစ်ဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် သူကြွယ်တစ်ဦး ရှိလေ၏။ ၎င်း၏ အဆွေခင်ပွန်းဖြစ်သော သူကြွယ်ကား အသက်အရွယ်ကြီးပြီ ဖြစ်၏။ ၎င်း၏ နုပျိုသေးသော မယားလည်းရှိ၏။ မောင်နှံစုံမွေးသော သားတစ်ယောက်လည်း ရှိသေး၏။

ထိုမိတ်ဆွေ သူကြွယ်သည်...

"ငါကား အိုမင်းလှပြီဖြစ်၏။ ငါ သေလွန်သည်ရှိသော် ငါ၏မယားသည် ယောကျ်ားယူ၍ ပစ္စည်းဥစ္စာတို့ကို ဖြုန်းတီးရာ၏။ ငါ့သားငယ်အားလည်း ပေးလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ငါ၏ သားငယ် မဆင်းရဲရအောင် ငါ၏ ဥစ္စာစု
ကို မြေ၌ မြှုပ်ရလျှင် ကောင်းပေမည်"

ဟူ၍ ကြံစည်ကာ 'နန္ဒ' ကျွန်ကို ခေါ်ယူ၍ တောတွင်း တစ်နေရာ၌ မြှုပ်နှံစေ၏။ ကျွန်နန္ဒကိုလည်း...

"အမောင်နန္ဒ၊ ငါ သေလွန်ပါက ငါ့သားအား ငါ
မြှုပ်နှံထားသော ဤဥစ္စာစုကို ပြောကြားရစ်ပါ။ ငါ့သားကို
ပစ်မထားပါနှင့်"

ဟု မှာကြားလေ၏။ မကြာခင်ကာလ၌ ထိုသူကြွယ်လည်း ဇရာဖိစီးကာ ရောဂါနှိပ်စက်၍ သေလွန်လေ၏။

သူကြွယ်သားအရွယ်သို့ ရောက်သည်ရှိသော် မိခင်ဖြစ်သူ သည် သားအား...

"ငါ့သား၊ သင်၏ဖခင်သည် ၎င်းမကွယ်လွန်မီက
နန္ဒကျွန်ကို တောတွင်းတစ်နေရာသို့ခေါ်၍ ဥစ္စာစုများကို
မြှုပ်နှံထားခဲ့၏။ အမောင်သွားပြီးလျှင် ၎င်းဥစ္စာတို့ကို တူး
ဖော်၍ ယူခဲ့ပါ"

ဟူ၍ ပြောကြားလေ၏။ သို့ဖြင့် သူကြွယ်သားလည်း နန္ဒ ကျွန်နှင့် တွေ့ဆုံ၍...

"ဦးရီး ကျွန်ုပ်၏အဘ မြှုပ်နှံထားသော ဥစ္စာစုတို့
ရှိပါသလော"

ဟု ဆို၏။ ရှိသည်ဟု သိရလျှင် မြှုပ်နှံထားရာ အရပ်ဒေသ ကို မေးမြန်းလေ၏။ တောအရပ်၌ မြှုပ်နှံထားကြောင်း သိရ လျှင် တူးဖော်ယူရန် နှစ်ဦးသား ပေါက်တူးနှင့် တောင်းကိုယူ၍

www.burmeseclassic.com



ဆောင်ကာ တောအုပ်အတွင်းသို့ သွားခဲ့ကြလေ၏။ ဥစ္စာမြှုပ်နှံရာအရပ်သို့ ရောက်လျှင် သူကြွယ်သားက...

"ဦးရီး၊ ဥစ္စာတို့အား အဘယ်အရပ်၌ မြှုပ်နှံထားသနည်း"

ဟု မေးလေလျှင် နန္ဒကျွန်သည် ဥစ္စာမြှုပ်နှံရာနေရာတွင် ရပ်လျက် အမူအရာ ပြောင်းလဲလာ၏။ ဥစ္စာကိုမှီ၍ ဖြစ်သော မာန်တို့ တက်ကြွလာကာ...

"ဟယ် ကျွန်မသား၊ ဤအရပ်မှာ သင့်ဥစ္စာ ဘယ်မှာ ရှိမည်နည်း"

ဟူ၍ သူကြွယ်သားအား ကြမ်းတမ်းစွာ ဆဲရေးလေ၏။ သူကြွယ်သားလည်း ကျွန်နန္ဒ၏ ကြမ်းတမ်းသော စကားကို မကြားယောင်ပြုကာ ပြန်လာခဲ့လေ၏။

နောက်နှစ်ရက်၊ သုံးရက် လွန်မြောက်လေသော် တောအုပ်အတွင်းသို့ သွားပြန်၏။ မသွားခင်က အကောင်း၊ တောတွင်းတစ်နေရာ ရောက်လေသော ကျွန်နန္ဒ၏ အပြောအဆို အပြုအမူတွေက အံ့သြဖွယ်ကောင်းလောက်အောင် ပြောင်းလဲလာသဖြင့် ဥစ္စာတို့ကို မတူးဖော်နိုင်ဘဲ ပြန်လာခဲ့ရသည်သာ ဖြစ်၏။ ထိုအခါ သူကြွယ်သားလည်း...

"ဤဦးရီးကား ဥစ္စာမြှုပ်နှံရာအရပ်တို့ကို သိ၏။ တူးဖော်မည်ဟု ပြောဆိုပြီး တောအရပ်သို့ ရောက်ပြန်သော် အသွင်အပြင် ပြောင်းလဲလာကာ ခက်ထန်ကြမ်းတမ်းစွာ ဆဲရေးလေ၏။ အကြောင်းရင်း မည်သို့ဖြစ်သည်ကို ငါ

www.burmeseclassic.com

www.burmeseclassic.com



မသိ။ ငါ့ဖခင်၏ မိတ်ဆွေ သူကြွယ်ကား ပညာရှင်ဖြစ်၏။ ၎င်းအား သွားရောက်မေးမြန်း အကူအညီတောင်းရလေသော် ကောင်းလေစွ"

ဟု တွေးတောမိပြီး ဖခင်ကြီး၏ မိတ်ဆွေ သူကြွယ်ကြီးထံ သွားရောက်၍ အဖြစ်အပျက်အလုံးစုံကို ပြောကြားမေးမြန်းလေ၏။ အကြောင်းစုံကို ပညာရှိသူကြွယ်ကြားရလေလျှင်...

"ချစ်သား၊ ကျွန်နန္ဒ ဆဲရေးသောအရပ်၊ ၎င်းရပ်တည်နေသော အရပ်၌ ဧကန်မုချ သင့်ဖခင် မြှုပ်နှံထားသော ဥစ္စာများ ရှိလိမ့်မည်။ ကျွန်နန္ဒသည် ဥစ္စာကိုမှီ၍ မာန်တက်ပြီး ဆဲရေးခြင်းသာဖြစ်လိမ့်မည်။ သို့အတွက် နန္ဒကျွန် ဆဲရေးသောအခါ သင်ချစ်သားအနေဖြင့် 'ဟယ်... ကျွန်မသား၊ လာလော့' ဟူ၍ ကျွန်နန္ဒကို ဆွဲငင်ပြီး ၎င်းရပ်၍ ဆဲသော နေရာ၌ တူးစေကာ သင့်ဖခင်၏ ဥစ္စာအစုတို့ကို ယူလေလော့"

ဟူ၍ မှာကြားလိုက်လေ၏။ သူကြွယ်သားလည်း ပညာရှိသူကြွယ်ကြီး နည်းပေးလမ်းပြသည့်အတိုင်း လိုက်နာကာ ဥစ္စာပစ္စည်းတို့ကို ရအောင်ယူလိုက်နိုင်၏။ ဥစ္စာပစ္စည်းတို့ ရလေသည်ရှိသော် ကုသိုလ်ကောင်းမှုတို့ကိုဖြင့် ရပ်တည်နေထိုင်သွားလေသတည်း။

ဤသို့ ဂေါတမဘုရားရှင်လည်း အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်လျက် တရားနာရဟန်းပရိသတ်အပေါင်းအား...

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့ ထိုစဉ်အခါက နန္ဒကျွန်သည် ယခုအခါ အရှင်သာရိပုတ္တရာ၏ အတူနေတပည့် ဖြစ်လာ၏။

ထိုစဉ်က ပညာရှိသူကြွယ်သည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၀။ ခဒိရင်္ဂဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၀]

## ခဒိရင်္ဂါရဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာအရှင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အနာထပိဏ်သူဌေးသည် မြတ်ဘုရားရှင်၏ သာသနာတော်အား ချီးမြှောက်သည့်အနေဖြင့် အမြဲမပြတ် လှူဒါန်းလေ့ရှိလေ၏။ ဘုရားရှင်ထံ တစ်နေ့လျှင် သုံးကြိမ် သွားရောက်ကာ ဆည်းကပ်ပူဇော်လေ့ ရှိ၏။

ဤ၌ ဘုရားရှင်ကိုသော် လည်းကောင်း၊ ရှစ်ကျိပ်သော မထေရ်ကြီးတို့ကို လည်းကောင်း၊ တပည့်အခြံအရံနှင့်တကွ အိမ်ဂေဟာသို့ ပင့်ဖိတ်ကာ ဆွမ်းလုပ်ကျွေးလေ့ ရှိ၏။ နေ့စဉ်နေ့တိုင်း အိမ်၌ ရဟန်းငါးရာတို့အား နိစ္စဘတ် ဝတ်မပျက်တမ်း ဆွမ်းလောင်းလေ့ ရှိ၏။ အနာထပိဏ်သူဌေးကြီးကား လမ်းလေးခွဆုံရှိ ရေကန်ကြီးသဖွယ် ရဟန်းသံဃာအပေါင်းတို့၏ မိဘသဖွယ်လည်း ဖြစ်၏။ သူဌေးကြီးကား အလှူ၌သာ စိတ်အာရုံရောက်လျှင် စီးပွားရေး၌ အားထုတ်ခြင်း မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် နောက်အခါ၌ သူဌေးကြီးမှာ မြီစားကုန်သည်တို့ထံမှ အသပြာ ဆယ့်ရှစ်ကုဋေ ရစရာရှိသည်တို့ကို ပြန်မရပေ။ အစိရဝတီ မြစ်ကမ်းစပ်တွင် မြှုပ်နှံထားသော အသပြာ ဆယ့်ရှစ်ကုဋေမှာလည်း မြစ်ရေများ တိုက်စား၍ ကမ်းပါးပြိုသဖြင့် ဆုံးရှုံးကုန်လေ၏။ သို့ဖြစ်၍ ပစ္စည်းဥစ္စာတို့မှာ တစ်စထက်တစ်စ နည်းပါးလာခဲ့၏။ ဆင်းရဲသော အနေအထားသို့ ရောက်လေ၏။ သို့ရာတွင် ရတနာသုံးပါးနှင့်စပ်၍ သာသနာတော်၌ ပြုလုပ်နေကျ အလှူဝတ်ကိုကား လုံးဝ အပျက်မခံဘဲ ပြုမြဲအတိုင်း ပြုလေ၏။

သူဌေးကြီး၏ အိမ်ဂေဟာကား ခမ်းနားကြီးကျယ်လှ၏။ ဘုံခုနစ်ဆင့်ရှိ၍ တံခါးမုခ်မှာလည်း ခုနစ်ဆင့်ပင် ရှိလေ၏။ ဤ၌ စတုတ္ထတံခါးကို စောင့်ကြပ်သော တံခါးမုခ်စောင့် မိစ္ဆာဒိဋ္ဌိနတ်သည် ရတနာသုံးပါး၌ ကြည်ညိုသူ မဟုတ်ပေ။ သူဌေးကြီး၏ အိမ်ဂေဟာသို့ ရဟန်းသံဃာတို့ ဝင်တိုင်း၊ ထွက်တိုင်း အပေါ်မှာ မနေနိုင်ဘဲ မြေပြင်၌သာ ဆင်းသက်နေရသဖြင့် ကိုယ်စိတ်ဆင်းရဲလျက် ရှိ၏။ ဘုရားရှင်နှင့် တပည့်ရဟန်းသံဃာများ အိမ်ဂေဟာသို့ မလာမှ ချမ်းသာမည်ဟု ကြံစည် စိတ်ကူးနေတော့၏။

တစ်နေ့တွင် အဆိုပါ စတုတ္ထတံခါးမုခ်စောင့်နတ်မှာ သူဌေးကြီးထံ သွား၍...

"သူဌေးကြီး၊ သင်သည်ကား စီးပွားရေး၌ အားထုတ်ခြင်းမရှိဘဲ ဘုရားရှင်နှင့်တကွ ၎င်းတို့၏ တပည့်များကို

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းနေသည့်အတွက် ဆင်းရဲခဲ့ခြင်း ဖြစ်ပါ၏။ ပစ္စည်းဥစ္စာတွေလည်း ကုန်ခန်းခဲ့ပြီ ဖြစ်၏။ သည့်အတွက် ဘုရားရှင်နှင့်တကွ တပည့်ရဟန်း သံဃာတို့အား ရောရော နှောနှော မလုပ်ပါတော့နှင့်"

ဟူ၍ ပြောဆိုလေ၏။ အနာထပိဏ် သူဌေးကြီးသည် သောတာပန်ဖြစ်၍ သဒ္ဓါတရား ကြီးမားသူ ဖြစ်လေရကား...

"ဟယ်... မိစ္ဆာနတ်ယုတ်။ သင့်စကားကို ရပ်လော့၊ သင်လည်း ဤနေရာမှ ထွက်ခွာသွားလော့"

ဟူ၍ ကြိမ်းကာ မောင်းထုတ်လေ၏။ တံခါးစောင့်နတ်လည်း မျက်နှာမရဘဲ ပြန်ရလေ၏။

သို့ဖြင့် သူဌေးကြီး၏ စီးပွားရေး အနေအထားမှာ တစ်စထက်တစ်စ ဆုတ်ယုတ်လာလေရကား သံဃာတော်များအား ဆန်ပုန်းရည်နှင့် ဆန်ကွဲဆွမ်းကိုသာ လှူဒါန်းနိုင်တော့သည့် အခြေအနေသို့ ကျဆင်းရောက်ရှိလာခဲ့၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အနာထပိဏ်ထံ ကြွမြန်းရောက်ရှိလာပြီး...

"ဒကာတော်သူဌေးကြီး၊ စိတ်ကို တွန့်တိုခြင်း မရှိပါစေနှင့်။ မွန်မြတ်ဖြူစင်သော စိတ်ထားဖြင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာတို့အား လှူဒါန်းရသော အလှူမှာ သေးနုပ်ရုန့်ရင်းသည်ဟူ၍ မရှိပါချေ။ အကျိုးလည်း မယုတ်ပါချေ"

ဟု မိန့်ဆိုပြီး အကြောင်းအကျိုးနှင့်ယှဉ်လျက် ဝေလာမသုတ်ကို ဟောကြားတော်မူလေ၏။ သူဌေးကြီးလည်း သူတော်ကောင်းတရားကို နှလုံးသွင်းကာ ငြိမ်းချမ်းပီတိ ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို သဘောမပေါက်သော မိစ္ဆာဒိဋ္ဌိနတ်သည်...

"ယခုအခါ သူဌေးကြီးအဖို့ အလွန်တရာ ဆင်းရဲမွဲတေကား ဘုရား၊ ရဟန်း၊ သံဃာများအပေါ်၌ အကျိုးမဲ့သုံးစွဲခဲ့ခြင်းအတွက် နောင်တများ ရရှိလောက်ပြီထင်၏။ ယခုအချိန်၌ ငါ သွားရောက်တရားချလျှင် ငါ့စကားကို နားထောင်ပေလိမ့်မည်"

ဟူ၍ မှတ်ထင်ကာ သူဌေးကြီးထံ သွားခဲ့၏။ သည့်နောက် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့အား မပေါင်းသင်းရန်၊ အလှူဒါနများ လုံးဝ မလုပ်ရန် အကြံပြုလေ၏။ ဤတွင် သူဌေးကြီးလည်း...

"ဟယ်... ယုတ်မာလှသော မိစ္ဆာနတ်၊ ငါကား အကျင့်သီလ ပျက်ယွင်းသူတို့နှင့် အတူမနေလို။ ယခုပင် သင်သည် ငါ့အိမ်ဂေဟာ တံခါးမုခ်မှ ထွက်ခွာလော့၊ လုံးဝဆိုလုံးဝ မနေနှင့်"

ဟူ၍ နှင်ထုတ်လေ၏။ မိစ္ဆာနတ်လည်း သောတာပတ္တိမဂ်ဆိုက်ပြီး သူတစ်ဦး၏ အမိန့်အာဏာကို မလွန်ဆန်ဝံ့သဖြင့် စတုတ္ထတံခါးမုခ်မှ ပြောင်းရွှေ့ရလေ၏။ နေရာရှာသော်လည်း ရှာ၍မရသဖြင့် ဆင်းရဲဒုက္ခကြီးစွာ ရောက်ရလေ၏။ သည့်အတွက် မိစ္ဆဒိဋ္ဌိနတ်လည်း သူဌေးကြီးကို တောင်းပန်ပေးရန် မြို့စောင့်နတ်ထံ သွားရောက်အကူအညီတောင်း၏ မရပေ။ သည့်အတွက် နတ်မင်းကြီးလေးပါးထံ သွားရောက် အကူအညီတောင်းခံသော်

www.burmeseclassic.com

www.burmeseclassic.com



ပြား နတ်မင်းကြီးလေးပါးက ဆောင်ရွက်မပေးချေ။ နောက်ဆုံး သိကြားမင်းထံ ရောက်ရှိသွားပြီး အသနားခံ တောင်းပန်သော အခါမှ သိကြားမင်းက...

"အသင် တံခါးစောင့်နတ်၊ ဝန်လေးသောအမှုကို ပြုခဲ့သူ ဖြစ်၏။ သည့်အတွက် ငါ့အနေဖြင့် သူဌေးကြီးကို မပြောဝံ့ပေ။ သည့်အတွက် သင့်အကျိုးငှာ နည်းလမ်းတစ်ခုကို ပေးလိုက်မည်။ ထိုနည်းလမ်းက သူဌေးကြီး၏ မြီစားတို့ထံမှ ငွေဆယ့်ရှစ်ကုဋေကို ရအောင်တောင်းပေးရမည်။ ထို့နောက် အစိရဝတီမြစ်ကမ်း၌ ဆုံးရှုံးသွားသော ငွေကြေးတို့အား သင်၏ တန်ခိုးအာနိသင်ဖြင့် ပြန်လည်ရရှိအောင် ဆောင်ကြဉ်းပေးလေ။ ပိုင်ရှင်မရှိသော ငွေဆယ့်ရှစ်ကုဋေကိုလည်း ဆောင်ကြဉ်းပေးလေ။ အားလုံး ငါးဆယ့်လေးကုဋေရလေသော် သူဌေးကြီး၏ ဟောင်းလောင်းဖြစ်နေသော ကျီကျတို့အား ပြည့်အောင် ဖြည့်သွင်းပြီးမှ သူဌေးကြီး ကျေနပ်အောင် တောင်းပန်ပါလေ"

ဟူ၍ ဖြစ်နိုင်ချေရှိသော နည်းလမ်းကို ပေးလိုက်လေ၏။ တံခါးစောင့်နတ်လည်း သိကြားမင်းပေးသည့်နည်းအတိုင်း ငါးဆယ့်လေးကုဋေတိတိကို ကျီများ၌ အပြည့်အဝ ဖြည့်တင်းပေးလိုက်ပြီးသည့် သကာလ...

"အရှင်သူဌေးကြီး၊ အကျွန်ုပ် စတုတ္ထတံခါးမှခ်စောင့်မှာ လွန်စွာမှ မိုက်မဲသောနတ် ဖြစ်ပါသည်။ ဘုရားရှင်၏ တုမနိုင်းသာသော ဂုဏ်ကျေးဇူးတော်တို့ကို မသိ၍ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



မိခြင်း ဖြစ်ပါ၏။ ယခုအခါ ဟောင်းလောင်းဖြစ်နေသော သူဌေးကြီး၏ ကျီကျများအတွင်းသို့ ငါးဆယ့်လေးကုဋေ တို့အား ဖြည့်တင်းခဲ့ပြီး ဒကာဆောင်ခဲ့ပါပြီ။ အကျွန်ုပ်အား သည်းခံစိတ်ထား၍ မူလနေရာ၌ ပြန်လည် နေခွင့်ပြုပါ" ဟူ၍ တောင်းပန်လေ၏။ သူဌေးကြီးလည်း...

"ကောင်းပြီ တံခါးစောင့်နတ်၊ သင့်အပေါ် ငါ သည်းခံပါမည်။ သို့သော် သင်၏ တောင်းပန်ခြင်းကိုမူ ဘုရားရှင်၏ ရှေ့တော်မှောက်၌ တောင်းပန်ပါမှသာ ငါ ခွင့်လွှတ်ပါမည်"

ဟု ပြောဆို၏။ နောက်တစ်နေ့ လင်းအရုဏ်သို့ ရောက်သည်ရှိသော် သူဌေးကြီးလည်း တံခါးစောင့်နတ်ကို ခေါ်ဆောင်ကာ ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင်ထံ ရောက်သွားကြလေ၏။ သူဌေးကြီးလည်း အကျိုးအကြောင်းစုံကို လျှောက်ထားပြီး ဘုရားရှင်ရှေ့မှောက်မှာပင် တံခါးစောင့်နတ်အား တောင်းပန်စေလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က...

"ဒကာတော် အနာထပိဏ်၊ မကောင်းမှုပြုသူမှာ အကျိုးမပေးမီ ကောင်းကျိုးကို မြင်နေရ၏။ အကျိုးပေးတော့မှ မကောင်းကျိုးကို မြင်လာရ၏။

ထို့အတူ ကောင်းမှုကို ပြုသောသူလည်း အကျိုးမပေးမီ မကောင်းမှုကို မြင်နေရ၏။ အကျိုးပေးတော့မှ ကောင်းကျိုးကို မြင်လာရလေ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိန့်ဆိုဆုံးမကာ ဒေသနာတရားတော်ကို ဟောကြားတော်မူလေ၏။ ဒေသနာတော်ဆုံးလျှင် မိစ္ဆာဒိဋ္ဌိနတ် သောတာပတ္တိဖိုလ်၌ တည်လေတော့၏။ ဤတွင် သူဌေးကြီးလည်း ဘုရားရှင်အား...

"အရှင်ဘုရား၊ တပည့်တော်မှာ အလှူပေးရာ၌ တွန့်တိုခြင်း အလျှဉ်းမရှိ။ နတ်ကပင် တားမြစ်လာသော်ငြား လှူတန်းမှု ဝတ္တရားမပျက်ခဲ့ပါဘုရား"

ဟူ၍ လျှောက်ထားလေသော်၊ ဘုရားရှင်လည်း...

"သူဌေးကြီး၊ သင်ကား ယခုအခါ သောတာပန်ဖြစ်၍ တုန်လှုပ်ခြင်းကင်းမဲ့သော သဒ္ဓါတရားရှိသူ ဖြစ်ပေပြီ။ ထိုကဲ့သို့ တန်ခိုးသေးနုပ်သော နတ်၏ တားမြစ်ခြင်းအပေါ် နားမယောင်ဘဲ ဝတ္တရားမပျက်ခဲ့သည်မှာ အံ့ဖွယ်မဟုတ်သေး။ ရှေးအခါက တန်ခိုးကြီးသော မာရ်နတ်မင်းပင်လျှင် မီးကျီးတွင်းငရဲကို ဖန်ဆင်းပြလျက် တားမြစ်သော်လည်း မရခဲ့ပေ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါက အတတ်ပညာ ကြွယ်ဝလျက် လိမ္မာရေးခြားရှိသော သူဌေးသားတစ်ဦး ရှိလေ၏။ ဖခင် သူဌေးကြီး သေလွန်သောအခါ သူဌေးအရိုက်အရာ၌ ဆက်ခံရလေ၏။

www.burmeseclassic.com

www.burmeseclassic.com


အဆိုပါ လိမ္မာသော ပညာရှိသူဌေးသည် မြို့တံခါး လေးမျက်နှာ၌ လေးဌာန၊ မြို့လယ်၌ တစ်ဌာန၊ မိမိအိမ်တံခါး၌ တစ်ဌာန စသဖြင့် ခြောက်ဌာနတို့၌ အလှူမဏ္ဍပ်ကြီး ခြောက်ဆောင်ကို ဆောက်လုပ်လျက် အလှူကြီးကို ပေး၏။ သီလကို ဆောက်တည်၏။ ဥပုသ်ကို စောင့်သုံးလေ၏။

တစ်နေ့သော် သူဌေးလည်း နံနက်စာ ပွဲတော်တည်ရန် ထမင်းစားပွဲသို့ လာသည်ရှိသော် နိရောဓသမာပတ်မှ ထလာသော ပစ္စေကဗုဒ္ဓါ တစ်ပါးသည် အိမ်ဂေဟာတံခါးဝ၌ ဆွမ်းခံရပ်လာကြောင်း တွေ့မြင်လိုက်ရ၏။ ဤတွင် သူဌေးလည်း ပစ္စေကဗုဒ္ဓအား ရိုသေစွာ ရှိခိုးလျက် အလုပ်အကျွေး အစေအပါးတို့အား ပစ္စေကဗုဒ္ဓါထံမှ သပိတ်ကို အယူခိုင်းလိုက်လေ၏။ ထိုအခိုက် ယုတ်မာလှစွာသော မာရ်နတ်မင်းသည်...

"ဤ ပစ္စေကဗုဒ္ဓါကား ဆွမ်းမစားရသည်မှာ ခုနစ်ရက်ရှိလေပြီ။ ဤနေ့၌ ဆွမ်းမစားရပါက ပရိနိဗ္ဗာန်စံရလိမ့်မည် ဖြစ်၏။ သည့်အတွက် သူဌေး၏ အလှူထမြောက်မှု မရှိရလေအောင် ငါကိုယ်တိုင် ဖျက်ဆီးမည်"

ဟူ၍ အကြံဆိုးဖြင့် ရောက်လာခဲ့၏။ ထို့နောက် တစ်ခဏချင်း အဝီစိငရဲကြီးအလား ထင်မှတ်မှားရလောက်အောင် အတောင်ရှစ်ဆယ်ပမာဏရှိ အလျှံတညီးညီးတောက်လောင်၍ ကြောက်မက်ဖွယ်ရာ ကောင်းလှစွာသော မီးကျီးတွင်းကို ဖန်ဆင်းလိုက်၏။ ပြီးနောက် ကောင်းကင်ထက်၌ ရပ်နေလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် သပိတ်ယူရန်သွားသော သူဌေး၏ အစေအပါး လည်း မီးကျီးတွင်းကြီးကို မြင်သဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ သပိတ်ကို မယူရဲတော့ဘဲ ပြန်လှည့်လာခဲ့၏။ ထိုအခါ သူဌေး လည်း အကျိုးအကြောင်းကို မေးမြန်းလေရာ အကြောင်းစုံသိ ပြီး သကာလ၊ အလုပ်အကျွေး အစေအပါးတို့အား တစ်ဦးပြီး တစ်ဦး သပိတ်ကို သွားယူစေ၏။ သို့ရာတွင် မီးကျီးတွင်းကို ထိတ်လန့်ကြောက်ရွံ့သဖြင့် မည်သူမျှ သပိတ်ကို ယူမလာခဲ့ပေ။ ထိုအခါ သူဌေးလည်း...

"မာရ်နတ်ယုတ်သည် ငါ၏အလှူကို ယုတ်မာစွာ ပိတ်ပင်ဆီးတား၏။ ထိုကဲ့သို့ မာရ်နတ်ယုတ် တစ်ပါးသာ မဟုတ် အရာအထောင်မက လာရောက်နှောင့်ယှက်သော်ငြား ငါကား တုန်လှုပ်လိမ့်မည် မဟုတ်။ ယခုအခါ မာရ်နတ်ယုတ်နှင့်ငါ၊ အဘယ်သူ အားကြီးသည်ကို သိရစိမ့်သောငှာ စစ်ပြိုင်တော့မည်"

ဟု ဆုံးဖြတ်လျက် အသင့်စီမံထားသော ဆွမ်းခွက်ကို ကိုင်ကာ အိမ်ဂေဟာမှ ထွက်၏။ မီးကျီးတွင်းနားသို့ ရောက်လေသော် ကောင်းကင်ကို မော့ကြည့်လိုက်ရာ မာရ်နတ်ကို မြင်လေ၏။ ဤတွင် အမေးစကားပြု၏။ မာရ်နတ်ဖြေ၏။

"သင် မည်သူနည်း"

"ငါကား မာရ်နတ်မင်းဖြစ်၏"

"ဤမီးကျီးတွင်းအား သင် ဖန်ဆင်းထားလေ သလော"

www.burmeseclassic.com

www.burmeseclassic.com



"မှန်၏၊ ငါ ဖန်ဆင်းထားသော မီးကျီးတွင်းဖြစ်၏"

"ဘယ့်အတွက်ကြောင့် ဖန်ဆင်းထားရလေသနည်း"

"အဘယ့်ကြောင့်ဆိုသော် သင်၏အလှူ အထ မမြောက်ရလေအောင် ပစ္စေကဗုဒ္ဓါသည်လည်း ပျက်စီးခြင်း ဆိုက်ရလေအောင် ဖန်ဆင်းထားခြင်းပင် ဖြစ်တော့၏"

"အသင်မာရ်နတ်၊ သင်သည် ငါ၏အလှူကို ပိတ်ပင်ဖို့ရာလည်းကောင်း၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ပျက်စီးရအောင် လည်းကောင်း ပြုလုပ်ရန်ကို ငါ လုံးဝ ခွင့်မပြု။ သင်နှင့်ငါ အဘယ်သူ အင်အားကြီးမားသည်၊ ဘယ်သူက နိုင်လိမ့်မည်ကို ယခုပင် သိရပေတော့မည်"

ဟူ၍ မီးကျီးတွင်း နှုတ်ခမ်းနားသို့ ရောက်အောင်သွားလျက် ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်အား...

"အရှင်ဘုရား၊ တပည့်တော်သည် ဤဆွမ်းကို အရှင့်အား ပေးလှူရသည့်အတွက် ဤမီးကျီးတွင်းသို့ ဇောက်ထိုးကျလျှင် ကျပါစေတော့။ လှူဒါန်းသမှု ပြုပါအံ့။ နောက်သို့ လုံးဝ ဆုတ်လိမ့်မည် မဟုတ်ပါ။ မသူတော်တို့၏ အလုပ်ဖြစ်သော မလှူဒါန်းခြင်း၊ သီလမစောင့်ခြင်းအလုပ်တို့ကို မလုပ်ပါ။ အရှင်ဘုရားအနေဖြင့် တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဘုရား"

ဟူ၍ လျှောက်ထားပြီး စိတ်ဓာတ်ကို တည်ကြည်စွာ ထားလျက် ဆွမ်းခွက်ကို ကိုင်ကာ မီးကျီးတွင်းပေါ်သို့ ဖြတ်၍ သွားလေ၏။ ထိုအခါ မီးကျီးတွင်းထဲမှ ပွင့်ချပ်တစ်ရာရှိသော ပဒုမ္မာကြာပေါက်လျက် အပေါ်သို့ တက်လာကာ သူဌေး၏ ခြေအစုံ

www.burmeseclassic.com

www.burmeseclassic.com



ကို အပူအပင်မရှိရလေအောင် ခံလာလေ၏။ ထို့နောက် ကြာဝတ်မှုန်များ တက်လာကာ တစ်ကိုယ်လုံး ရွှေချထားဘိသည့်အလား ဖြစ်စေခဲ့၏။ ထို့နောက် သူဌေးလည်း ကြာပွင့်ချပ်ပေါ်တွင်ရပ်ကာ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်၏ သပိတ်တော်တွင်းသို့ အနံ့အရသာနှင့် ပြည့်စုံသော ဆွမ်းကို လောင်းလှူလေ၏။

အရှင်သူမြတ် ပစ္စေကဗုဒ္ဓါလည်း ဆွမ်းကို အလှူခံပြီးလျှင် အနုမောဒနာပြုလျက် လူအများ၏ မျက်မြင်ရှေ့မှောက်မှာပင် သပိတ်တော်အား ကောင်းကင်ထက်သို့ ပစ်တင်လိုက်၏။ ထို့နောက် အရှင်လည်း တိမ်လွှာအထပ်ထပ်အား ဇင်းကြွသည့်အလား ဟိမဝန္တာအရပ်သို့ ကြွမြန်းသွားတော်မူခဲ့၏။ ထိုအခါ မာရ်နတ်မင်းလည်း စစ်ရှုံးသဖြင့် မှိုင်တွေချကာ ၎င်း၏အရပ်သို့ ပြန်သွားရလေတော့၏။ သူဌေးလည်း ပဒုမ္မာကြာချပ်ပေါ်မှာပင် ရပ်တည်လျက် စုဝေးရောက်ရှိလာကြသူ ပရိသတ်အပေါင်းအား ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုကိုပြုကြရန် တရားဟောပြောလေတော့သတည်း။

ဂေါတမဘုရားရှင်လည်း ဤသို့သော အတိတ်၊ ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍...

"ရဟန်းတို့၊ ထိုစဉ်အခါက လိမ္မာသောသူဌေးသည်
ယခုအခါ ငါဘုရားရှင် ဖြစ်လာလေ၏"

ဟူ၍ မိန့်တော်မူကာ ဇာတ်တော်ကို ပေါင်းပါလေတော့သတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၁။ လောသကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

အဋ္ဌကနိပါတ်

[၄၁]

## လောသကဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ အရှင်သခင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ထိုကာလ၌ လောသကတိဿအလျောင်းအလျာသည် ကောသလတိုင်းရှိ တံငါသည် အိမ်ထောင်စုတစ်ထောင်တို့ စုဝေးနေထိုင်ကြသော တံငါရွာကြီး၌ တံငါသည်မတစ်ယောက်၏ဝမ်း၌ ပဋိသန္ဓေနေလေ၏။ ထိုတံငါသည်မ၌ ပဋိသန္ဓေရှိပြီဆိုလျှင်ပင် ထိုတံငါရွာရှိ တံငါသည်အားလုံးတို့သည် ကွန်၊ ပိုက်တို့ဖြင့် စေ့စပ်သေချာစွာ ငါးရှာပါသော်ငြား ငါးကြီးငါးကောင်းမဆိုထားဘိ၊ ငါးသန်သေးနုပ်မျှပင်လျှင် ရှာဖွေဖမ်းဆီး၍ မရနိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်ကြရ၏။ အနေဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အစားဆင်းရဲနှင့် တွေ့ကြုံရ၏။ ထို့မျှသာမကသေး။ မီးခုနစ်ကြိမ်လောင်သဖြင့် မင်းမျက်မင်းဒဏ်ကို ခုနစ်ကြိမ် ခံခဲ့ရလေ၏။ ဤ၌ တံငါသည်ကိုလည်း ယခင့်ယခင်က ဤကဲ့သို့ တစ်ခါတစ်ရံဖူးမျှ မဖြစ်ဖူးပဲ ယခုမှသာ ဖြစ်လာ ကြုံလာရသည်မို့ တွေးတောဆင်ခြင်မိလေသောအခါ...

"ဤကဲ့သို့ ဖြစ်ရခြင်းမှာ ငါတို့အထဲ၌ သူယုတ်မာ ရှိရှိ ဖြစ်ရမည်။ သို့ရာတွင် မည်သူမည်ဝါမှန်းလည်းမသိ။ သို့ရာတွင် တဖြည်းဖြည်းမှ သိစေရမည်"

ဟူ၍ စဉ်းစားပြီးသကာလ တံငါအိမ်ထောင်စု တစ်ထောင်အား ငါးရာစီ နှစ်ကန့်ခွဲပစ်လိုက်၏။ ဤတွင် ကိုယ်ဝန်ဆောင် တံငါသည်မ ပါဝင်သောအစုမှာ လာဘ်လာဘများ ဆုတ်ယုတ်ပြီး ငတ်မွတ်ခေါင်းပါးခြင်းနှင့် ကြုံရ၏။ ခွဲထွက်သွားသော တံငါအိမ်ထောင်စု ငါးရာကား တိမ်မည်းညိုကြားမှ ကင်းလွတ်လေသော လမင်းကြီးအလား အလုပ်အကိုင်များ အဆင်ပြေကာ ဝပြောစည်ပင် ကြီးပွားလာကြ၏။ ထိုအခါ ဆင်းရဲသော အိမ်ထောင်စု ငါးရာမှ နှစ်ရာ့ငါးဆယ်စီ ခွဲထုတ်ပြန်၏။ ဤ၌ ကိုယ်ဝန်ဆောင် တံငါသည်မပါသော အစုမှန်သမျှသည် ဆင်းရဲငတ်မွတ်လျက် ခွဲထွက်သူတို့မှာ ဝပြောစည်ပင် ကြီးပွားလာကြ၏။ နောက်ဆုံး၌ အဆင့်ဆင့်ခွဲလေရာ ကိုယ်ဝန်ဆောင် တံငါသည်မတို့ မိသားစုသာလျှင် ဆင်းရဲမွဲတေပြီး ကျန်အိမ်ထောင်စု ကိုးရာ့ကိုးဆယ့်ကိုးအိမ်ထောင်မှာ အဆင်ပြေ သာယာဝပြော

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုအခါ တံငါသည်အပေါင်းလည်း ကိုယ်ဝန်ဆောင် တံငါမ မိသားစုအား 'သူယုတ်မာ' မိသားစုဟူ၍ သမုတ်လျက် တံငါရွာမှ မောင်းထုတ်ကြလေတော့၏။

ထိုမိသားစုသည် တံငါအစုမှ ခွဲထွက်လာပြီး မွေးဖွားချိန် တန်သောအခါ သားသူငယ်ကို မွေးဖွားလေ၏။ ထိုသားသူငယ်မှာ အရဟတ္တဖိုလ်ဆိုက်မည့်သူဖြစ်၍ မည်သူမျှ ဖျက်ဆီးခြင်းငှာ မတတ်နိုင်ကြပေ။ အတိတ်ဝဋ်ကြွေးကြောင့် ထိုသားသူငယ်ကို မွေးဖွားပြီးလေသော် အမိအဖတို့မှာ ငတ်မွတ်ခေါင်းပါးမြဲ ငတ်မွတ် ခေါင်းပါးကြလေ၏။ ထိုသူငယ် အရွယ်ရောက်လေသော် မိဘတို့လည်း ကိုယ်မချိသော်လည်း အမိသော်လည်း သားတော်ခဲ ဆိုသည့်ထုံးကို နှလုံးမူ၍ သူငယ်အား ခွက်တစ်ခွက်ပေးကာ အိမ်တစ်အိမ်သို့ တောင်းရမ်းရန် စေခိုင်းလိုက်ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးကြလေတော့၏။

သူငယ်ခမျာ မိဘတွေကလည်း ကိုယ်လွတ်ရုန်းသွားသဖြင့် မှီခိုရာလည်း မရှိတော့။ ဆင်းဆင်းရဲရဲနှင့် ခွက်လက်ဆွဲကာ တောင်းရမ်းစားသောက်ရင်း ရေလည်း မချိုးရ၊ အဝတ်လဲစရာ ကလည်း နတ္ထိ၊ နေစရာ အတည်တကျလည်း မရှိဖြစ်လျက် ဖုတ်၊ ပြိတ္တာအလား လမ်းကြိုလမ်းကြား၌ နေထိုင်အိပ်စက်ရ လေ၏။ တစ်နေ့တစ်နေ့ ခွက်ထဲ၍ တစ်လမ်းဝင် တစ်လမ်းထွက် တောင်းရမ်းပါသော်လည်း စွန့်ကြဲသူ နည်းပါးသည့်အတွက် ဝလင်အောင် စားသောက်ရသည်မရှိ။ မသေရုံသာ စားသောက် နေရသည့်သဘော ဖြစ်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အိမ်တစ်အိမ်၌ ကျနေသော ထမင်းလုံးစေ့များအား တစ်စေ့စီ ကောက်စားနေသည်ကို ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး မြင်တွေ့သွားလေ၏။ သနားကရုဏာစိတ်များ ပေါက်ဖွားလာသဖြင့် ခေါ်ယူကာ အကြောင်းစုံကို မေးမြန်းလေတော့၏။ အကြောင်းစုံ သိလေသောအခါ ကိုယ်တော်တိုင် ကျောင်းသို့ ခေါ်ယူသွားပြီး အစာရေစာကို ဝလင်စွာ ကျွေးမွေး၏။ ချေးညှော်တို့ ကင်းစင်ရလေအောင် ရေမိုးချိုး သန့်စင်စေ၏။ အသက်ခုနစ်နှစ်ရှိပြီဖြစ်၍ ရှင်သာမဏေပြုစေခဲ့၏။ အသက်နှစ်ဆယ်ပြည့်လေသောအခါ ရဟန်းဘောင်သို့ သွတ်သွင်းပေးပြီး ဝိပဿနာတရားများ ပွားများစေသဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူကာ သာသနာတော်တွင် 'လောသကတိဿမထေရ်' အဖြစ် ကမ္ပည်းတွင်ရစ်လေ၏။

ထိုမထေရ်ကား ဘုန်းကံနည်းပါးလှသည်ဖြစ်၍ လာဘ်သပ်ပကာ နည်းပါးလှ၏။ ဆွမ်းလှည့်လည်ခံပါသော်ငြား ပြည့်စုံအောင်မရ။ ဆွမ်းလောင်းသူတို့မှာ ထိုမထေရ်လာလျှင် သပိတ်ထဲ ဆွမ်းပြည့်နေပြီးသားဟု ထင်မှတ်ထားကြ၍ မည်သည့်ဆွမ်းမျှ မလောင်းကြသဖြင့် ဝမ်းဝအောင်ပင် ဘုဉ်းမပေးခဲ့ရချေ။ သည်နေလာခဲ့ရာ ဤနေ့ ဤရက်၌ 'လောသကတိဿမထေရ်' သည် ပရိနိဗ္ဗာန်ပြုတော့မည့်နေ့ဖြစ်သည်ကို ရှင်သာရိပုတ္တရာ သိတော်မူလိုက်၏။ သည့်အတွက်...

"ယနေ့ ငါသည် လောသကတိဿအား ဆွမ်းဝလင်စွာ စားရအောင် ကြံဆောင်မည်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သန္နိဋ္ဌာန်ချကာ လောသကတိဿအား ခေါ်ဆောင်လျက် ဆွမ်းခံထွက်လာပါသော်ငြား ဆွမ်းလောင်းလှူဖို့ဝေးစွ။ လက်အုပ်ချီးမြှင့်သူပင် မရှိချေ။ ဤသို့ ရှင်သာရိပုတ္တရာလည်း...

"ငါ့ရှင် ပြန်နှင့်ပါ။ ဆွမ်းစားဇရပ်မှာ စောင့်နေပါ။ ငါ အမြန်ပါလာပါမည်"

ဟူ၍ ပြောဆိုစေလွှတ်ပြီး ကိုယ်တော်ကြီးကိုယ်တိုင် ဆွမ်းခံပါမှ လှူချင်သူတွေ လက်မလည်နိုင်အောင် ဖြစ်ကြရ၏။ ဆွမ်းပင့်၍ ကျွေးကြ၏။ ထိုအခါ ရှင်သာရိပုတ္တရာက ဆွမ်းစားဇရပ်တွင် ရှိနေမည့် လောသကတိဿထံသို့ ဆွမ်းအုပ်ကို အပို့ခိုင်းလေ၏။ ဆွမ်းအုပ်ပို့သူတို့က လောသကတိဿကို မတွေ့မမြင်မိဟုဆိုကာ ၎င်းတို့ပင် စားပစ်ကြလေ၏။ ရှင်သာရိပုတ္တရာလည်း လောသကတိဿ ဆွမ်းစားပြီးပြီအမှတ်ဖြင့် ပြန်ကြွလာ၏။ ဆွမ်းစားဇရပ်တွင်ရှိနေသော လောသကတိဿကိုမေးရာ ဆွမ်းမစားရသေးကြောင်း သိလေသော် ရှင်သာရိပုတ္တရာအဖို့ သံဝေဂများစွာရသွားခဲ့လေ၏။ ဤသို့ အချိန်ကို စူးစမ်းလိုက်လေသော် အချိန်မလွန်သေးမှန်းသိသဖြင့် ကိုယ်တော်တိုင် ကောသလမင်းကြီး၏ နန်းတော်သို့ ကြွလျက် စတုမဓုကို လှူစေပြီး ပြန်ကြွလာခဲ့၏။ ဇရပ်သို့ ရောက်လျှင် လောသကတိဿကိုခေါ်၍...

"ငါ့ရှင်၊ အလိုရှိသလောက် ဘုဉ်းပေးတော်မူပါလော့"

ဟူ၍ ခွင့်ပေးလေ၏။ လောသကတိဿသည် ရှင်သာရိပုတ္တရာအား ရိုသေကိုင်းရှိုင်းစိတ်ဖြင့် ဘုဉ်းမပေးဝံ့ဘဲ ရှိလေသော အခါ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်၊ ဤသပိတ် ငါ့လက်က လွတ်သည်ရှိသော် ဆွမ်းအာဟာရများ ကွယ်ပျောက်သွားမည်ဖြစ်၍ ငါ့ရှင် ဘုဉ်းမပေးလိုက်ရဘဲ ရှိမည်။ သည့်အတွက် ငါ ကိုင်ထားသော သပိတ်မှ သင် အလိုရှိတိုင် ဘုဉ်းပေးပါလော့"

ဟူ၍ ဆိုမှပင် လောသကတိဿလည်း ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကိုင်ထားသော သပိတ်တွင်းမှ ဆွမ်း အာဟာရများကို တစ်သက်နှင့်တစ်ခါ ဝလင်စွာ ဘုဉ်းပေးရလေ၏။ ထိုနေ့မှာပင် လောသကတိဿသည်း ပရိနိဗ္ဗာန်ပြုသွားခဲ့လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်လည်း လောသကတိဿမထေရ်၏ အလောင်းအန်နီး၌ ရပ်တော်မူလျက် ကောင်းစွာ သဂြိုဟ်စေပြီး လျှင် ဓာတ်တော်တို့ကို စေတီတည်စေ၏။ ထိုအခါတွင် ရဟန်းတို့သည် တရားသဘင်၌...

"ငါ့ရှင်တို့ အံ့ဘွယ်သရဲ ရှိပေစွ။ လောသကတိဿ မထေရ်ကား လာဘ်သပ်ပကာ နည်းပါးသော်ငြား အရဟတ္တ ဖိုလ်ကို ရသေး၏"

ဟူ၍ စကားစမြည် ပြောဆိုနေကြလေ၏။ ထိုအခိုက် မြတ်စွာဘုရားရှင် ကြွလာတော်မူကာ...

"ရဟန်းတို့၊ လောသကတိဿသည် ရှေးအခါက သူတစ်ပါး၏လာဘ်ကို ပိတ်ပင်တားဆီးမိခဲ့သည့်အတွက် ယခုဘဝ၌ ဘုန်းကံလာဘ်သပ်ပကာ နည်းပါးရခြင်းဖြစ်၏။ သို့ရာတွင် တရားအလွန် အားထုတ်၍ ဝိပဿနာရှုဖူးသည့် အတွက် အရဟတ္တဖိုလ်ဆိုက်ရခြင်း ဖြစ်၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ၊

ကဿပဘုရားရှင် လက်ထက်၌ ရဟန်းတစ်ပါးသည် သူကြွယ်တစ်ဦးကို အမှီပြု၍ ရွာငယ်ကျောင်းတွင် နေထိုင်သီတင်းသုံး၏။ အကျင့်သီလနှင့်လည်း ပြည့်စုံသည့်အပြင် ဝိပဿနာတရားကိုလည်း လွန်စွာ အားထုတ်လေ၏။

တစ်နေ့သ၌ ရဟန္တာတစ်ပါးသည် အစဉ်အတိုင်း ကြွလာရာ တောကျောင်းရဟန်း၏ ဒါယကာရင်းဖြစ်သော သူကြွယ်၏ အိမ်သို့ ရောက်လေ၏။ သူကြွယ်လည်း ရဟန္တာ၏ ဣရိယာပုတ်ကို ကြည်ညိုသဖြင့် ဆွမ်းလုပ်ကျွေးပြီး တရားတော်ကို နာယူလေ၏။ ထို့နောက်...

"အရှင်ဘုရား၊ တပည့်တော်တို့ ကိုးကွယ်သော ရွာကျောင်းရှိပါ၏။ ထိုကျောင်းသို့သွား၍ သက်သာစွာ သီတင်းသုံးတော်မူပါဘုရား။ ညချမ်းအခါသို့ ရောက်လျှင် တပည့်တော် အဖူးအမြော် ရောက်လာပါမည်"

ဟူ၍ လျှောက်ထားကာ လွှတ်လိုက်လေ၏။ ရဟန္တာမထေရ်လည်း ဒါယကာသူကြွယ် ညွှန်ခဲ့သော ရွာကျောင်းသို့ သွား၍ ကျောင်းသို့ ရောက်လေလျှင် အာဂန္တုကဝတ်ကို ပြု၏။ အလာပသလ္လာပစကားများ ပြောဆိုကြပြီးသည့်နောက် ကျောင်းနေ ရဟန်းက...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင် ဆွမ်းစားပြီးပြီကော"

"စားပြီးပါပြီ၊ ဤကျောင်း၏ ဒါယကာသူကြွယ် ဆွမ်းလုပ်ကျွေးခဲ့ပါပြီ"

ထိုသို့ ဆိုပြီးသည့်နောက် ရဟန္တာမထေရ်လည်း ၎င်းနေရန် ကျောင်းကို ပန်ကြားသုတ်သင် ရှင်းလင်းပြီးလျှင် သပိတ်၊ သင်္ကန်း တို့ကို သိမ်း၍ ဈာန်ချမ်းသာခြင်းဖြင့် လည်းကောင်း၊ ဖိုလ်ချမ်းသာဖြင့် လည်းကောင်း နေထိုင်လျက် အချိန်ကာလတို့ကို လွန်မြောက်စေ၏။

သူကြွယ်လည်း ညနေချမ်းအချိန်အခါသို့ ရောက်သည်ရှိသော် ပန်းနံ့သာနှင့် မီးထွန်းရန် ဆီတို့ကို ဆောင်ယူလျက် ကျောင်းသို့ ရောက်လာ၏။ ထို့နောက် အာဂန္တုရဟန္တာထံမှ တရားနာယူကာ ပန်း၊ ဆီမီးတို့ဖြင့် ပူဇော်ပြီး ရဟန်းနှစ်ပါး စလုံးအား မနက်ဖြန်၌ အိမ်သို့ အရဏ်ဆွမ်းဘုဉ်းပေးပါရန် ဖိတ်မန္တကပြုကာ ပြန်သွားခဲ့လေ၏။ ဤတွင် ကျောင်းနေရဟန်း ၏စိတ်၌ မနာလိုဝန်တိုစိတ်များ ဖြစ်ပေါ်လာပြီး...

"ငါ၏ ဒကာသူကြွယ်ကား စိတ်ဓာတ်ပျက်ပြားလေပြီ။ ဤအာဂန္တုရဟန်းသာ ဤကျောင်း၌ နေသွားမည်ဆိုလျှင် ငါ့ကို အရေးစိုက်တော့မည် မဟုတ်။ သည့်အတွက် ဤအာဂန္တုရဟန်းကို ဤကျောင်း၌ မနေနိုင်အောင် လုပ်ရမည်"

ဟူ၍ ကြံရွယ်မိတော့၏။ အာဂန္တုရဟန္တာလည်း ကျောင်းနေရဟန်း၏ အတွင်းစိတ်ကို အကဲခတ်မိ၏။ ထို့ကြောင့်ပင်...

www.burmeseclassic.com

www.burmeseclassic.com



"ဤကျောင်းနေရဟန်းကား ငါသည် ဆွမ်းဒကာ အပေါ်၌ လည်းကောင်း၊ ဂိုဏ်းအခြံအရံ၌ လည်းကောင်း၊ ကျောင်းဝိဟာရအပေါ်၌ လည်းကောင်း တပ်မက်စွဲလမ်းခြင်း ကင်းသည်ကို မသိရှာလေတကား"

ဟူ၍ နှလုံးသွင်းလျက် သီတင်းသုံးသောနေရာသို့ ပြန်ကာ စျာန်ချမ်းသာ၊ ဖိုလ်ချမ်းသာတို့ဖြင့် နေလေ၏။

ကျောင်းနေရဟန်းလည်း မိုးသောက်နံနက် အရုဏ်တက်လေသော် ကျိန်းစက်ရာမှ ထလျက် ကိုယ်လက်သုတ်သင် ရှင်းလင်းပြီး သင်္ကန်းကို ဝတ်ရုံလျက် ဝတ်ကျေဝတ်ကုန် ကျောက်စည်ကို လည်းကောင်း၊ ကျောင်းတံခါးရွက်ကို လည်းကောင်း၊ လက်သည်းဖြင့် ခတ်လျက် သူကြွယ်အိမ်သို့ သွားလေ၏။ သူကြွယ်လည်း သပိတ်ကို လှမ်းယူ၍ မြင့်မြတ်သောနေရာ၌ နေစေပြီး...

"အရှင်ဘုရား၊ အာဂန္တုရဟန်း အဘယ်ကြောင့် မပါလာပါသနည်း"

ဟူ၍ မေးလေ၏။ ထိုအခါ ကျောင်းနေရဟန်းက...

"ဒါယကာ၊ ထိုအာဂန္တုရဟန်းအကြောင်းကို ငါ မသိ။ ငါသိသည်ကား ကျောက်စည်ကို ထိုး၍လည်းကောင်း၊ တံခါးရွက်ကို ခေါက်၍လည်းကောင်း နှိုးသော်လည်း နိုးလာခြင်း မရှိပေ။ ယမန်နေ့က သင် လုပ်ကျွေးခဲ့သော ခဲဘွယ် ဘောဇဉ်ကောင်းတို့ တစ်ဝကြီး စားသောက်ပြီး အဆီယစ်ကာ အိပ်ပျော်နေဟန် ရှိပေသည်။ သင်တို့ကား

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့သော ရဟန်းမျိုးမှ ရွေးချယ်ကာ ကြည်ညိုတတ်ပေစွ တကား"

ဟူ၍ မိန့်တော်မူလေ၏။ ထိုအခိုက်ရွာကျောင်း၌ရှိနေသော အာဂန္တုရဟန္တာလည်း ၎င်း၏ ဆွမ်းခံချိန်ကို မှတ်သား၍ အရပ်တစ်ပါးသို့ ကြွမြန်းသွားလေတော့၏။ သူကြွယ်လည်း ကျောင်းနေရဟန်းကို ဆွမ်းလုပ်ကျွေးပြီးနောက် ပျားသကာတို့ဖြင့် စီစဉ်ချက်လုပ်ထားသော ဃနာနို့ဆွမ်းအား သပိတ်ပြည့်အောင် ထည့်ပေးပြီး...

"အရှင်ဘုရား၊ အာဂန္တုရဟန်းအား လှူဒါန်းပေးပါဘုရား"

ဟူ၍ မှာကြားလိုက်လေ၏။ ကျောင်းနေရဟန်းလည်း ဆိတ်ဆိတ်နေလျက် သပိတ်ကိုယူကာ သူကြွယ်အိမ်မှ ပြန်ကြွလာခဲ့၏။ လမ်း၌...

"ဤအာဂန္တုရဟန်းကား သူကြွယ် လှူလိုက်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးရပါက လည်ကုပ်ကိုင်၍ နှင်ထုတ်သော်မှ ကျောင်းမှ ထွက်ခွာသွားတော့မည် မဟုတ်"

ဟူ၍ ငြူစူဝန်တိုကာ လမ်းခရီး၌ မီးရှို့ထားသော မီးကျီးပုံကို တွေ့သည်တွင် သပိတ်ထဲရှိ နို့ဆွမ်းအားလုံးအား သွန်မှောက်ပစ်လိုက်လေတော့၏။ ထို့နောက် ဣန္ဒြေမပျက် ကျောင်းသို့ ပြန်ကြွလာခဲ့၏။

ကျောင်းသို့ ရောက်သည်ရှိသော် အာဂန္တုကို မမြင်မတွေ့ မမြင်ရတော့ ထိုအခါမှ သေချာစွာ တွေးတောဆင်ခြင်သုံးသပ်လေသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ၏ လုပ်ရပ်တွေကား မှားပေပြီ။ ဤအာဂန္တုရဟန်းကား သာမန်ရဟန်းမဟုတ်။ ရဟန္တာဖြစ်ရပေလိမ့်မည်။ ငါ့စိတ်ဆန္ဒကိုသိ၍ အရပ်တစ်ပါးသို့ ထွက်ခွာသွားသည်ပင် ဖြစ်လိမ့်မည်။ အံ့ဩဖွယ်ရှိလေစွ။ ငါသည် ဝမ်းတစ်လုံးအတွက်နှင့် မသင့်လျော်သော အပြုအမူတို့ကို ပြောဆိုပြုလုပ်မိလေပြီ။ အပြစ်ကြီးလေးသော အလုပ်ကို လုပ်ခဲ့မိလေပြီတကား"

ဟူ၍ သတိသံဝေဂရကာ နှလုံးမသာမယာဖြစ်ပြီး သေလွန်သည်ရှိသော် ငရဲသို့ ကျလေတော့၏။ နှစ်သိန်းပေါင်းများစွာ ငရဲ၌ ခံစားခဲ့ရပြီး ငရဲ၌ လွတ်လာသောအခါတွင်လည်း ဝိပါကဝင့်ကြွေး အကြွင်းအကျန်များကြောင့် ဘဝပေါင်းငါးရာတိတိ ဘီလူးဖြစ်ခဲ့ရ၏။ ထိုဘဝများ၌ ဝမ်းပြည့်အောင် အစာကို မစားခဲ့ရချေ။ တစ်နေ့သာလျှင် ကိုယ်ဝန်သည်၏ အညစ်အကြေးကိုရ၍ ဝမ်းပြည့်အောင် စားသောက်ရဖူး၏။ တစ်ဖန် ဘဝပေါင်းငါးရာတိတိ ခွေးအဖြစ် ကျရောက်ခဲ့ရ၏။ တစ်နေ့သာလျှင် အန်ဖတ်ပုံများကိုတွေ့၍ ဝမ်းဝအောင် စားသောက်ရဖူး၏။ အခြားအခြားသောဘဝများ၊ ကာလများ၌လည်း ဝမ်းပြည့်အောင် အစာစားရသည်ဟူ၍ မရှိခဲ့ချေ။

ခွေးဘဝမှ လွန်မြောက်လေသော် ကာသိတိုင်းရှိ ရွာငယ်ကလေးတစ်ရွာ၌ သူဆင်းရဲမျိုး၌ ဖြစ်ရပြန်၏။ တစ်မျိုးလုံးဆင်းရဲတွင်းနစ်၍ ဝမ်းပြည့်အောင် မစားသောက်ရချေ။ ၎င်းအား 'မိတ္တဝိန္ဒက' ဟူ၍ ခေါ်တွင်ကြ၏။ ၎င်းကြောင့် မိဘတို့ယ်

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဝတ်မွတ်ဆင်းရဲဘေး ကျရောက်ကြသဖြင့် နောက်ဆုံးနှင့် ၎င်းအား ရိုက်နှက်ပြီး နှင်ထုတ်ခဲ့ကြလေ၏။

မိတ္တဝိန္ဒကသည် မိဘတို့က နှင်ထုတ်သည့်အတွက် ခိုကိုးရာမဲ့ ဖြစ်သွားလေရာ ဗာရာဏသီပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံ ရောက်ရှိပြီး ခိုကိုးနေထိုင်လေ၏။ ဆရာကြီးထံ၌ ပညာသင်ယူနေကြသော တပည့်အပေါင်းမှာ ငါးရာတိတိ ရှိ၏။ မိတ္တဝိန္ဒကာမှ ထိုတပည့်ငါးရာနှင့်လည်း မသင့်မတင့် ဖြစ်ရုံမက ဆရာကြီး၏ ဆိုဆုံးမမှုကိုလည်း မနာယူခဲ့ပေ။

တစ်နေ့သ၌ ခိုက်ရန်ဖြစ်ပွားပြီး ထိုမှ ထွက်ပြေးလေသော အခါ ပစ္စန္တရာဇ်ရွာငယ်တစ်ရွာသို့ ရောက်ရှိခဲ့၏။ ထိုရွာ၌ သူဆင်းရဲမတစ်ဦးနှင့် အိမ်ထောင်ရက်သားကျလျက် သားနှစ်ယောက် ရရှိခဲ့လေ၏။ ထိုပစ္စန္တရာဇ်ရွာကလေးသည် မိတ္တဝိန္ဒက ရောက်လာသည့်နောက်ပိုင်း မီးခုနစ်ကြိမ်လောင်သဖြင့် မင်းဒဏ် ခုနစ်ကြိမ်သင့်ကာ တစ်ရွာလုံး ဆင်းရဲငတ်မွတ်သည့်ဘေးနှင့် ရင်ဆိုင်ကြရလေ၏။

ထိုအခါ ရွာသူရွာသားအပေါင်းတို့လည်း မိတ္တဝိန္ဒကရောက် လာမှ ဤကဲ့သို့ တွေ့ကြုံရသည်ဖြစ်၍ သူယုတ်မာဟု စွပ်စွဲလျက် ၎င်းတို့ မိသားစုအား နှင်ထုတ်လေရာ တောအုပ်တစ်ခုသို့ ရောက်ရှိသွားလေ၏။ ထိုတောအုပ်၌ ဘီလူးများရှိရာ ဘီလူးတို့က မယားနှင့် သားနှစ်ယောက်အား စားသောက်ပစ်သဖြင့် ၎င်းလည်း ကိုယ်လွတ်ရုန်းကာ ထွက်ပြေးရလေ၏။ ထိုမှ ဂမ္ဘီရမည်သော သင်္ဘောဆိပ်တစ်ခုသို့ ရောက်ခဲ့ပြန်၏။ သင်္ဘောသားတို့

www.burmeseclassic.com

www.burmeseclassic.com



နှင့်ပေါင်းစည်းမိပြီး သမုဒ္ဒရာခရီးသို့ လိုက်ပါသွားလေရာ သင်္ဘောလည်း ခုနစ်ရက်ခန့် ခုတ်မောင်းပြီးသည်ရှိသော် ရှေ့သို့ မတိုးတော့ဘဲ ရပ်တံ့နေလေတော့၏။ ထိုအခါ သင်္ဘောသားတို့လည်း သင်္ဘောပေါ်၌ သူယုတ်မာပါလာ၍ ယခုကဲ့သို့ ဖြစ်ရမည်ဟု မှတ်ယူလျက် သင်္ဘော၌ ပါသူတို့အား မဲချလေသော် မိတ္တဝိန္ဒကသည်ပင်လျှင် သုံးကြိမ်တိတိ မဲကျလေ၏။

ဤတွင် သင်္ဘောသားတို့လည်း မိတ္တဝိန္ဒကအား ဝါးစည်းတစ်ခုနှင့်အတူ သမုဒ္ဒရာအတွင်းသို့ ပစ်ချကြလေ၏။ ထို့နောက် သင်္ဘောလည်း ရပ်တံ့နေရာမှ ရွေ့လျား ထွက်ခွာနိုင်တော့၏။ မိတ္တဝိန္ဒကလည်း ကဿပဘုရားရှင်လက်ထက်၌ စောင့်ထိန်းခဲ့သော သီလတန်ခိုးကြောင့် ဝါးစည်းပေါ်၌ အိပ်လျက် သမုဒ္ဒရာပြင်၌ မျောပါနေရာ ဖလ်ဗိမာန်သို့ ရောက်ခဲ့၏။ ဖလ်ဗိမာန်၌ နတ်သမီးလေးယောက်နှင့် ပျော်ပါးလျက် ခုနစ်ရက်ပတ်လုံး နတ်စည်းစိမ်ကို ခံစားနေလေ၏။ ဗိမာန်ရှင် နတ်သမီးတို့ကား ခုနစ်ရက် နတ်စည်းစိမ်ခံစားပြီးပြီဆိုလျှင် ခုနစ်ရက် ငရဲ၌ ကျခံရ၏။ ငရဲကျမည့်အပတ်သို့ရောက်လျှင် မိတ္တဝိန္ဒကအား ၎င်းတို့အလာကို စောင့်ရန်မှာခဲ့ကြလေ၏။

မိတ္တဝိန္ဒကလည်း မစောင့်တော့ဘဲ ဝါးစည်းကို ဖောင်သဖွယ်ပြုပြီး အိပ်ကာ သမုဒ္ဒရာ၌ သွားပြန်၏။ ထိုအခါတွင် ငွေဗိမာန်၌ နတ်သမီးရှစ်ယောက်ကို လည်းကောင်း၊ ပတ္တမြားဗိမာန်တွင် နတ်သမီး ဆယ့်ခြောက်ယောက်ကို လည်းကောင်း၊ ၎င်းနောက် ရွှေဗိမာန်တွင် နတ်သမီးသုံးဆယ့်နှစ်ယောက်တို့ကို လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့၍ အစဉ်အတိုင်း နတ်စည်းစိမ်ကို ခံစားခဲ့၏။ ၎င်းနောက် ဘီလူးတို့ နေထိုင်သော ကျွန်းတစ်ကျွန်းသို့ ရောက်ရှိခဲ့ပြန်၏။

ဤတွင် ဆိတ်ယောင်ဆောင်သော ဘီလူးမကို တွေ့သဖြင့် ဆိတ်သားစားရန် ဆိတ်မ၏ခြေကို ကိုင်ကာ ဖမ်း၏။ ဘီလူးမ လည်း မိတ္တဝိန္ဒကကိုချီ၍ပစ်လိုက်ရာ ကံအားလျော်စွာ ဗာရာဏသီ မြို့၏ ကျုံးအပြင် ဆူးချုံထက်သို့ကျ၍ လိမ့်ကာ မြေပြင်သို့ ရောက်လေ၏။ ထိုအခါ ဆိတ်သူခိုးကို ဖမ်းဆီးရန် ဆိတ်ကျောင်း သားတို့သည် ပုန်းအောင်း ချောင်းမြောင်းလျက်ရှိကြ၏။

မိတ္တဝိန္ဒကလည်း ဆိတ်အုပ်ထဲမှ ဆိတ်တစ်ကောင်ကို လိုက် ဖမ်း၏။ ဆိတ်မက အော်မြည်လေသော် ဆိတ်ကျောင်းသားတို့ သည် မိတ္တဝိန္ဒကအား ဝိုင်းဝန်းဖမ်းဆီး၍ မင်းထံသို့ ခေါ်ဆောင် သွားကြလေ၏။ လမ်းခရီး၌ တပည့်ငါးရာတို့ ခြံ၍လာသော ဒိသာပါမောက္ခဆရာကြီးနှင့် ကြုံသဖြင့် ဆရာကြီးလည်း ဆိတ် ခိုးသူအား ကြည့်ရှုလိုက်သည်ရှိသော် သူ့တပည့်မှန်းသိသဖြင့်...

"အမောင် ဆိတ်ကျောင်းသားတို့၊ ဤသူကား ဆိတ် သူခိုးမဟုတ်ပါ။ ငါ၏ တပည့်တစ်ယောက် ဖြစ်ပါ၏။ ကျွန်ပြုခိုင်းစေရန် ငါ့အား ပေးပါလော့"

ဟူ၍ တောင်းဆိုရာ ဆိတ်ကျောင်းသားတို့လည်း ဆရာကြီး အား လေးစားခံ့ညားကြသည်ဖြစ်၍ မိတ္တဝိန္ဒကအား ဒိသာ ပါမောက္ခဆရာကြီးထံ ပေးအပ်ပြီး ထွက်သွားကြလေ၏။ ဤ တွင် ဆရာကြီးက မိတ္တဝိန္ဒကအား...

"အမောင်၊ ဤရွေ့ဤမျှကာလကြာအောင် အသင် သည် အဘယ်ကိုများ သွားနေပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေး၏။ မိတ္တဝိန္ဒကလည်း ဖြစ်ကြောင်းကုန်စင်အား ဆရာကြီးကို ပြောပြလေ၏။ ဤတွင် ဒိသာပါမောက္ခဆရာကြီး လည်း တပည့်အပေါင်းအား...

"အမောင်တို့၊ မိတ္တဝိန္ဒကသည် ဆိတ်ခြေကို အဆွဲ များသဖြင့် စိုးရိမ်ဆင်းရဲရသကဲ့သို့ လောက၌ အကျိုးစီးပွား ကို အလိုရှိသူ လူပညာရှိတို့ အဆုံးအမကို မနာယူသော သူမှာ အမြဲမပြတ် စိုးရိမ်ဆင်းရဲရ၏"

ဟူ၍ ဆုံးမဩဝါဒ ပေးလေသတည်း။

ဤသို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်...

"ရဟန်းတို့၊ ထိုစဉ်အခါက မိတ္တဝိန္ဒကသည် ယခုအခါ လောသကတိဿရဟန်း ဖြစ်လာ၏။ ဒိသာပါမောက္ခဆရာ ကြီးမှာမူ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၂။ ကပေါတကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၂]

## ကပေါတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က လျှပ်ပေါ်လော်လည်သော ရဟန်းတစ်ပါး ရှိလေ၏။ သီတင်းသုံးဖော်ရဟန်းတို့လည်း ထိုလျှပ်ပေါ်လော်လည်သော ရဟန်းအား ဘုရားရှင်ထံမှောက်သို့ ခေါ်ဆောင်သွားပြီး အကျိုးအကြောင်းကို တင်ပြလျှောက်ထားလေ၏။ ဤတွင် ဘုရားရှင်လည်း အဆိုပါ လျှပ်ပေါ်လော်လည်သော ရဟန်းအား...

"ချစ်သားရဟန်း၊ သင်သည် ယခုဘဝကျမှသာ လျှပ်ပေါ်လော်လည်သည် မဟုတ်သေး။ ရှေးတုန်းကလည်း လျှပ်ပေါ်လော်လည်သဖြင့် အသက်ဆုံးရှုံးခဲ့ဖူးပြီ။ ပညာရှိတို့ ဆိုပါလျှင်လည်း သင့်ကို အကြောင်းပြု၍ လက်ရှိနေရာမှ ပင် ဆုတ်ယုတ်ခဲ့ဖူးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်ပါလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ၎င်းတိုင်းပြည်၌ ခိပညာရှိတစ်ကောင်လည်း ရှိလေ၏။ ထိုအခါက ဗာရာဏသီ ပြည်သူပြည်သားအပေါင်းသည် ကုသိုလ်ရေးကို အလေးမူ အားခဲကြသည့်အလျောက် ပတ်ဝန်းကျင်အရပ်ရပ်ရှိ ကျေးငှက်သာရကာအပေါင်း စိတ်ချမ်းသာစွာ နားခိုနေထိုင်ကြရန်အတွက် အိမ်ဂေဟာ တံစက်မြိတ်စွန်း၌ တောင်းကြီးတောင်းငယ်တို့အား သိုက်မြုံသဖွယ် ချိတ်ဆွဲပေးထားကြလေ၏။ ဤ၌ သူဌေးတစ်ဦး၏အိမ်တွင် ချက်ပြုတ်စားသောက်မှုကိုတာဝန်ယူထားသော စားဖိုမှူးလည်း ၎င်း၏ အိမ်ဂေဟာတံစက်မြိတ်၌ ကျေးငှက်များ နားခိုကြရန်အတွက် တောင်းလွတ်ကြီးတစ်လုံးကို ချိတ်ဆွဲထားလေ၏။ ထိုတောင်းကြီးအတွင်း၌ ခိပညာရှိနေထိုင်လေ၏။ ခိပညာရှိသည် နံနက်စောစောတွင် ထိုတောင်းမှထ၍ ၎င်းကျင်လည် ကျက်စားရာသို့ တစ်နေကုန် သွားရောက်ခဲ့ပြီး ညချမ်းအခါသို့ ရောက်သည်ရှိသော် စားပွဲမှူးအိမ်ဂေဟာသို့ ပြန်လာကာ တောင်းကြီးအတွင်းသို့ ဝင်ရောက်အနားယူလေ့ ရှိ၏။

တစ်နေ့သ၌ ကျီးတစ်ကောင်သည် စားဖိုမှူးအိမ်အထက်မှ ပျံသန်းသွားစဉ် မွှေးကြိုင်သော အမဲ၊ သားငါး ဟင်းနံ့တို့ ရ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဤတွင် စားသောက်ချင်စိတ်များ တားဆီးမရဖြစ်လာကာ မည်သူ့ကို အမှီသဟဲပြု၍ စားရပါမည်နည်းဟု စူးစမ်းလိုစိတ်ဖြင့် စားဖိုမှူးအိမ်အနီးသို့ ဆင်းသက်လေ၏။ ညနေချမ်းသို့ ရောက်လေသော ပညာရှိ ခိုသည် ကျင်လည်ကျက်စားရာအရပ်မှ ပြန်လာပြီး တောင်းကြီးအတွင်းသို့ ဝင်သွားသည်ကို ကျီးလည်း မြင်လိုက်ရ၏။ ထိုအခါ 'ငါသည် အဆိုပါ ခိုအား မိတ်ဆွေဖွဲ့ထားလျှင် ကောင်းလေစွ" ဟူ၍ ကြံစည်စိတ်ကူးမိလိုက်၏။

နောက်တစ်နေ့ ကူးလေသော် နံနက်စောစောမှာပင် ခိုပညာရှိလည်း ၎င်းကျင်လည်ကျက်စားရာသို့ ထွက်လာခဲ့၏။ ကျီးလည်း ၎င်း၏ နောက်တော်ပါးမှ လိုက်လာခဲ့၏။ ထိုအခါ ခိုပညာရှိက ကျီးငှက်အား...

"အဆွေကျီး၊ သင်သည် အဘယ်ကြောင့် ငါတို့ အစာရှာရာနောက်သို့ လိုက်ပါရလေသနည်း"

ဟု မေးလေသော် ကျီးငှက်က...

"အရှင် ခို၊ ကျွန်ုပ်သည် အရှင်ခိုတို့၏ အမူအရာကိုနှစ်သက်မိပါ၏။ ထို့ကြောင့်ပင် အရှင်ခိုအား ခစားလိုသည့်အတွက် အရှင့်နောက်သို့ လိုက်လာမိခြင်း ဖြစ်ပါ၏"

ဟူ၍ ဖြေ၏။ ထိုအခါ ပညာရှိ ခိုလည်း...

"အဆွေကျီး၊ သင် စားသည့်အစားအစာက တစ်မျိုး၊ ငါတို့စားသည့် အစားအစာကတစ်ဖုံ ဖြစ်၏။ အစားအစာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုသည် မတူညီကြပါ။ သည့်အတွက် သင်သည် ငါ့အား အဘယ်သို့ ခစားရန် ဖြစ်နိုင်အံ့နည်း”

ဟု ပြန်လည်မေး၏။ ထိုအခါ ကျီးငှက်က အကြံကြီးလှစွာဖြင့်...

“အရှင် ခို၊ သည့်အတွက် ကိစ္စမရှိပါ။ ကျွန်ုပ်သည် အရှင့်အား ကြည်ညိုလှသည့်အတွက် အရှင်တို့ စားသောက်သော အစားအစာကိုသာ ရှာဖွေစားသောက်ပါမည်။ ထို့ပြင် အရှင် အိပ်တန်းသို့ ပြန်သောအခါ၌ အရှင်နှင့်အတူ လိုက်လံ၍ နေထိုင်လိုပါသည်”

ဟူ၍ တောင်းပန်ခယစွာဆိုလေသော် ခိုပညာရှိလည်း လက်ခံသဘောတူလိုက်ပြီး ကောင်းကောင်းနေရန် သတိ ဝီရိယရှိရန် ဆိုဆုံးမပြီး မြက်စေ့၊ သစ်စေ့တို့ကို ရှာဖွေစားသောက်လေ၏။ ကျီးမှာမူ သားစားသတ္တဝါပီသစွာ နွားချေးပုံတစ်ခုသို့သွားပြီး နွားချေးတို့ကို ဖယ်ရှားလျက် နွားချေးပိုးတို့ကို စား၏။ ဝမ်းပြည့်လေ့ရှိသော် ခိုပညာရှိထံ ပြန်၍သွား၏။ ညနေစောင်း၍ ပြန်ချိန်တန်လေသော် ခိုပညာရှိလည်း အိပ်တန်းရှိရာ စားဖိုမှူး၏ အိမ်ဂေဟာသို့ ပျံသန်းသွားလေ၏။ ထိုအခါ ကျီးလည်း ထက်ကြပ်မကွာ လိုက်ပါပျံသန်းခဲ့လေ၏။

စားဖိုမှူးသည် ခိုနှင့်အတူ ကျီးငှက်တစ်ကောင် ပါလာသည်ကို မြင်လေသော်...

“ဤနေ့၌ ငါတို့၏ခိုသည် မိတ်ဆွေတစ်ယောက်ကို ခေါ်လာလေ၏”

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကောက်ချက်ချလျက် ကျီးငှက်နေထိုင်ရန် ခိုတောင်း၏ဘေး၌ ချိတ်ဆွဲပေးထားလိုက်၏။ ကျီးလည်း ထိုနေ့မှစ၍ ခိုနှင့်အတူ စားဖိုမှူးအိမ်ဂေဟာ၌ နေစရာရရှိသွားလေတော့၏။

တစ်နေ့သ၌ စားဖိုမှူးသည် သူဌေးစားသောက်ရန်အတွက် စီမံချက်ပြုတ်ခြင်းမပြုမီ အမဲသားငါးတို့အား ၎င်း၏ အိမ်ဂေဟာသို့ ဆောင်ယူခဲ့လေ၏။ သည့်နောက် မီးဖိုခန်းရှိ သင့်လျော်ရာနေရာများ၌ သံချိတ်ဖြင့် အမဲသားငါးတို့အား ချိတ်ဆွဲထားလေ၏။ ကျီးလည်း ထိုအမဲသားငါးများကို စားသောက်လိုစိတ်ဖြင့် တစ်ညလုံး ညည်းညူလျက်ရှိနေ၏။

ခိုပညာရှိလည်း နံနက်မိုးသောက်အလင်းရောက်သည်ရှိသော် အစာရှာရာအရပ်သို့သွားရန် ကျီးကိုခေါ်လေ၏။ ထိုအခါ ကျီးက...

"အရှင် ခို၊ သည်ယနေ့ ကျွန်ုပ် အစာရှာရာသို့ မလိုက်တော့ပါ။ ညက အစာမကြေသဖြင့် ဝမ်းနာ၍ နေပါ၏"

ဟု ဆိုလေ၏။ ပညာရှိ ခိုလည်း ကျီး၏ စရိုက်လက္ခဏာကို အကဲခတ်ပြီးနောက်...

"အဆွေ ကျီး၊ ငါ၏ တစ်သက်၌ ကျီးတို့မည်သည် ဝမ်းနာသည်ဟူ၍ တစ်ရံတစ်ခါမျှ မကြားစဖူး။ ညဥ့်သုံးယံရှိသည့်အနက် တစ်ယံယံတွင် အစာကြေစမြဲ ဖြစ်၏။ သင်သည် စားဖိုချောင်၌ရှိသော အမဲသားငါးတို့ကို စားသောက်လို၍ ပရိယာယ်ဆင်နေခြင်း ဖြစ်သည်ကို ငါ သိ၏။

အဆွေ ကျီး။ လူတို့၏ အသုံးအဆောင်ကား မသမာသောနည်းဖြင့် စားသောက်ပါက အန္တရာယ်များလှ၏။

www.burmeseclassic.com

www.burmeseclassic.com



မစားလို၊ မသောက်လိုပါနှင့်။ ဘေးရန်ကင်းစွာ ငါနှင့်အတူ လိုက်ပါ၍ အစာရှာသင့်ပါ၏။ လိုက်ပါလေလော့”

ဟူ၍ အကျိုးသင့်အကြောင်းသင့် ပြောဆိုပြီး ခေါ်ငင်၏။ သို့ရာတွင် ကျီးကား နေရာမှ မရွေ့ပေ။ မလိုက်လိုကြောင်းကို တွင်တွင်ကြီးသာ ငြင်းနေလေတော့၏။ နောက်ဆုံး၌ ပညာရှိ ခိုလည်...

“ကောင်းပြီ အဆွေကျီး၊ ဘယ်အရာမဆို ‘ဘယ်သူ မပြု မိမိမှု’ သာ ဖြစ်၏။ သင်ပြုသမျှ လုပ်ရပ်တို့သည် သင့်ထံ ပြန်လာပါလိမ့်မယ်။ သတိ ဝီရိယ ရှိပါစေ”

ဟူ၍ ပြောဆို ဆုံးမပြီး အစာရှာရန် ထွက်ခွာသွားလေတော့၏။ ထိုအချိန်ဝယ် စားဖိုမှူးလည်း အမဲသားငါးတို့အား ကောင်းစွာ စီမံချက်ပြုတ်ပြီး အငွေ့ထွက်စေရန် အိုးအဖုံးတို့အား အနည်းငယ် ဟထားပေး၏။ အဖုံးပြုတ်မကျစေရန် ယောက်ချိုဖွန်းကို အဖုံးပေါ်တင်လျက် စီးကျလာသော ချွေးများကို သုတ်ရန် အိမ်အပြင်သို့ ထွက်လာခဲ့လေ၏။ ဤ၌ ကျီးလည်း ‘အခွင့်အခါကောင်းတော့ပေါ်ပြီ’ ဟု ယူဆကာ တောင်းထဲမှ ထလိုက်၏။ ထို့နောက်...

“အမဲသားတုံးငယ်ငယ်ကလေးကို စားရလျှင် ကောင်းမည်လော။ သို့မဟုတ် အတုံးကြီးကြီးကိုပင် စားရလျှင် ကောင်းမည်လော။ အတုံးငယ်ငယ်ကို စားပါက ဝမ်းမပြည့်နိုင်။ အတုံးကြီးကြီးယူကာ တောင်းထဲ၌ ဖိမ်ယူစားသောက်က ပို၍ သင့်လျော်၏”

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အကြံဖြင့် စားဖိုချောင်သို့ဝင်ကာ ယောက်ချိုခွန်းပေါ်နား၏။ ထို့နောက် ဘာသာဘာဝအတိုင်း 'အ... အာ' ဟူ၍ အသံမြည်လေ၏။ စားဖိုမှူးလည်း ကျီး၏အသံကို ကြားလေသော် စားဖိုချောင်သို့ အလျင်အမြန် ဝင်ရောက်၏။ ကျီးကို မြင်သည်ရှိသော်...

"ဤကျီးကား သစ္စာမရှိ။ သူဌေးအတွက် စီမံချက်ပြုတ်ထားသော အမဲတို့အား ခိုးစားလေပြီ"

ဟုဆိုကာ တံခါးပေါက်များကို အလျင်အမြန် ပိတ်လေ၏။ လုံးဝ ပြေးခွင့်မသာတော့သောကျီးအား ဖမ်းဆီးရမိသည်ရှိသော တစ်ကိုယ်လုံးရှိ အမွေးအတောင်တို့အား တက်တက်ပြောင်လေအောင်နုတ်ကာ ချင်း၊ ဆား၊ ငရုတ် စသည်တို့ ထောင်းထုထားသည့် ယက်တက်ရည်ဖြင့် ကျီး၏ တစ်ကိုယ်လုံးကို သုတ်လိမ်းပြီး သကာလ ကျီးအတွက်ထားရှိသော တောင်းတွင်းသို့ ပစ်ထည့်လိုက်လေ၏။ ကျီးလည်း ပြင်းထန်သောဝေဒနာကို တညည်းညည်း တညူညူ ခံစားရကာ ဘဝဆုံးရလေတော့၏။

ညချမ်းအချိန်သို့ ရောက်လေသော ပညာရှိ ခိုလည်း အစာရှာရာမှ ပြန်ရောက်လာ၏။ ကျီး၏ ဖြစ်ပျက်ပုံ အလုံးစုံကို မြင်ရသည်ရှိသော်...

"အို... လျှပ်ပေါ်လော်လည်သော ကျီးမိုက်၊ သင့်အပေါ် သနားကရုဏာစိတ်ထားလျက် လိမ္မာရေးခြားရှိစေရန် ငါ ဆုံးမသည်ကို သင် နားမထောင်ပေ။ သည့်အတွက် မရှုမလှဖြင့် ဘဝဇာတ်သိမ်းရလေပြီတကား"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကောက်ချက်ချပြီး ၎င်းလည်း ဤနေရာ ဤအရပ်၌ နေထိုင်၍ မသင့်လျော်ပြီ။ ကျီးမိုက်ကြောင့် စားဖိုမှူးအဖို့ ၎င်းအပေါ်၌ အမြင်ကြည်လင်မှုများ ခြောက်ခန်းလာဖွယ်ရှိသည်ဟု မှတ်ယူကာ အရပ်တစ်ပါးသို့ ပျံသန်း ထွက်ခွာသွားလေ၏။ စားဖိုမှူးလည်း ကျီး၏အခြေအနေကို သိရှိလို၍ ကျီးထည့်ထားသော တောင်းအတွင်း အကဲခတ်ရာ မရှုမလှ အသက်ဆုံးနေသော ကျီးအား တွေ့ရှိသွားသည့်အတွက် အမှိုက်ပုံးသို့ သွားရောက် စွန့်ပစ်လေတော့သတည်း။

ဤသို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူလျက် ရဟန်းအပေါင်းအား...

> "ရဟန်းတို့ ထိုစဉ်အခါက ကျီးမိုက်သည် ယခုအခါ လျှပ်ပေါ်လော်လည်သော ရဟန်းဖြစ်လာ၏။ ပညာရှိ ခိုမှာမူ ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းလေ၏။ ထို့နောက် ဒေသနာတရားကို ဟောကြားလေရာ ဒေသနာဆုံးသည်ရှိသော် လျှပ်ပေါ်လော်လည်သော ရဟန်းလည်း တရားထူးကိုရရှိသွားပြီး သကာလ အနာဂါမ်ဖိုလ်၌ တည်ပါလေတော့သတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၃။ ဝေဠုကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၃]

## ဝေဠုကဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဆိုဆုံးမရခက်ခဲသော ရဟန်းတစ်ပါး ရှိလေ၏။ ဤတွင် သီတင်းသုံးဖော် ရဟန်းအပေါင်းတို့လည်း အဆိုပါ ဆိုဆုံးမရ ခက်ခဲသောရဟန်းကို ခေါ်ဆောင်ကာ ဘုရားရှင်အား အကျိုးအကြောင်း တင်ပြလျှောက်ထားတော်မူကြ၏။ ဤတွင် ဘုရားရှင်က ဆိုဆုံးမရခက်ခဲသော ရဟန်းအား...

"ချစ်သား ရဟန်း၊ သင်သည် ယခုမှသာ ဆိုဆုံးမရခက်သည်မဟုတ်၊ ရှေးအခါကလည်း ဆိုဆုံးမရခက်သဖြင့် ပညာရှိတို့ ဆိုဆုံးမသော စကားကို မနာယူသည့်အတွက် မြွေကိုက်၍ သေပွဲဝင်ခဲ့ဖူးလေပြီ"

ဟူ၍ မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် အမျိုးသားကောင်းတစ်ယောက်သည် ကာသိတိုင်း၌ ဥစ္စာပစ္စည်း စည်းစိမ်တို့ ပေါကြွယ်ဝ၏။ လိမ္မာရေးခြားလည်းရှိ၏။ ၎င်းအရွယ်သို့ ရောက်သည်ရှိသော် ကာမဂုဏ်ခံစားခြင်း၏ အပြစ်ကို လည်းကောင်း၊ ရသေ့ရဟန်းပြုရခြင်း၏ အကျိုးကို လည်းကောင်း သိမြင်လေသည့်အတွက် ရဟန်းပြုပြီး ဟိမဝန္တာအရပ်၌ နေထိုင်လေ၏။

၎င်းသည် ကသိုဏ်းပရိကံကို စီးဖြန်းအားထုတ်၏။ မကြာမီကာလ၌ ဈာန်၊ အဘိညာဉ်တို့ကို ရရှိပြီး အခြံအရံ ရသေ့ငါးရာနှင့်အတူ ဂိုဏ်းဆရာကြီးအဖြစ်သို့ ရောက်ရှိလာခဲ့လေ၏။

ထိုကာလ၌ ပြင်းထန်သော အဆိပ်ရှိသည့် မြွေဟောက်ငယ်တစ်ကောင်သည် မိမိအလိုအလျောက် ကျင်လည် ကျက်စားသွားလာရာ ရသေ့တစ်ဦး၏ကျောင်းသို့ ရောက်ရှိသွားလေ၏။ ရသေ့လည်း ထိုမြွေဟောက်ငယ်အား အကြင်နာကရုဏာပွားလျက် သားငယ်အမှတ်ဖြင့် မွေးမြူလေ၏။ အစားအသောက်များကျွေး၍ ဝါးလုံးခေါင်းတစ်ခုအတွင်း၌ နေရာပေးထားလေ၏။ ဝါးလုံးကို အစွဲပြု၍ မြွေဟောက်အား 'ဝေဠုက' ဟု ခေါ်၍ ရသေ့ကိုလည်း 'ဝေဠုကပိတာ' ဟု ခေါ်စမှတ်ပြုကြကုန်၏။ ဂိုဏ်းဆရာ ရသေ့ကြီးသည် ထိုအကြောင်းကို ကြားသိလျှင် ဝေဠုကပိတာကိုခေါ်၍...

www.burmeseclassic.com

www.burmeseclassic.com



"သင်သည် မြွေဟောက်ငယ်တစ်ကောင်အား မွေးစားထားသည်ဟု ကြားသိရ၏။ မှန်ပါသလော"

ဟု မေးလေရာ ရသေ့ကလည်း 'မှန်ပါကြောင်း' ဝန်ခံလေ၏။ ဤတွင်...

"ငါ့ရှင်၊ သို့ဆိုက ထိုမြွေအား မမွေးစားပါနှင့်။ ပြန်လွှတ်လိုက်ပါလော့။ ရသေ့တို့မည်သည် ပြင်းထန်သော အဆိပ်ရှိသည့် သတ္တဝါတို့နှင့် အကျွမ်းမဝင်သင့်။ တစ်နေ့နေ့တွင် သင် ဒုက္ခရောက်လိမ့်မည်"

ဟူ၍ ဆိုဆုံးမ၏။ ဆရာသမားဖြစ်သူက ဆိုဆုံးမသည့်တိုင် ဝေဠုကပိတာရသေ့သည် ဆိုဆုံးမမှုကို နားမဝင်ဘဲ မွေးစားမြဲအတိုင်း မွေးစားလေ၏။

ထိုမှ ရက်အနည်းငယ် လွန်မြောက်သည်ရှိသော် ရသေ့တို့လည်း သစ်သီးကြီးငယ်တို့ကို ရှာဖွေရန် တောအုပ်အတွင်းသို့ ဝင်သွားကြကုန်၏။ ဝေဠုကပိတာလည်း မွေးစားသားငယ် မြွေဟောက်ကို ဝါးလုံးခေါင်းတွင်းထည့်၍ ပိတ်ကာ ရသေ့တို့နှင့်အတူ တောတွင်းသို့ ဝင်ခဲ့လေ၏။ ရသေ့တို့လည်း နှစ်ရက်၊ သုံးရက်ခန့် သစ်သီးတို့ကို ရှာဖွေစုဆောင်းပြီးလျှင် နေရပ်သို့ ပြန်လာခဲ့ကြလေ၏။ ပြန်ရောက်သည်ရှိသော် ဝေဠုကပိတာလည်း သားမြွေဟောက်ကို အစာကျွေးရန် ဝါးလုံးကို ဖွင့်၍...

"ငါ၏ ချစ်သား၊ ဆာလောင်မွတ်သိပ်နေပြီလား"

ဟုဆိုကာ ဝါးကျည်တောက်ကို ဖွင့်လျက် နှုတ်ဆက်စကားဆိုရင်း လက်ဝါးကို ဖြန့်ပေးလိုက်၏။ ဤသို့ မြွေဟောက်ငယ်

www.burmeseclassic.com

www.burmeseclassic.com



လည်း နှစ်ရက်, သုံးရက်မျှ အစာမစားရဘဲ ဝါးကျည်တောက် အတွင်း ပိတ်လှောင်ခံနေရသဖြင့် အမျက်ဒေါသထွက်ကာ ဖြန့်ထားသော လက်ဝါးအား ဆတ်ခနဲ ပေါက်ထည့်လိုက်၏။ ထိုအခါ ဝေဠုကပိတာလည်း မြွေခဲသောဒဏ်ကြောင့် အဆိပ်များ ပျံ့နှံ့ပြီး အသက်ဆုံးရှုံးရလေတော့၏။ မြွေလည်း ရသေ့၏ကျောင်းမှ ဖဲခွာကာ တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။

ရသေ့အပေါင်းလည်း ဝေဠုကပိတာအကြောင်းကို ဂိုဏ်းဆရာ ရသေ့ကြီးထံ တင်ပြလျှောက်ထားကြချေ၏။ ဂိုဏ်းဆရာ ရသေ့ကြီးလည်း တပည့်ဖြစ်သူ ဝေဠုကပိတာရသေ့၏ အလောင်းအား ကောင်းမွန်စွာ ဖုတ်ကြည်းသင်္ဂြိုဟ်လျက် တပည့်ရသေ့အပေါင်းအား...

"ငါ့ရှင်တို့ ဆရာသမား ဖြစ်သူသည် တပည့်တို့၏ အကျိုးစီးပွားအလို့ငှာ ကောင်းရာကို ညွှန်လတ်၏။ မကောင်းရာကို တားမြစ်ပိတ်ပင်၏။ ထိုသို့သော ဆိုဆုံးမမှုကို နာယူခြင်းမရှိသဖြင့် ဝေဠုကပိတာသည် အဖြစ်ဆိုးနှင့် ကြုံရလေပြီ"

ဟူ၍ အကြောင်းပြုကာ သွန်သင်ဆုံးမလေ၏။ တပည့်အပေါင်းတို့လည်း ဆရာအရှင်၏ ဆိုဆုံးမမှုကို နာယူ၍ သူတော်ကောင်းတရားတို့ကို ကျင့်ကြံလျက် သေလွန်သည်ရှိသော သုဂတိဘုံသို့ လားကြရလေသတည်း။

ဂေါတမဘုရားရှင်လည်း ဤသို့သော အတိတ်၊ ပစ္စုပ္ပန်

www.burmeseclassic.com

www.burmeseclassic.com



နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်လျက် ရဟန်း ပရိသတ်အပေါင်းအား...

"ရဟန်းတို့၊ ထိုစဉ်အခါက ဝေဠုကပိတာသည် ယခုအခါ ဆိုဆုံးရခက်ခဲသော ရဟန်းဖြစ်လာ၏။ ထိုစဉ်က ရသေ့အပေါင်းသည် ယခုအခါ ဘုရားရှင်၏ ပရိသတ်ဖြစ်လာ၏။ ထိုစဉ်က ဂိုဏ်းဆရာရသေ့ကြီးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၄။ မသကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၄]

## မကသဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အရှင်သခင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်မှ မဂဓတိုင်းသို့ ဒေသစာရီ ကြွချီတော်မူလာခဲ့စဉ် လမ်းခုလတ်ရှိ ရွာငယ်တစ်ရွာသို့ ရောက်ရှိခဲ့လေ၏။

ထိုရွာငယ်ကလေး၌ နေထိုင်ကြသူတို့ကား အသိအလိမ္မာ နည်းပါးလျက် ဆိုးသွမ်းမိုက်မဲသူများ နေထိုင်ကြလေ၏။ တစ်နေ့သ၌ မိုက်မဲသော ရွာသားတို့သည် စုစည်းမိကြပြီး...

"အမောင်တို့၊ ငါတို့အားလုံး တောထဲဝင်၍ အလုပ်ကိစ္စများ ဆောင်ရွက်ကြသည့်အခါ မှက်တို့ ကိုက်ခဲခြင်းကို ခံကြရလေ၏။ မှက်တို့ ကိုက်သည့်အတွက် အလုပ်အကိုင်များ ပျက်ကြရ၏။ သည့်အတွက် မနက်ဖြန် တော

www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ကြသည့်အခါ မှက်တို့ကို ထိုးခုတ်သတ်ဖြတ်ရန် လက်နက်အပြည့်အစုံ ယူသွားကြရမည်”

ဟူ၍ တိုင်ပင်ဆွေးနွေးပြီး နောက်တစ်နေ့ နံနက်စောစော ရောက်သည့်အခါ လက်နက်များ အပြည့်အစုံ ဆောင်ယူလျက် တောထဲသို့ ဝင်ကြလေ၏။ တောထဲသို့ ရောက်သည့်အခါ မှက်တို့သည် ကိုက်ခဲကြကုန်၏။ ကိုက်ခဲကြကုန်သော မှက်တို့အား ပါလာသော လက်နက်များဖြင့် ထိုးခုတ်ကြသည်ရှိသော် မှက်တို့သာမက ၎င်းတို့သည်လည်း ဒဏ်ရာဒဏ်ချက်များ ရရှိကြလျက် ဆင်းရဲပင်ပန်း နာကျင်စွာဖြင့် ရွာသို့ ပြန်လာကြကုန်၏။ ရွာလယ်ဇရပ်၊ တံခါး အစရှိသည်တို့၌ ခြေပစ်လက်ပစ်လဲလျောင်းလျက် နာကျင်ကိုက်ခဲသော ဝေဒနာဖြင့် အိပ်ကြလေကုန်၏။

ဘုရားရှင်လည်း ရွာတွင်းသို့ ဆွမ်းခံကြွသည်ရှိသော် အနည်းငယ်မျှသော ပညာရှိ သီတင်းသည်တို့သည် ရွာတံခါး၌ မဏ္ဍပ် ဆောက်လုပ်၍ ဘုရားရှင်အား အလှူပေးကြ၏။ ဘုရားရှင် ဟောကြားသော တရားတော်ကို နာယူကြ၏။ ထို့နောက် ဘုရားရှင်က...

“အချင်း... သီတင်းသည်တို့၊ သင်တို့ရွာ၌ လူနာတွေ များလှပါကလား”

ဟူ၍ မေးမြန်းသည်ရှိသော်၊ သီတင်းသည်တို့က...

“အရှင်ဘုရား၊ ဤရွာ၌ စူးစမ်းဆင်ခြင်မှု ကင်းမဲ့သော သူမိုက်တွေသာ များပါ၏။ ၎င်းတို့သည် မှက်တို့နှင့် စစ်တိုက်မည်ဆို၍ တောတွင်းသို့ ဝင်ရာမှ မှက်တို့ကို လည်း

www.burmeseclassic.com



ကောင်း၊ အချင်းချင်းကိုလည်းကောင်း၊ မိမိကိုယ်ကို လည်းကောင်း ခုတ်မိ ထိုးမိသည့်အတွက် ယခုကဲ့သို့ လူနာများစွာရှိနေရခြင်းပါဘုရား"

ဟူ၍ လျှောက်တင်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်လည်း...

"သီတင်းသည်တို့၊ မှက်တို့အား ထိုးခုတ်သတ်ပုတ်သော သူမိုက်မှာ ယခုမှသာရှိသည်မဟုတ်။ ရှေးယခင်ကလည်း ရှိဖူးပြီ"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကုန်သည်တစ်ဦးသည် ကုန်သွယ်ခြင်းအလုပ်ဖြင့် အသက်မွေးလေ၏။

ထိုစဉ်ကာလ၌ ကာသိတိုင်းရှိ ပစ္စန္တရာဇ်ရွာငယ်တစ်ရွာ၌ လက်သမားများစွာတို့ နေထိုင်ကြ၏။ ကုန်သည်လည်း ကုန်သွယ်ရာမှ အဆိုပါ ရွာငယ်ကလေးသို့ ရောက်ရှိသွားခဲ့လေ၏။ ရွာအတွင်းရှိ အိမ်တစ်အိမ်ရှေ့၌ လက်သမားတစ်ယောက်သည် သစ်ကို ရွေဘော်ထိုးနေစဉ် ၎င်း၏ဦးခေါင်းအား မှက်တစ်ကောင်နားကာ ကိုက်ခဲလျက်ရှိလေ၏။ လက်သမားခမျာ မှက်၏ ကိုက်ခဲမှုကြောင့် အပ်ဖျားနှင့် ထိုးဆွလေသည်နှင့်မခြား အပြင်းအထန်

www.burmeseclassic.com

www.burmeseclassic.com



နာကျင်ခံစားနေရလေ၏။ ထိုခဏ ၎င်းလက်သမား၏အပါး သားငယ်တစ်ဦး ရောက်လာ၏။ ထိုအခါ လက်သမားလည်း...

"ချစ်သား၊ ဖခင်၏ဦးခေါင်းထက်သို့ မှက်တစ်ကောင် လာနားကာ ရက်ရက်စက်စက် ကိုက်ခဲနေပါ၏။ ၎င်းမှက် ကို အမြန်ခြောက်လှန့်ပစ်လိုက်ပါ"

ဟူ၍ မှာကြားခိုင်းစေလေသော် လက်သမား၏ သားငယ် လည်း ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့်...

"ငါ့ဖခင်၏ ဦးခေါင်းအား မညှာမတာ ကိုက်ခဲနေ သော မှက်အား မှတ်လောက်သားလောက်ရှိအောင် တစ် ချက်တည်းနှင့် အသေသတ်မှ ဖြစ်တော့မည်"

ဟု ဆုံးဖြတ်ကာ နံဘေးတွင် ထောင်ထားသော ပုဆိန်ကို ဆွဲယူလျက် ဖခင်ဦးခေါင်းထက်ရှိ မှက်အား ထုချလိုက်လေ တော့၏။ ဖခင်လက်သမားလည်း ဦးခေါင်း ဟက်တက်ကွဲကာ နေရာတွင်ပင် အသက်ဆုံးရှုံးသွားရလေတော့၏။ ကုန်သည်လည်း လက်သမားသား၏ မိုက်မဲစွာ လုပ်ဆောင်မှုအပေါ် အပါးသို့ ရောက်ရှိလာကြသူတို့အား...

"အမောင်တို့၊ ပညာရှိသောသူမှာ ရန်သူပင်ဖြစ်ပါစေ ဦး မြတ်ပါသေး၏။ ၎င်းသည် မင်းပြစ်မင်းဒဏ်ကို ကြောက် သဖြင့် လူသတ်လိမ့်မည် မဟုတ်။ ပညာမရှိ၊ မိုက်မဲသော သူသည်ကား အဆွေခင်ပွန်းဖြစ်သည့်တိုင်အောင် မမြတ် လှပါ။

ယခုပင် ကြည့်ပါလော့။ ပညာကင်းမဲ့သော လက်

www.burmeseclassic.com

www.burmeseclassic.com



သမား သားငယ်သည် မှက်ကို သတ်မည်ဟုဆိုကာ ဖခင်၏ ဦးခေါင်းအား ပုဆိန်ဖြင့် ခွဲခဲ့ပြီ မဟုတ်ပါလော"

ဟူ၍ ပြောဆိုဆုံးမကာ ၎င်း၏ လုပ်ငန်းခွင်သို့ ထွက်သွားလေတော့၏။ လက်သမား၏ ဆွေမျိုးသားချင်းအပေါင်းလည်း လက်သမား၏အလောင်းကို သင်္ဂြိုဟ်လိုက်ကြလေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်လျက်...

"သီတင်းသည်တို့၊ ထိုအခါက ကုန်သည်ပညာရှိသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာလေ၏"

ဟု ဆိုမိန့်ကာ ဇာတ်တော်ကို ပေါင်းတော်မူပါသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၅။ ရောဟိဏီဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၅]

## ရောဟိဏီဇာတ်

ဗြဟ္မာ၊ နတ်၊ လူ သတ္တဝါဟူသမျှတို့၏ တရားမှန်ကင်း အထွက်သနင်း ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိ ပြည်မွန်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

အနာထပိဏ်သူဌေးကြီး၏ထံ၌ ရောဟိဏီမည်သော ကျွန်မ မိုက် တစ်ဦးရှိလေ၏။ ထိုကျွန်မသည် ၎င်း၏ မိခင်အိုကြီးအား ယင်ကောင်နားသည့်အတွက် ယင်ကောင်ကို ခြောက်လှန့်မည် ဟူ၍ ကျည်ပွေ့နှင့် ရိုက်သည့်အတွက် မိခင်သေဆုံးသွားကြောင်း သူဌေးကြီး ကြားသိရလေရာ ဘုရားရှင်ကို လျှောက်ထားတော် မူ၏။ ဘုရားရှင်လည်း...

"သူဌေးကြီး သင်၏ ကျွန်မမိုက်သည် ယခုအခါမှ သာလျှင် မိခင်အား ကျည်ပွေ့နှင့် ရိုက်၍ သတ်ခဲ့ဖူးသည် မဟုတ်။ ရှေးအခါကလည်း သတ်ခဲ့ဖူးလေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် သူကြီးတစ်ဦးထံ၌ မိုက်မဲသော ကျွန်မတစ်ဦး ရှိလေ၏။ ထိုကျွန်မ၏ အမည်ကား ရောဟိဏီဟူ၍ တွင်လေ၏။

ထိုကျွန်မ၏ မိခင်အိုသည် စပါးထောင်းနေရာမှ မောပန်းနွမ်းနယ်လာသဖြင့် မောင်းစင်သို့ လာခဲ့ပြီး ခေတ္တခဏမျှ အိပ်စက်နေလေ၏။ ထိုအချိန်တွင် ယင်ကောင်တို့သည် မိခင်အိုအား ဝိုင်းအုံ၍ ခိုနားကိုက်ခဲကြကုန်၏။ ထိုအခါ မိခင်အိုလည်း အပ်ဖျားဖြင့် အဆွခံရသည့်ပမာ နာကျင်ခံစားရလေ၏။ ဤတွင် သမီးဖြစ်သူအား လှမ်းခေါ်၍...

"ချစ်သမီး၊ မိခင်အား ယင်ကောင်များ ဝိုင်းအုံကိုက်ခဲသည့်အတွက် လွန်စွာမှ နာကျင်လှပါ၏။ ယင်တို့ကို ခြောက်လှန့်ပေးပါလော့"

ဟူ၍ စေခိုင်းလေ၏။ ဤတွင် သမီးဖြစ်သူလည်း ယင်ကောင်တို့အား ဒေါသထွက်ကာ အကုန်သတ်ပစ်မည်ဟု ကြံစည်လျက် အသာအယာ ခြောက်လှန့်ခြင်းမပြုဘဲ ကျည်ပွေ့ကို ယူဆောင်ကာ မိခင်၏ ခန္ဓာကိုယ်ပေါ်၌ နားနေသော ယင်ကောင်တို့အား တရစပ် ထုထောင်းရိုက်နှက်လေတော့၏။ ထိုရိုက်ချက်များကြောင့် မိခင်မှာလည်း အသက်ဆုံးရှုံးရလေ၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



သမီးမိုက်လည်း ဝမ်းနည်းပူဆွေး ငိုကြွေးလေတော့၏။ ထိုအခါ သူဌေးကြီးလည်း အလုပ်အကျွေးအပေါင်းကို ခေါ်ယူ၍...

"အမောင်တို့၊ ပညာရှိသူမှာ ရန်သူပင်ဖြစ်စေကာမူ အဆပေါင်းများစွာ မွန်မြတ်ပါသေး၏။ သူမိုက်မှာမူ အဆွေခင်ပွန်းပင် ဖြစ်လင့်ကစား မမြတ်ပေ။ ငါ၏ ကျွန်မိုက်မ ရောဟိဏီသည် ယင်တို့ကို သတ်မည်ဟူ၍ ကျည်ပွေ့နှင့် ရိုက်သည့်အတွက် ၎င်း၏မိခင် အသက်ဆုံးရှုံးရပြီ မဟုတ်လော"

ဟူ၍ သက်သေသာဓကပြလျက် ပညာရှိကို ချီးမွမ်းကာ သူမိုက်အား ကဲ့ရဲ့ရှုတ်ချလေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်...

"ထိုစဉ်အခါက ရောဟိဏီသည် ယခုအခါ အနာထပိဏ် သူဌေးကြီး၏ ကျွန်မမိုက် ရောဟိဏီ ဖြစ်လာ၏။ ထိုစဉ်က မိခင်သည် ယခုအခါ၌လည်း ကျွန်မမိုက် ရောဟိဏီ၏ မိခင်ဖြစ်လာပြီး ထိုစဉ်က သူဌေးကြီးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၆။ အာရာမဒူသကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၆]

## အာရာမဒူသကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် ကောသလတိုင်းရှိ ရွာငယ်ကလေးတစ်ရွာ၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

ကောသလတိုင်းသား သူကြွယ်တစ်ဦးသည် ဘုရားရှင် အမှူးပြုသော ရဟန်းသံဃာတော်တို့အား ၎င်း၏ ဥယျာဉ်သို့ ပင့်ဖိတ်၍ အလှူအတန်း ပေးလေ၏။ ထို့နောက်...

"အရှင်ဘုရားတို့၊ တပည့်တော်၏ ဥယျာဉ်၌ အလိုရှိသလောက် သီတင်းသုံးတော်မူကြပါ"

ဟူ၍ လျှောက်ထားလေ၏။ ရဟန်းတို့လည်း ဥယျာဉ်စောင့်ကိုခေါ်၍ ဥယျာဉ်အား လှည့်လည်ကြည့်ရှုသည်ရှိသော် သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



များ ကင်းမဲ့နေသော မြေကွက်လပ်ကျယ်တစ်ခုအား တွေ့ရလေ၏။ သည့်အတွက်...

"အချင်း ဥယျာဉ်စောင့်၊ အခြားအခြားသော နေရာများ၌ အလစ်အလပ်မရှိ စိမ်းစိုသာမောသော အပင်များ ရှိပါသော်ငြား ဤနေရာကား အဘယ့်ကြောင့် အပင်တစ်ပင်မျှ မရှိဘဲ အလစ်အလပ် ဖြစ်နေရပါသနည်း"

ဟူ၍ မေးမြန်းလေ၏။ ထိုအခါ ဥယျာဉ်စောင့်က...

"အရှင်ဘုရားတို့၊ ဥယျာဉ်စိုက်ပျိုးသောအခါ သူငယ်တစ်ယောက်သည် သစ်ပင်တို့ကို ရေမလောင်းမီ အပင်တို့ကို နုတ်ကြည့်၏။ ထိုမှ အမြစ်၏ပမာဏကို ချင့်တွက်ကာ ပြန်စိုက်ပြီး ရေလောင်းသည့်အတွက် အပင်များ ညှိုးနွမ်းခြောက်သွေ့ကာ သေကြေကုန်ကြခြင်း ဖြစ်ပါ၏"

ဟူ၍ အပင်များ ကင်းမဲ့နေရမှုအပေါ် ဖြေကြားလေ၏။ ထိုအခါ ရဟန်းတို့လည်း ထိုအကြောင်းကို ဘုရားရှင်အား လျှောက်တင်ကြလေ၏။ ဤတွင် ဘုရားရှင်က...

"ရဟန်းတို့၊ ထိုသူငယ်သည် ယခုအခါမှသာလျှင် ဥယျာဉ်ကို ဖျက်ဆီးသည်မဟုတ်၊ ရှေးကလည်း ဖျက်ဆီးခဲ့ဖူးပေပြီ"

ဟု မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေသော် ထို

www.burmeseclassic.com

www.burmeseclassic.com



ပြည်၌ နက္ခတ်သဘင်ပွဲကြီးကို ခြိမ့်ခြိမ့်သည်းမျှ စည်ကားစွာ ကျင်းပကြကုန်၏။

ပွဲလမ်းသဘင်မှ စည်ဖြောသံတို့ကို ကြားရသည့်အခါ တိုင်းသူပြည်သားအပေါင်းမှာ ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဝတ်ကောင်းစားလှများ ဝတ်ဆင်လျက် တစ်မြို့လုံး လှည့်လည်ကြည့်ရှုကြကုန်၏။ ထိုအချိန်ဝယ် မင်းဥယျာဉ်၌ မျောက်များစွာတို့ နေထိုင်ကြကုန်၏။

ဤ၌ မင်းဥယျာဉ်ကို စောင့်ကြပ်ရသော ဥယျာဉ်မှူးလည်း ဝန်ထမ်းတို့အားခေါ်လျက်...

"ငါတို့အားလုံး မြို့ထဲသို့သွားကာ နက္ခတ်သဘင် ကျင်းပရာသို့ သွားရောက် မြူးထူးကြမည်။ ထိုအတော အတွင်း ဥယျာဉ်တွင်းရှိ မျောက်တို့အား ရေလောင်းခိုင်းရမည်"

ဟု ဆိုလေရာ အားလုံးကလည်း တညီတညွတ်တည်း သဘောတူကြလေ၏။ ထိုအခါ မျောက်အကြီးအကဲထံ သွားရောက်၍...

"အချင်းမျောက်ကြီး ဤဥယျာဉ်ကား သင်တို့၏ အကျိုးကို အထောက်အကူပြုလျက်ရှိသော ဥယျာဉ်ဖြစ်လေ၏။ သင်တို့သည် ဥယျာဉ်ကိုမှီလျက် အသက်မွေးနေကြရသည် မဟုတ်လော။

သည့်အတွက် ဥယျာဉ်အား ပြန်လည် ကျေးဇူးပြုသည့်အနေဖြင့် ငါတို့ မြို့တွင်းသွားကာ နက္ခတ်ပွဲသဘင်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်ပျော်ပါးနေသည့်ကာလ၌ ငါတို့ကိုယ်စား ဥယျာဉ်အတွင်းရှိ အပင်တို့အား ရေလောင်းပေးစေလိုပါ၏။ လုပ်နိုင်ပါမည်လော”

ဟု မေးလေသော် ကျေးဇူးတုံ့ပြန်လိုသော မျောက်ကြီးကလည်း ရေလောင်းပေးနိုင်ပါကြောင်း ဖြေကြားလေ၏။ သို့ဖြင့် ရေထည့်ရန် သစ်သားပုံးနှင့် သားရေပုံးတို့ကိုပေး၍ မပျက်မကွက် ရေလောင်းပေးကြရန် အကြိမ်ကြိမ်အထပ်ထပ် သတိပေးခဲ့ပြီး ဝတ်ကောင်းစားလှများ ဝတ်ဆင်လျက် နက္ခတ်သဘင်ပွဲ ဆင်နွှဲကျင်းပရာသို့ ထွက်ခွာသွားကြလေတော့၏။

ဥယျာဉ်စောင့်တို့ မရှိလေသောအခါ ခေါင်းဆောင်မျောက်ကြီးလည်း မျောက်ငယ်အပေါင်းကို ခေါ်ယူလိုက်၏။ ထို့နောက်...

“အမောင်တို့၊ သစ်ပင်တို့ကို ရေလောင်းသောအခါ ရေတို့အား အလဟဿ မဖြစ်ပါစေနှင့်။ ရေပြတ်လပ်သွားသော ခက်ခြိမ့်မည်။ သည့်အတွက် အပင်တစ်ပင်ကို ရေလောင်းတော့မည်ဆိုလျှင် ထိုလောင်းရမည့်အပင်၏ အမြစ်ပမာဏကို ချိန်ဆနိုင်ရန် အပင်ကို ဦးစွာ နုတ်ကြည့်ပါ။ အမြစ်အနေအထားကို ချင့်တွက်ပြီးသာ ရေလောင်းကြပါ”

ဟူ၍ ပြောကြားပြီး သစ်သားပုံး၊ သားရေပုံးတို့ကို ဝေငှကွက်အပ်နှံလိုက်လေ၏။ မျောက်အပေါင်းတို့လည်း ခေါင်းဆောင်မျောက်ကြီး သွန်သင်ဩဝါဒပေးထားသည့်အတိုင်း အပင်တို့ကို နုတ်ကြည့်လိုက်၊ ပြန်စိုက်လိုက်၊ ရေလောင်းလိုက် လုပ်ကြကုန်၏။ ထိုအခိုက် ပညာရှိတစ်ယောက်သည် အခြံအရံနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်တော်သို့လာရာ မျောက်တို့ ရေလောင်းနေကြပုံကို တွေ့မြင်ရလေ၏။ ဤသို့ ထိုသို့ အဘယ်ကြောင့် လောင်းရပုံကို မေးမြန်းရာ မျောက်ကြီး၏ စီမံမှုအတိုင်း လိုက်နာရကြောင်း ဖြေကြားလေ၏။ ထိုအခါ ပညာရှိယောက်ျားလည်း...

"အမောင်တို့၊ ဤဥယျာဉ်တော်၌ မျောက်တို့ ရေလောင်းကြသည်ကို ကြည့်ရှုကြကုန်လော့။ အကျိုးမဲ့ဖြစ်သည်ကို မသိသော သူမိုက်တို့သည် အကျိုးဖြစ်ထွန်းအောင် မလုပ်ဆောင်နိုင်ဘဲ ဆုတ်ယုတ်ပျက်စီးခြင်းသာ ဖြစ်ရလေ၏"

ဟူ၍ သာခကေဆောင်ပြီး မျောက်တို့၏ လုပ်ရပ်အား ကဲ့ရဲ့လျက် ဥယျာဉ်တော်မှ ထွက်ခွာလာခဲ့လေ၏။

ဤသို့ဖြင့် ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက် ရဟန်းအပေါင်းအား...

"ရဟန်းတို့၊ ထိုအခါက မျောက်ကြီးသည် ယခုအခါ ဥယျာဉ်ကို ဖျက်ဆီးသောသူငယ် ဖြစ်လာ၍ ပညာရှိယောက်ျားသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၇။ ဝါရုဏိဒူသကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၇]

# ဝါရဏိဒူသကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင် ဖြစ်တော်မူသော ဂေါတမ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံမှာယ်တော်မူစဉ်က အနာထပိဏ်သူဌေး၌ အဆွေခင်ပွန်းတစ်ဦး ရှိလေ၏။

ထိုအဆွေခင်ပွန်းသည် သေရည်ကုန်သည်ဖြစ်၏။ သူသည် ပြင်းရှလှစွာသော သေရည်အရက်ကို စီမံ၍ တပည့်တစ်ဦးကို အရောင်းလွှတ်ကာ ၎င်းမှာမူ ရေချိုးရန် မြစ်ဆိပ်သို့ ထွက်သွားလေ၏။

ဤတွင် သေရည်ကုန်သည်၏ တပည့်သည် သေရည်ကို ရောင်းနေစဉ် သေရည်အိုးအတွင်းသို့ တစ်ကွမ်းစားမျှ ဆားကို ထည့်ခတ်၍ သေရည်၏ အာနိသင်ကို ဖျက်ဆီးပစ်လေ၏။ ထိုအကြောင်းကို သေရည်ကုန်သည် သိလေသောအခါ...

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် လူမိုက်၊ သင်သည် သေရည်၏ အာနိသင်ကို ဆားခတ်၍ ပျက်စီးအောင် ပြုမှုဘိ၏"

ဟုဆိုလျက် မိတ်ဆွေ အနာထပိဏ်သူဌေးအား ထိုအကြောင်းကို ပြောကြားလေ၏။ အနာထပိဏ်လည်း ဘုရားရှင်ထံ တင်ပြလျှောက်ထားရန် အကြောင်းကိုစွပေါ်လေပြီဟူ၍ နှလုံးသွင်းကာ ဘုရားရှင်ထံမှောက် ရောက်လာပြီး အကျိုးသင့်အကြောင်းသင့် တင်ပြလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က...

"သူဌေးကြီး၊ ဤသူကား ယခုမှသာ သေရည်၏ အာနိသင်ကို ဖျက်ဆီးသည်မဟုတ်။ ရှေးအခါကလည်း သေရည်ကို ဖျက်ဆီးဖူးလေပြီ"

ဟူ၍ မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလေသော် ထိုပြည်၌ သူဌေးတစ်ဦး ရှိလေ၏။ ထိုသူဌေး၌ သေရည်တို့ကို ဖောက်ကားရောင်းချသော သေရည်ကုန်သည်တစ်ဦး ရှိလေ၏။ သေရည်ကုန်သည်သည် ထိုသူဌေးအား အမှီသဟဲပြုလျက် အသက်မွေးဝမ်းကျောင်း ပြုလေ၏။

သေရည်ကုန်သည်ကား သေရည်ကို ကျနသေချာစွာ စီမံချက်လုပ်ပြီးသည်နောက် တပည့်တစ်ယောက်ကို အရောင်းလွှတ်ကာ ၎င်းမှာမူ ရေချိုးရန် ကမ်းပါးမြစ်ဆိပ်သို့ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



တပည့်လည်း ဆရာဖြစ်သူ စီမံပေးသော သေရည်တို့ကို ရောင်းချနေ၏။ သေရည်ဝယ်သောက်သူတို့မှာ သေရည်ကို သောက်ကြရင်း အိမ်မှလည်းကောင်း၊ ဈေးမှလည်းကောင်း ဆားကိုယူကာ လျက်နေကြသည်ကို မြင်ရလေ၏။ ထိုအခါ တပည့်လည်း ငါ၏ဆရာ စီမံပေးသော သေရည်၌ ဆားထည့်ရန် မေ့လျော့ခဲ့သည်ထင်၏။ သို့ဖြစ်၍သာ သောက်သုံးသူတို့သည် ဆားထုတ်၍ လျက်–လျက်နေကြခြင်း ဖြစ်မည်ဟု တွေးတောမိပြီး အိမ်ဈေးဆိုင်တစ်ဆိုင်မှ ဆားတို့ကို ဝယ်လျက် သေရည်အိုးအတွင်းသို့ ခတ်ထည့်လိုက်လေတော့၏။ ထိုအခါ သေရည်လာဝယ်ကြသူတို့သည် ငန်လှစွာသော သေရည်ကို ငုံမိ၍ ထွေးထုတ်ကာ ဝယ်မသောက်ကြတော့။

ဤအချိန်တွင် သေရည်ကုန်သည်ရောက်လာပြီး ဝယ်သူသောက်သုံးသူ တစ်ဦးတစ်ယောက်ကိုမျှ မမြင်လျှင် အကြောင်းစုံကို မေးမြန်းလေ၏။ တပည့်ကလည်း သူ ဆားခတ်မိ၍ တစ်ဦးတစ်ယောက်မျှ သောက်တော့မည့်သူ မရှိကြောင်းကို ပြောပြလေ၏။ ကုန်သည်လည်း ထိုအကြောင်းကို မိတ်ဆွေသူဌေးကဖွင့်ပြောလေတော့၏။ ဤတွင် သူဌေးက အပါးတွင်ရှိနေကြသူအပေါင်းအား ...

"အမောင်တို့၊ သေရည်အရက် ဆားခတ်၍ ဖျက်ဆီးသော သေရည်ကုန်သည်၏တပည့်ကို ကြည့်ရှုပါကုန်လော့။ အကျိုးရှိခြင်း မရှိခြင်းကို မသိ၊ နားမလည်၊ မလိမ္မာသော သူမိုက်သည် အကျိုးစီးပွား ဖြစ်ထွန်းအောင်မည်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ဆောင်ရွက်ပါစေ အကျိုးစီးပွား ဖြစ်ထွန်းနိုင်ခြင်း မရှိ။ ဆုတ်ယုတ်ပျက်စီးခြင်းသာလျှင် ဖြစ်ရပေသည်”

ဟူ၍ သေရည်ကို ဆားခတ်သော တပည့်အား ပြစ်တင်ကဲ့ရဲ့၍ ဆုံးမစကားကို ပြောကြလေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် ဟောကြားတော်မူပြီးနောက်...

“ရှေးအခါက သေရည်ကို ဖျက်ဆီးသူသည် ယခုအခါတွင်လည်း သေရည်ကို ဖျက်ဆီးသူ ဖြစ်လာ၍၊ ရှေးအခါက ဆိုဆုံးမသော သူဌေးသည် ယခုအခါတွင် ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုပြီး ဇာတ်တော်ကို ပေါင်းပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၈။ ဝေဒဗ္ဗဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၈]

## ဝေဒဗ္ဗဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဆိုဆုံးမရခက်ခဲသော ရဟန်းတစ်ပါး ရှိလေ၏။

တစ်နေ့သ၌ ရဟန်းအပေါင်းတို့သည် ဆိုဆုံးမရ ခက်ခဲသော ရဟန်းအား ခေါ်ဆောင်၍ ဘုရားရှင်၏ ရှေ့တော်မှောက်သို့ ပို့ဆောင်ကာ အကျိုးအကြောင်းကို တင်ပြလျှောက်ထားလေ၏။ ဤတွင် ဘုရားရှင်က ဆိုဆုံးမရ ခက်ခဲသော ရဟန်းအား...

"ချစ်သား ရဟန်း၊ သင်သည် ယခုအခါမှသာလျှင် ဆိုဆုံးမရ ခက်ခဲသည်မဟုတ်။ ရှေးအခါကလည်း ဆိုဆုံးမရ ခက်သဖြင့် လည်းကောင်း၊ ပညာရှိတို့၏ စကားကို မလိုက်နာသည့်အတွက် လည်းကောင်း လမ်းခရီးကြား၌ အသက်ဆုံးခဲ့ရဖူးပြီ။ သင့်ကို အမှီပြု၍ ယောကျ်ားတစ်ထောင်လည်း အသက်ဆုံးရှုံးခဲ့ရဖူးလေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်ပါလေတော့သတည်း။

* * *

ရှေးလွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ရတနာမိုးကို နက္ခတ်နှင့်အညီ ရွာချစေသည့် 'ဝေဒဗ္ဗမန္တရား' အတတ်ကို ကျွမ်းကျင်တတ်မြောက်သော ပုဏ္ဏားတစ်ဦးသည် ရွာတစ်ရွာ၌ နေထိုင်၏။ အဆိုပါ ရတနာမိုးကို ရွာစေတတ်သော မန္တရားသည် တန်ဖိုးမဖြတ်နိုင်။ မွန်မြတ်သူတို့နှင့်သာ ထိုက်တန်၏။ နက္ခတ်ကြုံသည့်အခါ မန္တရားကိုမှတ်၍ ကောင်းကင်ပြင်သို့ ကြည့်ရှုလျှင် ကောင်းကင်ပြင်မှ ရတနာမိုးတို့သည် ရွာသွန်းဖြိုးလေ၏။ ထိုအတတ်ကို တတ်မြောက်သော ပုဏ္ဏားကြီးထံသို့ ပုဏ္ဏားငယ်တစ်ဦးလည်း တပည့်ခံကာ ဝေဒဗ္ဗမန္တရားအတတ်ကို သင်ယူလေ၏။

တစ်နေ့သ၌ ဆရာတပည့်နှစ်ဦးသည် ကိစ္စတစ်စုံတစ်ရာ ပြုလုပ်ဖွယ် ပေါ်ပေါက်လာသဖြင့် စေတတိုင်းသို့ အတူတကွ ခရီးထွက်ခဲ့ကြလေ၏။ ခရီးလမ်းကြားရှိ တောအုပ်တစ်ခုသို့ ရောက်လေသောအခါ ခိုးသားငါးရာတို့နှင့် ရင်ဆိုင်တိုးမိပြီး ပုဏ္ဏားကြီးတို့ ဆရာတပည့်လည်း ခိုးသားငါးရာတို့၏ ဖမ်းဆီးခြင်းကို ခံကြရလေ၏။ ဤတွင် ခိုးသားငါးရာ၏ အကြီးအမှူးက တပည့်ပုဏ္ဏားအား...

"သင့်ဆရာပုဏ္ဏားကြီးအား ငါတို့ ဖမ်းဆီးထားခိုက်

www.burmeseclassic.com



ပြီ။ မည်သည့်ရက်အတွင်း ဥစ္စာမည်မျှယူ၍ လာရောက်ရွေးယူရမည်။ ထိုရက်ကျော်လွန်ပါက သင့်ဆရာပုဏ္ဏားကြီးအား သတ်ပစ်မည်”

ဟူ၍ ပြောကြားကာ ရွေးယူရမည့် ဥစ္စာတို့အတွက် ပြန်လွှတ်လိုက်လေ၏။ တပည့်ပုဏ္ဏားလည်း ဆရာပုဏ္ဏားကြီးအား ရှိသေစွာ ရှိခိုးလျက်...

“ဆရာ၊ လုံး၀ မကြောက်ပါနှင့်။ အကျွန်ုပ် တစ်ရက်, နှစ်ရက်အတွင်း ပြန်ရောက်လာပါမည်။ စိတ်သာချပါ။ အကျွန်ုပ်၏ စကားကို နားထောင်ပါ။ အထူးသဖြင့် ယနေ့ကား ရတနာမိုးရွာစေတတ်သော နက္ခတ်နှင့် ကြုံ၏။ ဆရာ့အနေနှင့် အနှောင်အဖွဲ့ ဆင်းရဲခြင်းမှ ကင်းလွတ်လို၍ မန္တရားကို မန်းမှုတ်ကာ ရတနာမိုးများ ရွာသွန်းဖြိုးစေခဲ့ပါလျှင် ဥစ္စာကြောင့် ဆရာလည်း အကြီးအကျယ် ပျက်စီးပါလိမ့်မည်။ ခိုးသား ငါးရာလည်း ပျက်စီးကြရပါလိမ့်မည်။ သို့ဖြစ်ပါ၍ ဂါထာမန္တရားကို အသုံးမပြုဖို့ သတိထားပါ ဆရာ”

ဟူ၍ အကြိမ်ကြိမ် အထပ်ထပ် မှာကြားပြီး ဆရာ့အား ရွေးယူဖို့ရာ ဥစ္စာပစ္စည်းတို့ ယူငင်ရန်အတွက် ထွက်ခွာသွားလေ၏။

ခိုးသားအပေါင်းတို့လည်း နေဝင်ချိန် ရောက်လေသော် ပုဏ္ဏားကြီး ထွက်မပြေးနိုင်စေရန် နှောင်ကြိုးများတည်းပြီး အိပ်စက်ရန် ပြင်ကြလေ၏။ ဤတွင် ပုဏ္ဏားကြီးလည်း လထွက်လာသောအခါ နက္ခတ်ကို ကြည့်လိုက်၏။ ဤတွင် ရတနာမိုး

www.burmeseclassic.com

www.burmeseclassic.com



ရှာစေတတ်သော နက္ခတ်နှင့် ကြုံကြိုက်သည်ကို မြင်ရလေ၏။ ထိုအခါ ပုဏ္ဏားကြီးလည်း တပည့်ပုဏ္ဏား သတိပေးသည်တို့ကို မေ့လျော့သွားပြီး လတ်တလော တွေ့ကြုံခံစားနေရသော ဆင်းရဲဒုက္ခမှ ကင်းလွတ်ရန်ကိုသာ ကြံစည်တွေးတောမိပြီး ခိုးသားအကြီးအမှူးနှင့် တွေ့ဆုံလိုက်၏။ ထို့နောက်...

"အသင် ခိုးမှူးကြီး၊ ဘယ့်အတွက်ကြောင့် ဖမ်းဆီးထားဘိသနည်း"

"အသင်ပုဏ္ဏားကြီး၊ ငါတို့သည် အသင့်ထံမှ ဉစ္စာကို အလိုရှိသည့်အတွက် ဖမ်းဆီးရခြင်း ဖြစ်ပါ၏"

"သို့ဆိုလျှင် သင်တို့ အလိုရှိသော ဉစ္စာထက်မက တန်ဖိုးမြောက်မြားလှစွာသော ရတနာမိုးကို သွန်းဖြိုးပေးပါမည်။ ငါ့အား နှောင်တည်းမှုများမှ လွတ်၍ ခေါင်းကို လျှော်စေ၊ အဝတ်သစ်ကို ဝတ်စေ၊ နံ့သာကို လိမ်းစေ၊ ပန်းကို ပန်စေပြီး ထားကြပါလော့"

ခိုးသားအပေါင်းလည်း ပုဏ္ဏားကြီး စေညွှန်သည့်အတိုင်း လုပ်ဆောင်ပေးကြလေ၏။ ပုဏ္ဏားကြီးသည် ကိုယ်ခန္ဓာ သန့်ရှင်းစင်ကြယ်ပြီးပြီဖြစ်၍ ကြုံကြိုက်သော နက္ခတ်အရ မန္တရားကို ရွတ်ဆို မန်းမှုတ်လိုက်ပြီး ကောင်းကင်သို့ ကြည့်လိုက်၏။ ထိုစဉ်မှာပင် ကောင်းကင်မှ ရတနာမိုးတို့သည် တဖွဲဖွဲနှင့် ရွာသွန်းကြချကုန်၏။ ခိုးသားတို့လည်း ရတနာပစ္စည်းများကို ဝမ်းသာအားရ ကောက်ယူထုပ်ပိုးလျက် ထွက်ခွာသွားကြလေ၏။ အနောင်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့မှလွတ်သော ပုဏ္ဏားကြီးလည်း တပည့်အလာကို မစောင့်ဘဲ ခိုးသားတို့ သွားရာနောက်သို့ပင် လိုက်ခဲ့လေ၏။

ထိုအခိုက် တောစပ်တစ်နေရာသို့ ရောက်သည်ရှိသော လက်နက်အပြည့်အစုံနှင့် ခိုးသားငါးရာတို့သည့် ဥစ္စာတို့ သယ်ဆောင်လာသော ခိုးသားငါးရာတို့အား ဝိုင်းဝန်းဖမ်းဆီးလိုက်ကြလေ၏။ ထိုအခါ အဖမ်းခံရသော ခိုးသားငါးရာတို့က ဖမ်းဆီးသော ခိုးသားငါးရာတို့အား...

"အချင်းတို့၊ သင်တို့သည် မည့်သည့်အကြောင်းကြောင့် ကျွန်ုပ်တို့အား ဖမ်းဆီးရပါသနည်း"

ဟု မေးလေ၏။ 'ဥစ္စာပစ္စည်းကို အလိုရှိ၍ ဖမ်းဆီးကြောင်း' သိရလေသောအခါ...

"အချင်းတို့၊ ဥစ္စာကို အလိုရှိလျှင် ကျွန်ုပ်တို့ကို မဖမ်းကြပါနှင့်။ ကျွန်ုပ်တို့၏နောက်၌ လိုက်ပါလာသော ပုဏ္ဏားကြီးကိုသာလျှင် ဖမ်းကြပါလော့။ ဤပုဏ္ဏားကြီးကား မန္တရားကို မှုတ်၍ ကောင်းကင်ကို ကြည့်လိုက်သည်နှင့် ကောင်းကင်မှ ရတနာမိုးများ ရွာသွန်းသော အတတ်ကို တတ်မြောက်သူ ဖြစ်ပါ၏။ ယခု ကျွန်ုပ်တို့ သယ်ဆောင်လာသော ပစ္စည်းဥစ္စာ ရတနာများမှာ ဤပုဏ္ဏားကြီး၏ မန္တရားအစွမ်းကြောင့် ဖြစ်ပါ၏"

ဟူ၍ ဆိုလေသော် ဥစ္စာတို့ ယူဆောင်လာသော ခိုးသားတို့အား ပြန်လွှတ်လိုက်ပြီး ပုဏ္ဏားကြီးကို ဖမ်းဆီးလျက် ရတနာမိုးတို့အား ရွာသွန်းခိုင်းလေ၏။ ပုဏ္ဏားကြီးလည်း...

www.burmeseclassic.com

www.burmeseclassic.com



"အမောင်တို့၊ ရတနာမိုးကို ရွာစေနိုင်သည့်ဆိုခြင်းမှာ မှန်ပါ၏။ သို့ရာတွင် ယခုအခါ နက္ခတ်မကြုံကြိုက်ပါ။ တစ်နှစ်လည်မှသာလျှင် တစ်ခါကြုံကြိုက်ပါ၏။ သည့်အတွက် တစ်နှစ်တော့ စောင့်ပါ"

ဟု ဆိုလေသော်၊ ခိုးသားတို့လည်း အမျက်ဒေါသခြောင်းခြောင်းထွက်လျက်...

"ဟယ်... ပုဏ္ဏားပျက်၊ သင်သည် တစ်ပါးသော ခိုးသားများအတွက်မူ ရတနာမိုးများကို ရွာသွန်းပေး၏။ ငါတို့အတွက်ကိုမူ တစ်နှစ်တိတိပင် စောင့်ခိုင်းရလေသလော"

ဟုဆိုကာ သန်လျက်ဖြင့် ပိုင်းဖြတ်ပစ်လိုက်လေ၏။ ထို့နောက် လွှတ်ပေးလိုက်သော ဥစ္စာသည် ခိုးသားတို့ထံလိုက်ကာ သတ်ဖြတ် လုယက်ကြကုန်၏။ အုပ်စုနှစ်စုစီခွဲလျက် လုယက်သတ်ဖြတ်ကြရာ နောက်ဆုံး၌ ဥစ္စာရတနာပစ္စည်းများနှင့်အတူ ခိုးသားနှစ်ဦးသာ ကျန်လေတော့၏။ ၎င်းတို့နှစ်ဦးသည် ဥစ္စာထုပ်ကြီးအား ဝါးလုံးတွင်လျှို၍ နှစ်ဦးသား ရှေ့နောက်ထမ်းလျက် ရွာတစ်ရွာအနီးသို့ ရောက်လေသော် ဥစ္စာထုပ်အား ချုံတစ်ချုံတွင်း ဖွက်လိုက်၏။

ဤတွင် တစ်ယောက်က အစားအသောက်အတွက် ရွာအတွင်းသို့ ဝင်သွား၍ ကျန်တစ်ယောက်က ဥစ္စာကို သန်လျက်ကိုင်၍ စောင့်လေ၏။ ထမင်းထုပ် ရှာလာသောသူသည်...

"ဥစ္စာစောင့်သူကို ခွဲဝေပေးရလျှင် ငါ့အဖို့ နည်းချေ

www.burmeseclassic.com

www.burmeseclassic.com



မည်။ အားလုံး ပိုင်ဆိုင်ရလေအောင် သင်းစားမည့် ထမင်း ထုပ်၌ အဆိပ်ခတ်ရမည်"

ဟု ကြံရွယ်ပြီး အဆိပ်များ ခတ်လာခဲ့လေ၏။ ဤတွင် ချုံအနီး ဥစ္စာစောင့်နေသူကလည်း...

"ထမင်းထုပ်ယူလာသူအား ဤဥစ္စာများအနက်မှ တစ်ဝက်ခွဲပေးရလျှင် ငါ့အတွက် လျော့နည်းပေလိမ့်မည်။ သို့ဖြစ်၍ ၎င်းရောက်လာသည်နှင့် ရှင်းလင်းသုတ်သင်ပစ်အံ့"

ဟု ကြံစည်ကာ အသင့်စောင့်နေလေ၏။ ထမင်းထုပ်ဆောင်လာသူရောက်လျှင် ဥစ္စာစောင့်နေသူလည်း လျင်မြန် သွက်လက်စွာ သန်လျက်ဖြင့် ပိုင်းလေ၏။ သေသည်ရှိသော် ထမင်းထုပ်ကို ဖြည်၍ စားလေ၏။ ထိုအခါ အဆိပ်မိပြီး လဲကျသေဆုံးလေတော့၏။

ဆရာဖြစ်သူကိုရှေးရန်အတွက် ဥစ္စာရှာထွက်သွားသော ပုဏ္ဏားလုလင်သည် တစ်ရက်၊ နှစ်ရက်အတွင်းမှာပင် ဆရာ တပည့် အဖမ်းခံရသော တောအုပ်သို့ ရောက်လေ၏။ ရှေ့ဆက်၍ ခြေရာတို့ကိုကြည့်ပြီး ရှာဖွေသော် ဆရာပုဏ္ဏားကြီးကို မမြင်ဘဲ ပြန့်ကြဲနေသော ဥစ္စာတို့ကို တွေ့ရ၏။ ထိုမှတစ်ဖန် ခိုးသားတို့၏ အလောင်းများ၊ ထို့နောက် အလင်းများကြားမှ အသက်နှင့်ခန္ဓာ အိုးစားကွဲနေသော ဆရာပုဏ္ဏားကြီး၏ အလောင်း။ ထိုအခါ တပည့်ပုဏ္ဏားလုလင်လည်း...

"ငါ၏ဆရာ ပုဏ္ဏားကြီးကား ငါ့စကားကို နားမထောင်လွန်စွာ ဆုံးမရခက်လေခြင်း"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ယုံကျုံးမရဖြစ်ကာ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီး အစဉ်အတိုင်းသွားပြန်ရာ ခိုးသားတို့၏ အလောင်း မှစ၍ ရွာတစ်ရွာအနီး ချုံစပ်တစ်ခု၌ ဥစ္စာရတနာထုပ်နှင့်အတူ လဲကျသေဆုံးနေသော ခိုးသားနှစ်ဦးကိုပါ တွေ့မြင်လိုက်ရ၏။ ထိုအခါ တပည့်ပုဏ္ဏားလည်း ဥစ္စာအတွက်နှင့် အသက်ဆုံးရှုံး ခဲ့ကြရသော ဆရာပုဏ္ဏားကြီးနှင့်တကွ ခိုးသားအပေါင်းတို့ကို သက်သေပြုကာ သတိသံဝေဂကြီးစွာရလျက်...

"ငါ၏ဆရာပုဏ္ဏားကြီးကား အရာဌာန၊ ဟုတ်သည်၊ မဟုတ်သည်။ အကြောင်းဟုတ်သည်၊ မဟုတ်သည်။ အချိန်ကာလ ရောက်သည်၊ မရောက်သည်ကို မစဉ်းစား မဆင်ခြင်ဘဲ ရတနာမိုးကို သွန်းဖြိုးစေသည့်အတွက် ခိုးသားတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရလေပြီ။

ခိုးသားတို့မှာလည်း ဥစ္စာကို မှီ၍ဖြစ်သော လောဘ အား မသိမ်းဆည်းနိုင်ကြသည့်အတွက် အချင်းချင်း သတ်ဖြတ်၍ အသက်များ ဆုံးပါးကုန်ကြပြီ။ လောက၌ အကျိုး စီးပွားကို လိုလားကြသူတို့မှာ ဝေဒဗ္ဗပုဏ္ဏားကြီးကဲ့သို့ မဖြစ် စေဘဲ အရာဌာန၊ အချိန်ကာလကို စဉ်းစားနိုင်းချိန်ကာ အားထုတ်ပြုလုပ်ကြရ၏"

ဟူ၍ တောအထပ်ထပ် ပဲ့တင်စေလျက် သာယာသောအသံ ဖြင့် တရားဟောလေ၏။ တောစောင့်နတ်၊ တောင်စောင့်နတ် အပေါင်းမှာ လည်းကောင်း ချီးပေးကြ၏။

ထို့နောက် ခိုးသူတို့နှင့်မထိုက်ဘဲ အကြောင်းအားလျော်

www.burmeseclassic.com

www.burmeseclassic.com



စွာ ပုံသဏ္ဍာသဖွယ် စင်ကြယ်စွာ ရအပ်သော ဥစ္စာထုပ်ကို ယူ ဆောင်လျက် နေရပ်သို့ ပြန်ခဲ့၏။ အလှူဒါန၊ ကောင်းမှုကုသိုလ် များ ပြုလုပ်ရင်းဖြင့် အသက်ထက်ဆုံး နေထိုင်သွားလေသတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ် တန်သော ဝတ္ထုတို့အား အနုသန္ဓေ ဆက်စပ်လျက် ရဟန်း အပေါင်းအား…

"ရဟန်းတို့၊ ထိုစဉ်အခါက ဝေဒဗ္ဗပုဏ္ဏားကြီးသည် ယခုအခါ ဆုံးမရခက်ခဲသော ရဟန်းဖြစ်လာ၏။

တပည့်ပုဏ္ဏားသည်ကား ငါဘုရားရှင် ဖြစ်လာလေ ၏"


ဟူ၍ မိန့်ကာ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၄၉။ နက္ခတ္တဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၄၉]

# နက္ခတ္တဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဂေါတမ ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စံမွာယ်သီတင်းသုံးနေစဉ် သာဝတ္ထိပြည်နေ သတို့သမီး မိဘများထံ ဇနပုဒ်နေ သတို့သား မိဘများ လာရောက်၍ မိမိတို့သားနှင့် ထိမ်းမြားလက်ထပ်ရန် နေ့ရက်ချိန်းဆိုပြီး ပြန်သွားကြကုန်၏။

ချိန်းဆို သတ်မှတ်သည့် နေ့ရက်သို့ ရောက်လေသော် သတို့သား မိဘတို့သည် ၎င်းတို့၏ဆရာ အာဇီဝကထံ သွားရောက်၍…

"အရှင်၊ ဤယနေ့ကား သတို့သားအတွက် ထိမ်းမြားလက်ထပ်မင်္ဂလာပြုလုပ်ရန် နေ့ကောင်း ရက်မြတ် ဟုတ်ပါသလော"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းကြလေ၏။ ဆရာအာဇီဝကလည်း ၎င်းအား ရှေးဦးစွာ တိုင်ပင်ပြောကြားခြင်းမရှိဘဲ ၎င်းတို့ဘာသာ နေ့၊ ရက် သတ်မှတ်ပြီးကာမှ ယခုကျမှ လာပြောလေခြင်းဟူ၍ အမျက် ထွက်ကာ မင်္ဂလာပွဲပျက်ပြားရန် ကြံစည်လျက်...

"ယနေ့ကား နက္ခတ်ကောင်းသည့်နေ့ မဟုတ်။ မည် သည့် မင်္ဂလာမှု မပြုသင့်၊ မပြုထိုက်။ ပြုလုပ်ပါက အကြီး အကျယ် ပျက်စီးရလိမ့်မည်"

ဟူ၍ ဟောလေ၏။ သတို့သားမိဘတို့လည်း ဆရာဖြစ်သူ အာဇီဝက၏စကားကို ယုံကြည်လျက် သတို့သမီး မိဘများထံ မသွားဘဲ မနက်ဖြန်မှ သွားမည်ဟု ဆုံးဖြတ်လိုက်လေ၏။

ထိုအချိန်တွင် သတို့သမီးမိသားစုမှာ မင်္ဂလာအခမ်းအနား၌ ဇနပုဒ်နေ သတို့သား မိသားစုတို့အလာကို မျှော်ပါသော် လည်း အချိန်မီ ရောက်မလာသဖြင့် မင်္ဂလာပွဲ အပျက်မခံနိုင်ဘဲ အခြားသတို့သားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်လိုက်ကြ၏။

နောက်တစ်ရက်၌ ဇနပုဒ်သားတို့ လာကြလေသော် မင်္ဂလာ ပွဲကား ပြီးနှင့်လေပြီ။ ထိုအခါ သာဝတ္ထိပြည်သားတို့က ဇနပုဒ် သားတို့အား...

"သင်တို့ကား ကတိစကားမတည်ကြကုန်။ ကိုယ်တိုင် နေ့ရက် သတ်မှတ်ကြပြီး မထီမဲ့မြင်ပြုကာ ရောက်မလာ ကြသည့် သူယုတ်မာများ ဖြစ်ကြ၏။ သင်တို့ ရောက်မလာ သည့်အတွက် သတို့သမီးအား အခြားသတို့သား တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့် လက်ထပ်ပေးပြီးခဲ့ပြီ။ သင်တို့ ပြန်ကြပါ ကုန်လော့"

ဟု ဆိုလေရာ၊ ဇနပုဒ်သားတို့လည်း သတို့သမီးကို မရသဖြင့် မကျေမနပ်ဖြစ်ကာ ပြန်ကြရလေ၏။ ဤ၌ ရဟန်းတို့လည်း အာဇီဝက၏ လူတို့၏ မင်္ဂလာအား ဖျက်ဆီးပုံအကြောင်းကို ပြောဆိုကြရာ ဘုရားရှင် ကြားသိတော်မူပြီး...

"ရဟန်းတို့၊ အာဇီဝကကား ယခုမှသာ အမျက်ထွက်၍ လူတို့၏ မင်္ဂလာကို ဖျက်ဆီးသည်မဟုတ်။ ရှေးအခါကလည်း ဖျက်ဆီးဖူးပြီ"

ဟု မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗာရာဏသီမြို့နေ သတို့သားမိဘတို့သည် ဇနပုဒ်နေ သတို့သမီးမိဘများထံ သွားရောက်ကာ မိဘတို့ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြားလက်ထပ်ရန် ကြောင်းလမ်းပြောဆိုပြီး မင်္ဂလာအခမ်းအနားပြုလုပ်မည့်နေ့ရက်အား သေချာစွာ ချိန်းဆိုသတ်မှတ်လျက် ပြန်ခဲ့လေ၏။

မင်္ဂလာဧည့်ခံပွဲ ကျင်းပမည့်နေ့ရက်သို့ ရောက်သည်ရှိသော် မြို့နေ သတို့သားမိဘတို့သည် ၎င်းတို့ဆရာ အာဇီဝကအား...

"အရှင်ဘုရား၊ တပည့်တော်တို့၏ သတို့သားအတွက် ယနေ့ပင် ထိမ်းမြားလက်ထပ်မင်္ဂလာပြုလုပ်ပါမည်။ နက္ခတ်ကောင်းပါ၏လော"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းကြကုန်၏။ ဤတွင် အာဇီဝကလည်း ၎င်းအား ဦးစွာ လာရောက်တိုင်ပင်ခြင်းမရှိ၊ ကိုယ့်သဘောနှင့်ကိုယ် လုပ်လာခဲ့ပြီး ယခုမှ ၎င်းထံ လာခဲ့သည်ဟူ၍ အမျက်ထွက်ကာ မင်္ဂလာပွဲ ပျက်ပြားစေလိုသောအကြံဖြင့်...

"ဒါယကာတို့ ဤနေ့ကား နက္ခတ်မကောင်း။ မည်သည့် မင်္ဂလာကို ပြုသည်ဖြစ်စေ ပြုသူတို့အဖို့ ပျက်စီးဆုံးရှုံးရမည်တည်း"

ဟူ၍ ပြောဆိုလိုက်လေ၏။ မြို့နေ သတို့သားမိဘတို့လည်း ဆရာအာဇီဝက၏ စကားကို ယုံကြည်သဖြင့် မနက်ဖြန်မှသာ ဇနပုဒ်သို့ သွားကြမည်ဟု ပြောင်းရွှေ့လိုက်ကြသည်။ ဇနပုဒ်နေ သတို့သမီး မိသားစုမှာကား ပြင်ဆင်ထားသော မင်္ဂလာအခမ်းအနား၌ မြို့နေ သတို့သားမိသားစုကို စောင့်မျှော်နေလေ၏။ သို့ရာတွင် အချိန်မီ ရောက်လာခြင်းမရှိ၍ အခြားသော သတို့သားတစ်ဦးနှင့် မင်္ဂလာပွဲ အထမြောက်အောင် ကျင်းပလိုက်ရလေ၏။

နောက်တစ်နေ့ရောက်လေသော် မြို့နေ သတို့သားမိဘတို့ ဇနပုဒ်သို့ ရောက်ရှိလာကြ၏။ ဤတွင် ဇနပုဒ်သားတို့သည် မြို့သားတို့အား...

"မြို့သားတို့၊ သင်တို့ကား အရှက်မရှိကြ၊ စကားကတိလည်း မတည်ကြ။ ငါတို့အား မလေးမခန့်ပြုကြ၏။ အလွန်ယုတ်မာကြ၏။ ကိုယ်တိုင် နေ့ရက်အတိအကျ ချိန်းဆိုပါသော်ငြား ရောက်မလာကြ။ သင်တို့ မလာသည့်အတွက် ငါတို့အနေဖြင့် အရှက်ကွဲမခံနိုင်သဖြင့် အခြား

www.burmeseclassic.com

www.burmeseclassic.com



သင့်လျော်ရာ သတို့သားနှင့် လက်ထပ်ပေးလိုက်ရ၏။ အသင်တို့ ပြန်ကြပါကုန်လော့"

ဟု ပြောလေ၏။ မြို့သားတို့လည်း ၎င်းတို့၏ဆရာ အာဇီဝကက နက္ခတ်မကောင်းဟု ဆိုသဖြင့် မလာရောက်ခြင်းဖြစ်ကြောင်း ပြောဆိုလျက် အငြင်းပွားနေကြစဉ် ပညာရှိပုဂ္ဂိုလ် တစ်ဦးရောက်လာပြီး...

"အမောင်တို့၊ ကောင်းကင်ရှိ နက္ခတ်တို့ကား မည်သည့် အကျိုးရှိပါဘိသနည်း။ နက္ခတ်ကောင်းကို စောင့်နေသည့် လူမိုက်မှာ သတို့သမီးရရှိရန် အကျိုးထူးမှ လွဲခဲ့ပြီ၊ လွန်ခဲ့ပြီ မဟုတ်ပါလော။ အကျိုးအလိုရှိသူမှာ လိုအပ်သော အကျိုးကိုရခြင်းသာ နက္ခတ်ကောင်းဖြစ်၏"

ဟု ပြောဆိုဆုံးမလေ၏။ မြို့သားတို့လည်း အာဇီဝကကို ယုံစားမိ၍ အကျိုးထူးမှ လွဲခဲ့ပြီး နောက်ကြောင်းပြန်လှည့်လာခဲ့ရလေသတည်း။

ဤသို့ ဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ် ဟောကြားတော်မူပြီးနောက်...

"ရဟန်းတို့၊ ထိုစဉ်အခါက အာဇီဝကသည် ယခုအခါလည်း အာဇီဝကပင် ဖြစ်လာ၏။ သာဝတ္ထိနေ အမျိုးသားသည် ဇနပုဒ်နေ အမျိုးသားဖြစ်လာ၏။ ပညာရှိပုဂ္ဂိုလ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ပေါင်းပါလေသတည်း။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ၅၀။ ဒုမ္မေဓဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၅၀]

## ဒုမ္မေဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်း၏ အရှင်သခင်ဖြစ်တော်မူသော ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေခိုက် ရဟန်းတို့သည် တရားသဘင်၌ 'ငါတို့၏ ဘုရားရှင်ကား သတ္တလောက၏ အကျိုးစီးပွားကို ကျင့်တော်မူကြောင်း ပြောဆိုနေကြလေ၏။

ထိုစကားကြောင်းခြင်းရာကို ဘုရားရှင် ကြားသိတော်မူသောအခါ...

"ရဟန်းတို့၊ ယခုအခါ ငါဘုရားရှင်သည် သတ္တလောက၏ အကျိုးစီးပွားကို ကျင့်သည်မှာ အံ့ဖွယ်မဟုတ်သေး၊၊ ရှေ့နစဉ်အခါကလည်း ကျင့်တော်မူခဲ့ဖူးပြီ"

ဟူ၍ မိန့်က အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



လွန်လေပြီးသောကာလ သမယ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုမင်း၏ မိဖုရားကြီး၌ ဗြဟ္မဒတ်ဟူ၍ပင် အမည်ရှိလေသော သားတော်တစ်ပါး ရှိလေ၏။ ထိုသားတော် အသက်တစ်ဆယ့် ခြောက်နှစ်ရှိသောအခါ တက္ကသိုလ်ပြည်သို့ စေလွှတ်၍ ပညာ သင်ကြားစေခဲ့၏။ သားတော်လည်း အဌာရသ တစ်ဆယ့်ရှစ်ရပ် သော ပညာတို့အား ကျွမ်းကျင်စွာ တတ်မြောက်ပြီးလေသော် မယ်တော်၊ ခမည်းတော်တို့ထံ ပြန်လာခဲ့လေ၏။ ဖခမည်းတော် မင်းကြီးက သားတော်အား အိမ်ရှေ့မင်းအရာထား၍ မြှောက် စား ချီးမြှင့်လေ၏။

ထိုစဉ်ကာလ၌ ဗာရာဏသီမြို့ရှိ လူအပေါင်းတို့သည် နတ် ကို ယုံကြည်ကိုးကွယ်ကြ၏။ ရှိခိုးပူဇော်ကြကုန်၏။ ပန်းနံ့သာ တို့ဖြင့် လည်းကောင်း၊ ဆိတ်၊ ကြက်၊ ဝက်၊ ငှက် စသည်တို့ ကို သတ်ဖြတ်ပြီး အသွေးအသားတို့ဖြင့် လည်းကောင်း ပူဇော် ကြကုန်၏။ အိမ်ရှေ့မင်းလည်း...

> "ယခုအခါတွင် လူတို့သည် နတ်ကို ကိုးကွယ်နေကြ၏။ သတ္တဝါတို့ကို သတ်ဖြတ်ကာ မတရားပြုမူကုန်ကြ၏။ အကယ်တန္တု ဖခမည်းတော်မင်းကြီး နတ်ရွာစံ၍ ငါသာ မင်းစေရာဇ်ဖြစ်ဘိမူ သတ္တဝါတို့ မသေကြေရ အောင် ယဇ်ပူဇော်မှုကို တားမြစ်မည်"

ဟူ၍ အကြံဖြစ်ပေါ်လေ၏။ တစ်နေ့သ၌ အိမ်ရှေ့မင်း လည်း ရထားကိုစီး၍ မြို့ပြင်သို့ ထွက်လေသည်ရှိသော် ပညောင်

www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီး တစ်ပင်၌ လူအချို့သည် စုရုံးကာ အလိုရှိရာဆုများ တောင်းနေသည်နှင့် တွေ့ကြုံရ၏။ အိမ်ရှေ့မင်းလည်း ရထား ပေါ်မှ ဆင်းသက်၍ ပညောင်ပင်ရင်းသို့ ကပ်ပြီးလျှင် နံ့သာ၊ ပန်းတို့ဖြင့် ပူဇော်ကာ ရေသွန်းလောင်းလျက် လက်ျာရစ်လှည့် ၏။ နတ်ကို ယုံကြည်စွာ ပူဇော်နေသည့်သဏ္ဌာန်ပြု၏။ မကြာ ခဏလည်း ပညောင်ပင်ကြီးထံ ရောက်၏။ သို့ဖြင့် ဖခမည်း တော်မင်းကြီး နတ်ရွာစံသောအခါ မင်းအဖြစ်သို့ ရောက်လာခဲ့ ၏။ အဂတိလေးပါး မလိုက်စားဘဲ တိုင်းသူပြည်သားတို့အား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်လေ၏။

တစ်နေ့သ၌ မင်းကြီးသည်...

BURMESE CLASSIC

"ငါကား မင်းအဖြစ်သို့ ရောက်ရှိခဲ့ပေပြီ။ ငါ အိမ်ရှေ့ မင်းသားဖြစ်စဉ်က ရှိခဲ့သည့်အကြံကို ယခုပင် အကောင် အထည်ဖော်ရမည်"

ဟုဆိုကာ အမတ်၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ် စသည်တို့ကို စည်းဝေးစေ၏။ ပြီးလျှင်...

"အချင်းတို့၊ ငါသည် အဘယ့်ကြောင့် မင်းအဖြစ်ကို ရခဲ့ကြောင်း သိပါ၏လော"

ဟု မေးမြန်း၏။ မသိပါဟု လျှောက်ထားကြလေသော်...

"ငါသည် အိမ်ရှေ့မင်းဖြစ်စဉ်က ဤမည်သော ပညောင်ပင်ကြီးဝယ် နံ့သာပန်းတို့ဖြင့် ရှိခိုးသည်ကို မြင် ဖူးကြပါ၏လော"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေးလေ၏။ မြင်ဖူးကြပါ၏ဟု တင်လျှောက်ကြလေသော်...

"ငါသည် အဆိုပါနတ်မင်း၏ အာနုဘော်ဖြင့် မင်းအဖြစ်ကို ရခဲ့ပါက အသင်နတ်မင်းကို ပူဇော်ပါမည်ဟု ဝန်ခံထားခဲ့ရာ ယခုမူ အသင်နတ်မင်း၏ အာနုဘော်ဖြင့် မင်းအဖြစ်ကို ရရှိခဲ့ပေပြီ။ သို့အတွက် နတ်မင်းအား ပူဇော်ရပေမည်။ သို့ဖြစ်ပေရာ သင်တို့သည် ပူဇော်ဖွယ်ရာတို့ကို အမြန်ပင် စီရင်ကြကုန်လော့"

ဟူ၍ မိန့်ဆိုလိုက်လေ၏။ ထိုအခါ အမတ်၊ ပုဏ္ဏား စသူတို့လည်း မင်းကြီးအား...

"အရှင်မင်းကြီး၊ နတ်မင်းကို ပူဇော်ရန်အတွက် အကျွန်ုပ်တို့ မည်သို့ စီရင်ရပါမည်နည်း"

ဟု လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက...

"အချင်းတို့၊ ငါသည် အိမ်ရှေ့မင်းသားဖြစ်စဉ် ငါ၏ နိုင်ငံဝယ် ငါးပါးသီလကို မစောင့်သောသူ၊ ဒုစရိုက်ဆယ်ပါးကို ပြုသောသူတို့ကို သတ်၍ အူသိမ်၊ အူမ၊ အသား၊ အသွေး၊ နှလုံးတို့ဖြင့် ပူဇော်ပါမည်ဟု ဝန်ခံထားရှိခဲ့ပါ၏။

သို့အတွက် ဝန်ခံထားခဲ့သည့်အတိုင်း ပူဇော်ရန် တိုင်းသူ ပြည်သားတို့အား ထိုအကြောင်းကိုသိအောင် စည်လည်ကြစေကုန်လော့"

ဟူ၍ အမိန့်ပေးလေ၏။ ထိုအခါ အမတ်အပေါင်းတို့လည်း မင်းကြီး၏အမိန့်တော်အတိုင်း တစ်ဆယ့်ယူဇနာ ကျယ်ဝန်းသော ဗာရာဏသီမြို့ကြီးကို လှည့်လည်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"အချင်းတို့၊ ဗြဟ္မဒတ်မင်းကြီး၏ တိုင်းနိုင်ငံ၌ ငါးပါးသီလ မစောင့်သောသူ၊ ဒုစရိုက်ဆယ်ပါးကို ပြုကျင့်သောသူ၊ အားလုံးသော သူပေါင်းတစ်ထောင်အား သတ်ဖြတ်ကာ ၎င်းတို့၏ အူသိမ်၊ အူမ၊ အသား၊ အသွေး၊ နှလုံးတို့ဖြင့် ပသောင်ပင်စောင့်နတ်အား ပူဇော်ရလိမ့်မည်"

ဟူ၍ စည်လှည့် ကြေညာလေ၏။

ထိုစည်လှည့်သံကို ကြားရသည်ရှိသော် တိုင်းသူပြည်သားအပေါင်းတို့သည် ငါးပါးသီလကို မဖောက်ဖျက်ရဲတော့။ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်လာကြကုန်၏။ ကောင်းမှုကုသိုလ်ကိုသာ အားထုတ်လာကြတော့၏။

ဤသို့ဖြင့် ဗြဟ္မဒတ်မင်း၏ ဥပါယ်တံမျဉ် ပရိယာယ်ဉာဏ်ကြောင့် ဗာရာဏသီတစ်ဝန်းလုံး သူတော်ကောင်းတရားတို့လွှမ်းမိုးကာ အသက်ထက်ဆုံး နေသွားကြရပြီး သေလွန်သည်ရှိကောင်းရာသုဂတိသို့ လားကြလေကုန်သတည်း။

ဤကဲ့သို့ ဂေါတမဘုရားရှင်လည်း အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်လျက် တရားနာရဟန်းပရိသတ်တို့အား...

"ရဟန်းတို့၊ ထိုစဉ်အခါက မင်းပရိသတ်သည် ယခုဘုရားရှင်၏ ပရိသတ်ဖြစ်လာ၍ ဗြဟ္မဒတ်မင်းသည်ကား ယခု ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသတည်း။

❑ ❑ ❑

www.burmeseclassic.com